***သားရဲလေ့ကျင့်သူ***

***စာစဥ် ၂ (အပိုင်း ၁၇-၃၂အထိ)***

***ဘာသာပြန်သူ - BlackPearl Translation***

စာစဉ် ၂

## *အခန်း ၁၇ ယင်ခါတ်လူဝံ*

စင်မြင့်ပေါ်တွင်တော့ ပရိဂျက်တာမှနေပြီး ရုပ်ပုံများ တစ်ပုံပြီးတစ်ပုံပြသလို့နေခဲ့သည်။

"အမ်? ဒီလောက်မြန်မြန်ကြီးစနေပြီလား?" အချို့လူများမှာ တုန့်ပြန်ဖို့ရန်ပင် အချိန်မမှီဖြစ်နေကာ အရမ်းမြန်မြန်စလိုက်သည်ဟု ထင်နေကြသည်။

ပုံရိပ်များတွင် စိမ်းပြာရောင်လှိုင်းများကိုပြသနေကာ မျက်စိတစ်ဆုံးမြင်ကျယ်ပြောလှသည့် တည်ငြိမ်လှသည့် သမုဒ္ဒရာမျက်နှာပြင်ပေါ်တွင် တည်ရှိနေခြင်းဖြစ်သည်။ ရုတ်တရက် လေပြင်းတစ်ချက်တိုက်သွားသည့်အခါတွင်တော့ လှိုင်းလုံးကြီးတစ်လုံးဖြစ်ပေါ်လာတော့သည်။

## စာစဉ် ၂

နှင်းဖြူရောင်ကျောပြင်ရှိသည့် သက်ရှိတစ်ကောင်က သမုဒ္ဒရာမျက်နှာပြင်ပေါ်တွင် ခဏခဏပေါ်လိုက်ပျောက်လိုက်ဖြစ်နေခဲ့သည်။

ထို့နောက်တွင်တော့ မြင်ကွင်းက ရေအောက်ရှိသတ္တဝါများဆီသို့ လိုက်သွားတော့သည်။ ရေထဲတွင် ကြီးမားလှသည့် ခန္ဓာကိုယ်ရှိကြီးတစ်ခုက ကြမ်းကြမ်းတမ်းတမ်း လှည့်ပတ်ကူးခတ်နေသည်ကို မြင်လိုက်ရသည်။

ထိုပုံရိပ်က ကင်မရာရှိနေသည်ကို သတိထားမိသွားကာ စူးစမ်းလိုဟန်ဖြင့် ကင်မရာနားသို့ လှည့်ပတ်ကူးခတ်ကြည့်နေတော့သည်။

ကင်မရာကို လှည့်ပတ်နေစဉ်မှာပဲ ထိုရေသတ္တဝါ၏အသွင်အပြင်မှာ ရှင်းလင်းလာခဲ့သည်။ ၎င်းသည် လင်းပိုင်နှင့်ဆင်တူပေသည်။ ရေထဲတွင် ၎င်းဘယ်လောက်ကြီးကြောင်း

## စာစဉ် ၂

ရည်ညွှန်းဖော်ပြရန်အသုံးပြုသည့်အရာမရှိတာကြောင့် ခန့်မှန်းရုံသာခန့်မှန်းနိုင်မည်။ သို့သော် ၎င်းကို တစ်ချက်ကြည့်လိုက်ရုံဖြင့် ၁၈–၂၀မီတာအထိ ရှည်လျားကြောင်းကိုတော့ အလွယ်တကူသိနိုင်ပေသည်။

နောက်ဆုံးတွင် ၎င်း၏ခေါင်းကို ကင်မရာဘက် မတိုးလာမီ 'ချီ~ချီ'ဟူသည့် အသံများအဆက်မပြတ်ထုတ်လွှတ်လို့နေသည်။ ၎င်းတွင် ရှည်လျား၊ ချွန်ထက်သည့် နှုတ်သီးရှိကာ ဝန်ထမ်းဘက်သို့ တွန်းထိုးနေဟန်ပေါ်သည်။ ထို့နောက် အသံတစ်ခုနှင့်အတူ ပရိုဂျက်တာ မျက်နှာပြင်က အနက်ရောင်သို့ပြန်ပြောင်းသွားခဲ့သည်။

စာမေးပွဲခန်းစောင့်က ချောင်းတစ်ချက်ဟန့်လိုက်ကာ ပြန်လည်စကားပြောလာခဲ့သည်။

"ကောင်းပြီ၊ ဒါကတော့ ပထမဆုံးဗီဒီယိုပဲ။ မင်းတို့အားလုံးအတွက် စဉ်းစားဖို့နဲ့ အဖြေကို ချရေးဖို့ ၁၅မိနစ်အချိန်ရတယ်။

## စာစဉ် ၂

ဗီဒီယိုထဲမှာတွေ့ခဲ့ရတဲ့ သားရဲနဲ့ပတ်သတ်တဲ့ ထူးခြားတဲ့ဝိသေသလက္ခဏာတွေ သွင်ပြင်တွေအကြောင်း မင်းတို့လေ့လာတွေ့ရှိသလောက် ချရေးပါ။”

အောက်ဘက်ရှိ ဖြေဆိုသူအားလုံးကတော့ အံ့ဩတကြီးဖြစ်နေသည့် အမူအရာများဖြင့် ကြောင်ကြည့်နေကြတော့သည်။ ဒါဘာလဲ? ဒီသားရဲက ဘယ်ကဟာကြီးလဲ? မျိုးစိတ်အသစ်ကြီးမဟုတ်လား? ဒါကနေ ငါတို့က ဘာတွေလေ့လာတွေ့ရှိရမှာလဲ?!

သို့ပေမည့် ကောင်းဖန်အတွက်ကတော့ သူ့မျက်စိရှေ့တွင် ကွဲပြားခြားနားသည့် ပုံရိပ်တစ်ခု ထွက်ပေါ်နေခဲ့ပေသည်။

[မကောင်းဆိုးဝါးအမည်] : လေမုန်တိုင်းလင်းပိုင်

[မကောင်းဆိုးဝါး၏ကြိုက်နှစ်သက်မှု] : ၁၊ အေးအေးဆေးဆေး ပေါ့ပါးသည့်တေးဂီတမျိုးနားထောင်ရခြင်းကို နှစ်သက်သည်။ ၂၊

စာစဉ် ၂

နေပူဆာလှုံခြင်းကို နှစ်သက်သည်။ ၃၊

ကင်းမွန်နှင့်ပုစွန်အမျိုးမျိုးစားရခြင်းကို နှစ်သက်သည်။

[မကောင်းဆိုးဝါးအားနည်းချက်] : ၁၊ အမှောင်တိုက်ခိုက်မှုပုံစံကို ကြောက်ရွံ့ခြင်း။ ၂၊ အသံလှိုင်းထုတ်လွှင့်မှုကို မုန်းတီးခြင်း။(သားရဲကို အနှောက်အယှက်ဖြစ်နေစေနိုင်သည်။)

အကြောင်းအရာများမှာ ပုံမှန်အခြေအနေများနှင့် ကွဲပြားခြားနားပေသည်။ ကြည့်ရတာ အချက်အလက်များသည် မြင်ရသည့်ပုံစံအတိအကျရှိခြင်းမရှိခြင်းအပေါ် မူတည်ပုံရပေသည်။

ကောင်းဖန် သူ့အားသာချက်နှင့်ပတ်သတ်၍ စိတ်မကောင်းဖြစ်စရာအကြောင်း မတွေ့ရှိခဲ့ပေ။ ပြီးနောက် သူ၏ထူးခြားလှပါသည့် ကိုယ်ပိုင်စွမ်းရည်ဖြင့် အဖြေများကို အပြစ်ရှိစိတ်လုံးဝမခံစားရပါဘဲနှင့် ချရေးတော့သည်။ ဒါကခိုးချတယ်လို့ ထင်ရပေမည့် ပြင်ပမှ မည်သည့်အကူအညီကိုမှ

စာစဉ် ၂

အားကိုးထားခြင်းမရှိတာကြောင့်

စိတ်မကောင်းဖြစ်စရာအကြောင်းမရှိပေ။

ထို့နောက်တွင်တော့

နောက်ထပ်ဗီဒီယိုအတိုလေး၄ပုဒ်ပြသလာခဲ့ကာ အားလုံးတွင်

အရင်တုန်းက ဘယ်သူမှ မမြင်တွေ့ခဲ့ဖူးသည့်

မျိုးစိတ်အသစ်များပါဝင်ပေသည်။ အားလုံးသည်

အခုလောလောလတ်လတ်လေးတင်မှ သိပ္ပံသုတေသနအဖွဲ့များက

ရှာဖွေ့တွေ့ရှိထားခဲ့သည့် မျိုးစိတ်အသစ်များပင်ဖြစ်သည်။

ဤစာမေးပွဲမေးခွန်းများသည် အရမ်းခက်ခဲပုံရပေမည့်

တကယ်တမ်း သားရဲများ၏ အမူအကျင့်နှင့် ဝိသေသလက္ခဏာများကို

နက်နက်ရှိုင်းရှိုင်းသဘောပေါက် နားလည်ထားပါက ဆင်တူသည့်

သားရဲများ၏အမူအကျင့်များမှနေပြီး ဝိသေသလက္ခဏာအချို့ကို

ထုတ်နှုတ်နိုင်ပေမည်။

## စာစဉ် ၂

ဥပမာအားဖြင့် လူဝံကဲ့သို့သော သားရဲများသည် တူညီသည့် ဝိသေသလက္ခဏများ ရှိကြပေသည်။ အမျိုးအစားမတူသည့် ပင့်ကူများပင်လျှင် သူတို့၏အမူအကျင့်များတွင် တူညီသည့်အချက်များရှိကြသည်။

တစ်နာရီခွဲကြာသည့် ရေးဖြေစာမေးပွဲသည် မြန်မြန်ဆန်ဆန်ပဲ ပြီးဆုံးသွားခဲ့ကာ အဖြေလွှာများကို ကောက်ယူတော့သည်။

အဖြေလွှာအားလုံးကို ဖတ်ဖို့ရန် အချိန်အတန်ပေးရမည်ဖြစ်ကာ နာရီဝက်ကြာပြီးနောက်တွင်တော့ အဖြေလွှာ၅၀၀လုံးကို ဖတ်ကာ အမှတ်ပေးပြီးသွားပေပြီ။

"အခု ဒုတိယအဆင့်ကို အောင်အောင်မြင်မြင် တက်ရောက်သွားနိုင်တဲ့ နာမည်တွေကို ကြေညာပါမယ်။" စာမေးပွဲအခန်းစောင့်က နာမည်စာရင်းကို ကြည့်လိုက်ရင်း၊ "ချန်ရှုယ်ချင်၊ ကျန်းစန်းလင်၊ ကောင်းဖန်၊...."

## စာစဉ် ၂

အောင်မြင်သူ စာရင်းအပြည့်အစုံကို အချိန်တိုအတွင်းတွင်ပဲ ကြေညာပြီးခဲ့သည်။ ကောင်းဖန်၏ညာဘက်တွင် ထိုင်သည့် စာမေးပွဲဘယ်လောက်ခက်ကြောင်းနှင့် သူဘယ်လိုမှမအောင်နိုင်ကြောင်း ညည်းညူနေခဲ့သည့် ခပ်ဝဝနှင့်လူသည်တော့ စိတ်သက်သာရသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချကာ၊

"ဟူး၊ တစ်နည်းနည်းနဲ့တော့ အောင်သွားပြီပဲ။"

သူက သူ့ဘယ်ဘက်ရှိ ကောင်းဖန်ဘက်သို့ လှည့်လာရင်း၊ "ကောင်လေး၊ ဒီတစ်ခေါက် စာမေးပွဲက တကယ်ကိုအရမ်းခက်တယ်။ ငါကတော့ ပထမအဆင့်ကို ကံကောင်းပြီးအောင်သွားပြီ။ ဘယ်သူသိနိုင်မှာလဲ ဒုတိယအဆင့်ကျရင် ငါချက်ချင်းအထုတ်ခံရလိုက်နိုင်တာပဲ။"

"အမ်၊" ကောင်းဖန် ခေါင်းညိတ်လိုက်ကာ၊ "ကျွန်တော်လဲ ကံကောင်းပြီး အောင်သွားခဲ့တယ်။"

## စာစဉ် ၂

“ဟမ်?” ထိုဖက်တီးအလွန်အံ့အားသင့်သွားခဲ့သည်။ ဒီကလေး တော်တော်ကံကောင်းတာပဲ၊ သူပြောချင်နေတဲ့ နှစ်သိမ့်စကားတွေအားလုံး ချက်ချင်းပင် ခါးခါးသီးသီးနှင့် ပြန်ရုတ်သိမ်းလိုက်ကာ သူ့ကိုယ်သူသာ နှစ်သိမ့်ဖို့တွေးလိုက်တော့သည်။

စာမေးပွဲစောင့်နောက်မှလိုက်ကာ ဒုတိယအဆင့်စာမေးပွဲဖြေဆိုရန်နေရာသို့ လိုက်လာခဲ့စဉ်တွင် မစ္စစ်လီသည်လဲ ပထမအဆင့်ကို အောင်မြင်ခဲ့ကြောင်း ကောင်းဖန်တွေ့လိုက်ရသည်။ ကောင်းပြီလေ၊ သူမက သုံးကြိမ်တောင် ဖြေခဲ့တဲ့သူပဲ။ အခုတော့ အတွေ့အကြုံဝါရင့်နေပြီဖြစ်တာကြောင့်ဟု ကောင်းဖန်တွေးလိုက်မိသည်။

သူမသိလိုက်သည်က မစ္စစ်လီ၏စိတ်ထဲတွင် အလွန်ထိတ်လန့်အံ့အားသင့်နေသည်ကိုပင်။ ဒီကောင်လေးက သူမသမီး၏အတန်းဖော်ဖြစ်ပြီး အခုမှအရွယ်ရောက်ရုံလေးလေ။ သူမလို

## စာစဉ် ၂

လူကြီးတစ်ယောက်ပင် ဒီစာမေးပွဲကြောင့် ချွေးအေးများထွက်ခဲ့ရသည်မဟုတ်လား။ ကြည့်ရတာ ထိုကောင်လေးကို သဘောကျသည့် တစ်ယောက်ယောက်က ပထမအဆင့်ကို အအောင်ပေးလိုက်ခြင်းဖြစ်လောက်ပေမည်။

စာအေးပွဲစောင့်နှင့်အတူ ခြံဝန်းကြီးတစ်ခုထဲသို့ ဝင်လာခဲ့ကာ ရတ်တရက်ဆိုသလို တောက်ပကာ ကျယ်ဝန်းသည့်နေရာသို့ ရောက်လာခဲ့သည်။ သူတို့၏အပေါ်တွင်တော့ သတ္တုအုတ်ခဲတန်းများက ကြီးမားသည့်သတ္တုအရိုးစုနှင့်တူပြီး ၎င်း၏အောက်တွင်တော့ ကြမ်းတမ်းကာ ရွှံ့ထူသည့် မြေကြီးရှိနေသည်။ စာမေးပွဲခန်းမကြီး၏ လေးဘက်လေးတန်တွင်တော့ အမျိုးမျိုးသော အပင်များကို စိုက်ပျိုးထားပေသည်။

ခန်းမ၏အလယ်တွင်တော့ လှောင်အိမ်များစွာရှိနေကာ တစ်ခုချင်းစီတွင် အမျိုးအစားမတူညီသည့် သားရဲများရှိနေသည်။

# စာစဉ် ၂

ဒီသားရဲတွေက တော်တော်ကိုထူးခြားရှားပါးတဲ့သားရဲတွေဘဲ။ အများစုက သေချာ သလောက် အတိုက်အခိုက်စွမ်းရည်နိမ့်ပေမယ့် သေချာပေါက်သာမန်တော့မဟုတ်ကြဘူး။ အချို့သားရဲတွေရဲ့ မူရင်းဒေသက တောင်ပိုင်းကဖြစ်ကြသည်၊ ချန်အန်းက တရုတ်ပြည်ရဲ့ မြောက်ပိုင်းတွင်တည်ရှိသည်။

စစ်ဆေးမှုရဲ့အရက်စက်ဆုံး အပိုင်းကတော့ ဒီသားရဲတွေကို ဖြေဆိုသူတွေအတွက်ကျပန်း  သတ်မှတ်သည်၊ ဘယ်သူကမှ သူတို့ဘယ်လိုအကောင်ရမယ်ဆိုတာကို ကြိုမသိကြဘူး။

အင်တာနက်မှာ သားရဲပျိုးထောင်သူတရားဝင်လက်မှတ်ကိုရယူဖို့ဆိုသည်မှာ အလွန်ပင် ခက်ခဲလှသည် ဟုပြောသည်။ ကောင်းဖန် နောက်ဆုံးတော့ဘာကြောင့်လဲဆိုတာကို နားလည်သွားပြီ၊ အလွန်ခက်ခဲတဲ့စာမေးပွဲက ထိပ်ဆုံးကနေထွက်ပေါ်လာနိုင်မှ တစ်ဦးက ကျိန်းသေ လုပ်နိုင်စွမ်းရှိမည်ဖြစ်သည်။

“ကောင်းဖန် နံပါတ်၅၀။” စာမေးပွဲခန်းစောင့်က ခဏရပ်တန့်သွားပြီး ကိုယ်စားကဒ်ကို ကောင်းဖန်ဆီပေးလိုက်သည်၊

## စာစဉ် ၂

သူကကောင်းဖန်ကို တုံ့ဆိုင်းစွာနဲ့ကြည့်လိုက်ပြီး နောက်ဆုံးမှာတော့ အောင့်မထားနိုင်ဘဲ " မင်းပြောင်းလဲဖို့တောင်းဆိုချင်တယ်ဆိုရင် မင်းလျှောက်လွှာကိုအခမဲ့ဖြည့်လို့ရအောင် ငါကူညီပေးလို့ရတယ်၊အဲ့နောက် မင်းနောက်လ မှဒုတိယအကြိမ်စာမေးပွဲကို ပြန်လာနိုင်တယ်။"

ကောင်းဖန် စာမေးပွဲစောင့်ကို မသက်မသာဖွယ်ကြည့်လိုက်သည်၊

စာမေးပွဲစောင့်ကသူ့ပုခုံးတွန့်ပြကာ"အကဲဖြတ်မှုအတွက်သုံးတဲ့သားရဲတွေကသားရဲပျိုး ထောင်သူအဖွဲ့အစည်းကနေ ငါတို့ကိုယ်တိုင်ပျိုးထောင်ထားတဲ့သားရဲတွေ ဆိုတော့ သားရဲတွေက အခြေခံအားဖြင့်သူတို့ရန်မူတာကို မပြတတ်ပါဘူး။ နံပါတ်၅၀ကိုထုတ်ပယ် ပစ်ခံရဖို့ထင်တယ်၊ ဒါပေမယ့်ခုတော့ အဖွဲ့အစည်းမှာ မင်းပျိုးထောင်ဖို့ အပိုသားရဲမရှိ တော့ဘူး။"

အတန်းရဲ့နောက်ကျောမှာရှိတဲ့လှောင်အိမ်တွေထဲက လှောင်အိမ်တစ်ခုက အပြင်ဘက် ရောက်နေသည်၊အထဲကကြီးမားတဲ့အကောင်က ပုံပန်းမကျတဲ့ပုံနှင့် ၎င်းကအလျင်အမြန် လှုပ်လျောင်းလိုက်သည်။ သူ့ခေါင်းက

## စာစဉ် ၂

မြေပြင်ပေါ်မှာလှဲနေပြီးဖျော့တော့စွာ အသက်ရှူနေ သည်၊ သူ့ကရေတိုင်ကီနှစ်ခုလို ထူထဲပြီးသန်မာတဲ့လက်မောင်းတွေရှိပေမယ့် ၎င်းကမျက် နှာကိုအောက်ချထားကာ ကမ္ဘာတစ်ခုလုံးကို အရှုံးပေးထားသလိုပုံစံမျိုးနှင့် တကယ့်ကို တိတ်ဆိတ်ငြိမ်သက်နေသည်၊

"ဒါက.....မြစ်နီလူဝံ?" ကောင်းဖန်သူ့ရဲ့အပြောကို ဘာမှပြန်မပြောဘဲ ၎င်းက မည်သူ မည်ဝါဖြစ်ကြောင်း စူးစမ်းလေ့လာကာ ကောက်ချက်ချလိုက်သည်။

"ဟုတ်တယ်၊"စာမေးပွဲစောင့်က ခေါင်းကိုညိတ်ကာ သက်ပျင်းချလိုက်သည်၊ သူက မြစ်နီလူဝံကို ရှုပ်ထွေးနေတဲ့ ခံစားချက်မျက်လုံးတွေနဲ့ကြည့်နေသည်။

နောက်ဆုံးတော့ စာမေးပွဲစောင့်ကလဲလူတစ်ယောက်ပါဘဲ၊ ဒီမြစ်နီလူဝံက သူ့ကိုဖမ်းမိက တည်းက အမြဲတမ်းစမ်းသပ်နေဆဲဖြစ်ပြီး ဒီအဖွဲ့အစည်းကဝယ်လာခဲ့တာဖြစ်သည်။

ဒီမြစ်နီလူဝံက ကံကောင်းတာလား ဆိုးတာလား ပြောဖို့ခက်သည်၊ ဒီသားရဲမှာ အလွန်ဒဏ် ခံနိုင်တဲ့ အသက်အင်အားရှိပြီး အဲ့တာကလက်တွေ့စမ်းသပ်ချက်မှာ အသက်ရှင်ကျန်ရစ်ဖို့

## စာစဉ် ၂

တောင့်ခံနိုင်အောင်ပြုလုပ်ပေးသည်။ ဒါပေမယ့် ကံဆိုးချင်တော့ ဖြေဆိုသူတိုင်းက ဒီမြစ်နီ လူဝံကိုစီစဉ်ဖို့ကျတဲ့အခါမှာ သူတို့ကဘာလုပ်ရမှန်းမသိကြတော့ဘူး။

ခြောက်လတိ ကြာပြီးနောက်မှာ ဒီမြစ်နီလူဝံက လက်တွေ့စမ်းသပ်မှုခြောက်ခုကိုကျခဲ့ တယ်၊ အဲ့အချိန်မှာဘဲ တခြားဘယ်သားရဲဖြစ်စေ တစ်ခုခုမှာအောင်မြင်လာကြပြီးတော့ အဆင့်တက်တာ(သို့) တကယ်အသုံးမဝင်တဲ့သားရဲတွေဖြစ်လာလိမ့်မည်။ ဒီဟုန်းရှယ် လူဝံကတော့ ဒဏ်ခံမှုကမပြီးပြတ်သေးဘဲဖြစ်သည်။

“ဘာကြောင့်လဲဆိုတော့ လက်တွေ့စမ်းသပ်တဲ့အကြိမ်ရေကများနေပြီး မလိုချင်တာတွေ များကာ ကွဲလွဲနေတဲ့စွမ်းအင်တွေက သူရဲ့ခန္ဓာကိုယ်ထဲတွင်စုပုံလာတော့တယ်၊ ထုံးစံ အတိုင်းခက်ခဲတဲ့အဆင့်တွေကို ကျော်လွန်ဖို့ဝေးပြီး သူ့အဆင့်ကိုပြုစုပျိုးထောင်ဖို့အတွက် အလားအလာက ရိုးရှင်းပြီးအရမ်းနိမ့်တယ်၊ အခုထိတိုင် အလွန်ကောင်းမွန်သန်မာတဲ့ စိတ်စွမ်းအင်ကို အခြေခံပြီး သူ့ရဲ့ဒဏ်ခံနိုင်မှုကိုသာစီမံနိုင်တယ်။” စာမေးပွဲစောင့်က ရှင်းပြ လာသည်။

# စာစဉ် ၂

“ ဦးလေးရဲ့စာနာထောက်ထားမှုအတွက်ကျေးဇူးတင်ပါတယ် ဒါပေမယ့် ကျနော့်စိတ်ထဲမှာ ဒီကောင်ကိုသုံးဖို့ဆုံးဖြတ်ပြီးပြီ” ကောင်းဖန်နောက်လှည့်လိုက်ကာလျှောင်အိမ်အတန်း လိုက်ကိုဖြတ်ကာ ဟုန်း၍ှယ်လူဝံကိုစူးစိုက်ကြည့်လိုက်သည်။

သူ့အတွက်နောက်တစ်လထပ်စောင့်ဖို့ဆိုတာဘယ်လိုမှမဖြစ်နိုင်ဘူး၊

သားရဲပျိုးထောင်သူ တရားဝင်လက်မှတ်က မကြာခင်မှာရတော့မယ်ဆိုတဲ့ အဓိပ္ပါယ်က မကြာခင်အလုပ်ရတော့မယ်ဆိုတာကိုဆိုလိုခြင်းဖြစ်သည်၊ အချိန်တိုင်းစက္ကန့်တိုင်းက ငွေ ကြေးကုန်ကျနိုင်သည်။ ဒါပေမယ့် ပိုအရေးကြီးဆုံးက သူ့ရဲ့သားရဲပျိုး ထောင်သူအကဲဖြတ် အတွက်အန်ကယ်လျိုနဲ့ ဖောင်ကူညီဖြည့်ပေးတဲ့ဆရာမကိုပြောခဲ့သည်။ ရလဒ်ကိုလက်ဗလာနဲ့ပြန်သွားဖို့က ကောင်းဖန်အတွက်လက်ခံရန်ခက်ခဲသည်။

“ကောင်းပြီ” စာမေးပွဲစောင့်က သူ့ရဲ့တာဝန်အတိုင်း ကောင်းဖန်ရဲ့ အချက်အလက်တွေ ကိုပြုလုပ်ပေးနေသည်။ ဒီကောင်လေးကိုကြည့်ရတာ

## စာစဉ် ၂

သူ့ရဲ့ရည်ရွယ်ချက်ကိုလက်ခံဖို့ ဆန္ဒ မရှိဘူး၊ သူဒီထက်ဖိအားပေးဖို့အကြောင်းအရင်းလည်းမရှိဘူး။

ဟောခန်းမကြီးပတ်ပတ်လည်မှာ နံပါတ်နှင့်အခန်းတွေရှိသည်။ လူတစ်ယောက်စီတိုင်းက အခန်းရွေးချယ်ကာ ဝင်သွား နိုင်သည်။ အခန်းတစ်ခုချင်းစီတိုင်းတွင် ခုတင်နှင့် မွေ့ယာ စသောပစ္စည်းများပါဝင်သည်။ စစ်ဆေးမှုအတွက် အချိန်အကန့်အသတ်က တစ်ပတ်ဖြစ် သည်။ သားရဲတွေရဲ့ အဆင့်ကိုတစ်ပတ်အတွင်းမြှင့်တင်ပေးနိုင်လျှင် ကျော်ဖြတ်နိုင်မည် ဖြစ်သည်။

သားရဲလှောင်အိမ်တွေရဲ့အောက်မှာဘီးတွေပါပြီး အလွယ်တကူအခန်းထဲသို့တွန်းသွားနိုင် သည်။

ထိုလှောင်အိမ်လည်းတွန်းသွားခံရတော့ မြစ်နီလူဝံက ကောင်းဖန်ကိုကြည့်လာသည်။

နောက်ဆုံးတော့ဒီလိုနီးကပ်တဲ့အကွာအဝေးမှာ ကောင်းဖန်က ဟုန်းရွှယ်လူဝံကို ဂရု တစိုက် လေ့လာလိုက်သည်။

စာစဉ် ၂

သူ့ရဲ့ခန္ဓာကိုယ်က သာမန်မြစ်နီလူဝံရဲ့ နှစ်ဆလောက်ရှိသည်။ ပုံမှန်အားဖြင့် မြစ်နီလူဝံ တွေက တစ်မီတာနဲ့ နှစ်မီတာခွဲကြားလောက်ရှည်ပြီး သေးငယ်တဲ့အရွယ်အစားလူဝံသားရဲ အမျိုးအစားဖြစ်သည်။

ဒီလှောင်အိမ်ထဲက တစ်ကောင်က ဘယ်လိုဘဲကြည့်ကြည့် အနည်းဆုံး နှစ်မီတာခွဲ လောက်ရှည်သည်။

သူ့ရဲ့ဖောင်းကားနေတဲ့လက်မောင်းတွေကြည့်ရတာ အနည်းငယ်လိမ်ရစ်နေကာ ပုံပျက်နေပြီး သူ့ခန္ဓာကိုယ်က ရွံ့စေးကိုနယ်ထားတဲ့ရုပ်ထုလိုဖြစ်နေသည်။ ၎င်းရဲ့ ရင်ဘတ်ပိုင်းက ဖောယောင်နေတဲ့လက္ခဏာမျိုးဖြစ်ပြီး သူကခဲယဉ်းစွာအသက်ရှုနေကာခြေကုန်လက်ပန်း ကျကာအော်ညည်းနေသောအသံဖြစ်နေသည်။

[မကောင်းဆိုးဝါးအမည်]- မြစ်နီလူဝံ

( ရောဂါနှင့်ပတ်သတ်သောပြောင်းလဲမှု-ယင်(အမ)ဓာတ်ရောဂါ)

ဒါက ပထမဆုံးအချက်အလက်ဖြစ်ပြီးကောင်းဖန်ရဲ့မျက်လုံးထဲမှာပျောက်သွား၏

## စာစဉ် ၂

ြန်သည်၊ ကြည့်လိုက်တာနဲ့တင် တစ်ယောက်လောက်က ဒီမြစ်နီလူဝံကဆိုးဝါးတဲ့ပုံသဏ္ဍာန်ရှိတယ် ဆိုတာပြောနိုင်သည်။

***

စာစဉ် ၂

## *အခန်း ၁၈ အရိုးခွံဖုတ်ကောင်လူဝံ*

[မကောင်းဆိုးဝါးအမည်] :

မြစ်နီလူဝံ(ဆန့်ကျင်ဘက်ရောဂါဗေဒအပြောင်းအလဲများ)

[မကောင်းဆိုးဝါးအဆင့်] :  အဆင့်၁၀

[မကောင်းဆိုးဝါးအဆင့်အတန်း] : သာမန်

[မကောင်းဆိုးဝါးစွမ်းအင်] : မြေကြီး

[မကောင်းဆိုးဝါးအခြေအနေ] : မကျန်းမာခြင်း( အကျင့်ပျက်နေခြင်း)

[မကောင်းဆိုးဝါးအားနည်းချက်] : ယင်(အမ)ခေတ်

[အထူးအဆင့်မြှင့်တင်ရန်လိုအပ်ချက်များ] : ၁၊ သာမန်ဆင့်ကဲဖြစ်စဉ်; ထိုမသန့်စင်သော ယင်ခေတ်ကိုဖယ်ရှားပစ်ပြီးနောက် မြစ်နီလူဝံကိုအထူးအဆင့်သို့ပြောင်းလဲပေးရန် ၂၊ ရောဂါဗေဒပြောင်းလဲခြင်းနှင့်အတူပုံပျက်နေသောဆင့်ကဲဖြစ်စဉ်; ယင်(အမ)ခေတ်ကိုစုပ် ယူ၍

# စာစဉ် ၂

ယင်ခါတ်အားနည်းမှုကိုဖယ်ရှားပစ်ရန်ဖြစ်သည်။

အမြင့်ဆုံးဖြစ်နိုင်ခြေကတော့

အမျိုးအစားအသစ်မျိုးစိတ်များဖြစ်ပေါ်လာ၍

သားရဲအဆင့်အထူးအဆင့်အထက် (အထူးအဆင့်အပါအဝင်)။

ဘာ??

ဒါကောင်းဖန်အတွက်အဆင့်တိုးမြှင့်ဖို့အခွင့်အရေးနှစ်ခုရှိတာကို

ပထမဆုံးတွေ့တာဖြစ် သည်၊ တစ်လမ်းတည်းသာဖြစ်ရမည်လေ။

ဒါဘာလဲ?? ကောင်းဖန်စတင်တွေးတောတော့သည်။

သူရုတ်တရက်စာမေးပွဲစောင့်အရင်ပြောခဲ့သည့်စကားများကိုပြန်စဉ်းစားမိ

လိုက်သည်၊ "....အကြောင်းအရင်းကတော့

သူ့ရဲ့ထူးခြားနေတဲ့စိတ်စွမ်းအင်ကြောင့်သာ ခုထိတောင့်ခံ

နိုင်တာဖြစ်တယ်"

"ထူးခြားတဲ့စိတ်စွမ်းအင်" ကောင်းဖန်ရေရွတ်နေလိုက်ပြီး

ပထမဆုံးအကြိမ်အတွက် လျှောင်အိမ်

ကိုဖြတ်ကာမြစ်နီလူဝံဂရုတစိုက်နဲ့ကြည့်လိုက်သည်။

## စာစဉ် ၂

လှောင်အိမ်ထဲမှာလှဲနေရင်း မြစ်နီလူဝံကအားနည်းစွာနဲ့သူ့ခေါင်းကိုမြှင့်ကာ သူ့ရဲ့ နက်မှောင်နေတဲ့မျက်လုံးတွေနဲ့ကောင်းဖန်ကိုကြည့်နေသည်။

ထိုနက်ရှိုင်းပြီးစူးစိုက်ကြည့်နေမှုထဲတွင် စိတ်အားထက်သန်မှုတွေနဲ့ မျှော်ကိုးနေမှုတွေပုန်း ကွယ်နေသည်။

"မင်းဘာကို......တောင်းဆိုနေခဲ့တာလဲ?"

ကောင်းဖန်မြစ်နီလူဝံကိုမေးလိုက်ပြီးနောက်သူ့ ကိုသူရီလိုက်သည်၊ "သူကဘယ်လိုလုပ်နားလည်နိုင်မှာလဲ၊ ဒါကသာမန်သားရဲဘဲရှိသေးတာကို"

ရုတ်တရက်မြစ်နီလူဝံက သူ့ခွန်အားအကုန်လုံးကိုအားစိုက်၍ထလိုက်ကာ သူ့ခေါင်းကို လှောင်အိမ်ရဲ့အဖျားနားမှာနေရာချလိုက်ပြီး သူ့ရဲ့မျက်လုံးနက်နက်တွေကစိတ်အားထက် သန်မှုတို့နဲ့အတူကောင်းဖန်ကိုကြည့်လိုက်သည်။ ၎င်းကလက်တွေကိုကာကွယ်ခြင်း အပြည့်နဲ့ တင်းတင်းဆုပ်ထားကာ သူ့ရဲ့ကျန်ရှိတဲ့အားအကုန်လုံးနဲ့ ရှူးမိုက်စွာအော်လိုက် သည် " ဝူး!!!"

"ဝူး"

# ကောင်းဖန်

## စာစဉ် ၂

“ဝူး”

…..

အခန်းကအခြားလူများမဝင်အောင်တားမြစ်ထားသောနေရာဖြစ်သည်။ မြစ်နီလူဝံက သူ့ရဲ့ အော်ဟစ်နေတဲ့အသံကိုအခန်းထဲမှာဆက်လုပ်နေပြီး တဖြည်းဖြည်းနဲ့အသံက တိုးသွား တော့သည်။

အော်သံက လူဝံ၏ အင်အားများကို စုပ်ယူလိုက်ဟန်တူသည်။ သူ့ရဲ့အားအင်တွေ ကုန်ခမ်းသွားကာ ကြမ်းပြင်ပေါ်သို့ကျသွားသော်လည်း သူ့ရဲ့မျက်လုံးတွေက ခိုင်မာသော စိတ်ခံစားမှုတွေနှင့်ကောင်းဖန်ကို ဆက်ကြည့်နေသည်။

ကောင်းဖန်ဘာမှမတုန့်ပြန်တာကိုတွေ့တော့ သူ့ရဲ့မက်မောနေတဲ့အကြည့်တို့က တဖြည်း ဖြည်းမတောက်ပတော့ဘဲ တိမ်မြုပ်သွားသည်….

“ဟုတ်ပြီ ငါမင်းပြောင်းလဲဖို့ကူညီပေးမယ်, ငါကတိပေးတယ်” ကောင်းဖန်ခိုင်မာစွာနဲ့ ပြောလိုက်တယ်၊ သူဘာလို့ညို့သလိုသရုပ်ဆောင်မိသလဲဆိုတာကိုမသိတော့ဘူး၊ သူတစ်ခါမှ

## စာစဉ် ၂

ဒီလောက်ခိုင်မာတဲ့စိတ်တွေပြည့်နေတဲ့မျက်လုံးအစုံကိုမမြင်ဖူးလို့ဖြစ်ကေ
ာင်း ဖြစ်နိုင်သလို
သူကရည်မှန်းချက်ကြီးလို့လည်းဖြစ်ကောင်းဖြစ်နိုင်သည်၊
ဖြစ်နိုင်တာ….ဖြစ် နိုင်တာက သူဒီမျက်လုံးတွေကို
ညွတ်ကျမသွားစေချင်တာဘဲဖြစ်သည်။

မြစ်နီလူဝံကသူ့ကိုနားလည်သည် မလည်သည်ကို စစ်ဆေးမနေတော့ဘဲ
ကောင်းဖန်သူ့ ပင်ပန်းစွာနဲ့သူ့မျက်လုံးတွေကိုပိတ်လိုက်သည်၊

အဲ့ဒီနောက် သားရဲပျိုးထောင်သူတရားဝင်လက်မှတ်ကိုရရန်
သူမြစ်နီလူဝံ၏အဆင့်ကိုမြှင့် တင်ပေးရန်လိုအပ်သည်၊
ဒီအရာနှစ်ခုကြားထဲမှာဘယ်ဟာကမှကွဲလွဲနေတာမရှိဘူး။

ပြောင်းလဲပေးရန် ရွေးချယ်နိုင်သည့်နှစ်မျိုးကို ထပ်မံစစ်ဆေးပြီးနောက်
နောက်ဆုံးတော့ ကောင်းဖန်
နောက်ပိုင်းနည်းလမ်းကိုရွေးရန်ဆုံးဖြတ်လိုက်သည်။

စာလုံးတွေက ‘မှန်ထဲက လ’ လိုမှေးမှိန်နေကာ
နောက်ထပ်စာလုံးများပါသည့်စာတန်းများ ဆက်လက်ပေါ်လာပြန်သည်။

# စာစဉ် ၂

[ရောဂါဗေဒအရပြောင်းလဲမှုနှင့်အတူ ပုံပန်းပျက်ပြောင်းလဲတိုးတက်မှု]; ဖယောင်းနက်မြက်ပင် ၂၅ဂဂရမ်အစာနှင့်အတူသုံးရက်အတွက်သုံးကြိမ်။ ထိပ်တန်းအဆင့်

ဖုတ်ကောင်သားရဲသလင်းအမြုတေကိုမြစ်နီလူဝံအတွက်ယူ၍ လူဝံကို ဆာလဖြူရစ် အက်စစ်ပျော်ဝင်နေသောရေထဲတွင်စိမ်ရန်ဖြစ်သည်။ ဆာလဖြူရစ်အက်စစ်ပျော်ရည်သည် တိကျသောအချိုးနှင့် ပြင်းသောဆာလဖြူရစ်အက်စစ်ရည်နှင့် ရေကိုအထူးပြုလုပ်ထားပြီး အနုမြူမှုန့်၁၅ဂဂရမ်၊ မှိုခေါင်းပိုင်း၅ဂဂရမ်၊ ညိုးခြောက်မြက်ပင်၁၅ဂရမ်....

ဒီမြစ်နီလူဝံ ပြောင်းလဲဖို့အတွက်ရော?? ကောင်းဖန် ဆိုးရွားတာတစ်ခုဖြစ်လာတော့မည် ကို စိတ်ထင့်နေသည်။

ဒီပစ္စည်းတွေကိုကြည့်ရတာသိပ်ကောင်းပုံမပေါ်ဘူး။ ဒါ့အပြင် ဖုတ်ကောင်သားရဲသလင်း အမြုတေ, ဒါတွေကမုန့်တွေမှမဟုတ်တာ။ ကျန်းမာနေတဲ့ သားရဲတစ်ကောင်တောင်

ရုတ်တရက် ဖုတ်ကောင်သားရဲသလင်းအမြုတေကြောင့် အလွန်နာမကျန်းဖြစ်တာ(သို့) ပိုပြီးဆိုးရွားလာနိုင်သည်။

# စာစဉ် ၂

ကောင်းဖန် နောက်ကတစ်ခုကိုယူဖို့ရွေးချယ်ဖို့မရည်ရွယ်ပေ၊ ဒါပေမယ့် သူငွေကြေးချို့တဲ့ နေသည်။

ပထမနည်းလမ်းအတွက်ပစ္စည်းတွေကလည်း တန်ဖိုးကြီးပြီး သူ့ရဲ့အကဲဖြတ်မှုအတွက် ကုန်ကျမှုက အကန့်အသတ်ထက်လိုတာထက်ပိုနေသည်။

ဘယ်ဟာကပိုလွယ်နိုင်မလဲ, မင်စွန်းထင်ပြီးသားပိတ်သားပေါ်မှာ ဆက်ပဲရေးဆွဲလိုက်ရမ လား ဒါမှမဟုတ် ပိတ်ထူပေါ်မှာမဆွဲခင် အစွန်းချွတ်လိုက်ရမလား? နှိုင်းယှဉ်ပြောရရင် တော့ ပထမတစ်ခုက လွယ်သလိုဘဲ။

နှိုင်းယဉ်ကြည့်လျှင် ဒုတိယပြောင်းလဲခြင်းနည်းလမ်းက ဈေးကြီးတဲ့ပစ္စည်းတွေလိုနေတုန်း ဘဲ, အကုန်လုံးပေါင်းလိုက်လို့ ကုန်ကျငွေက အဖွဲ့အစည်းရဲ့အခမဲ့ငွေထောက်ပံ့မှု အကန့် အသတ်လောက်ထိထိန်းနိုင်လောက်ပါသည်။

ဒါကပိုအလုပ်ဖြစ်တယ်, အကယ်၍ ငါကျခဲ့ရင် ဒါကကြီးမားတဲ့အကြွေးဖြစ်သွားလိမ့်မယ်။

# ကောင်းဖန်

## စာစဉ် ၂

ကောင်းဖန်လိုအပ်သည့် ပစ္စည်းစာရင်းကိုကြားပြီးနောက် ပစ္စည်းပေးဝေသူက ကောင်းဖန် ကိုထူးဆန်းတဲ့အကြည့်တို့နဲ့ ကြည့်လိုက်သည်။ ဒီကောင်လေးက မြစ်နီလူဝံကိုသတ်တော့ မှာလား??

ကောင်းဖန် တခြားသူရဲ့သိချင်စိတ်တို့ကို လျစ်လျူရှုလိုက်သည်၊ သူလိုချင်တဲ့ပစ္စည်းတွေ ကိုတစ်စုတစ်စည်းတည်းရပြီးနောက် သူပြန်လာခဲ့ပြီး သူကိုယ်သူနဲ့မြစ်နီလူဝံကို အခန်းထဲ တွင်လော့ချထားလိုက်တော့သည်။

နောက်ထပ်ရက်အနည်းငယ်အကြာထိ ကောင်းဖန်အပြင်မထွက်ပါ၊ အခန်းမှာ ရေချိုးခန်းနဲ့ အစားအစာတွေကိုတော့သေးငယ်တဲ့ပြတင်းပေါက်ကနေလာပို့သည်၊ ဒါကြောင့် အပြင်ထွက်ဖို့ မလိုအပ်ပေ။

မျက်တောင်တစ်ခပ်အတွင်း သုံးရက်အချိန်ကျော်လွန်သွားပြီဖြစ်သည်၊ ဖယောင်းနက်မြက် ကိုသုံးရက်အဆက်မပြတ်ဒုက္ခခံကျွေးပြီးတဲ့နောက် မြစ်နီလူဝံကခွန်အားပြည့်ဝလာပြီဖြစ်သည်။ ၎င်းရဲ့မျက်လုံးတွေကတောက်ပနေပြီး

## စာစဉ် ၂

အမွေးအရောင်ကတောက်ပလာကာ ရောင်ယမ်း
နေခြင်းလည်းလျော့သွားပြီဖြစ်သည်။

ဖယောင်းနက်မြက်က တက်ကြွစေရန်လုပ်ပေးပြီး
သုံးရက်လောက်အပင်ပန်းခံပြီးတဲ့ နောက်
မြစ်နီလူဝံ၏ရုပ်ပိုင်းဆိုင်ရာစိတ်ပိုင်းဆိုင်ရာအခြေအနေများသည်သေချာ
သ လောက်ယာယီ ထိပ်ပိုင်းသို့ရောက်လာပြီဖြစ်သည်။

အသက်ပြင်းပြင်းရှူပြီးတဲ့နောက် ကောင်းဖန်
လှောင်အိမ်ကိုဖွင့်လိုက်သည်၊ အရိုးသားဆုံး ပြောရလျှင်
ဒီသားရဲ၏အပြုအမူများသည် အတော်အန္တရာယ်ရှိသည်။ မအောင်မြင်တဲ့
အတွေ့အကြုံများ၏ ညှဉ်းပန်းမှုများဖြစ်ကတည်းက လူဝံက ကြင်နာပြီး
နူးညံ့သော်လည်း ၎င်းက နာခံပြီး
စရိုက်ပုံပန်းပျက်မှုမပါဝင်ဘဲကျန်ရှိသည်ဆိုသည်မှာ အာမခံချက်မရှိပေ။
အကယ်၍ အကုန်လုံးဆိုးရွားတာများဖြစ်ခဲ့လျှင်
ဒီပိတ်ထားတဲ့အခန်းထဲမှာ ကောင်းဖန်
လွတ်မြောက်ရန်ဘယ်နေရာမှမရှိပါ။

## စာစဉ် ၂

မြစ်နီလူဝံက လှောင်အိမ်ဖွင့်တာကို

သူ၏မျက်လုံးနက်တွေနှင့်စိုက်ကြည့်နေပြီးနောက် အပြင်ဘက်ကို

ကြည့်လိုက်သည်။ နောက်ဆုံးတော့ သတိထား၍သူ့ရဲ့ညာဘက်

ခြေထောက်ကိုဆန့်လိုက်ပြီး လှောင်အိမ်အပြင်ဘက်သို့ထုတ်၍

ကြမ်းပြင်နှင့်ထိလိုက်ကာ

ကောင်းဖန်၏ရည်ရွယ်ချက်ကိုအသံပြုလိုက်သည်။

ထိုအရာကိုမြင်သောအခါ ကောင်းဖန် စိတ်မဆိုးပေ, ဒါပေမယ့်

၎င်းထွက်လာရန်အားပေးအားမြှောက်ပြုတော့ စိတ်လှုပ်ရှားပြီး

လူဝံကပြုံး လာသည်။ သူကလှောင်အိမ်ထဲကနေ ရွှင်လန်းစွာထွက်လာပြီး

ကောင်းဖန်ကို

သူ့လက်မောင်းထဲတွင်သန်မာတဲ့ပွေ့ဖက်ခြင်းနှင့်အတူစုရုံးလိုက်သည်။

၎င်း၏ကြီးမားတဲ့လက်များက

ကောင်းဖန်နောက်ကျောကိုပုတ်လိုက်ပြီးနောက် မြစ်နီလူဝံ

ကလက်ကိုလျှော့ပေးလိုက်ပြီး ကောင်းဖန်ရဲ့ရှေ့တွင်

ကျိုးနွံစွာနှင့်ထိုင်လိုက်သည်။

စာစဉ် ၂

ကောင်းဖန် သူ့တို့ဘေးကဖောက်ထွင်းပြီးတောင်မြင်ရတဲ့ အပြာရင့်ရောင်အရည်တွေနဲ့ ပြည့်နေတဲ့ရေချိုးကန်ကိုညွှန်ပြလိုက်ပြီး “ အဲ့မှာသွားလှဲနေချည်” လို့ပြောလိုက်သည်၊

မြစ်နီလူဝံက အကြံအဖန်အပြည့်နှင့် အမွှေးအနည်းငယ်ကိုနှုတ်လိုက်ပြီးနောက် ရေချိုးကန်ဘက် တင်ပါးဆုံကိုလှည့်လိုက်ပြီး အရည်ထဲသို့အမွှေးတွေကိုပစ်ထည့်လိုက် သည်၊

အနီရင့်ရောင်အမွှေးတွေက အရည်ထဲတွင် ပေါလောပေါ်နေ,ရစ်နေပြီးကျုံ့သွားသည်၊ နောက်ဆုံးတော့ ကွယ်ပျောက်သွားတော့သည်။

မြစ်နီလူဝံက သူ့ပါးစပ်များကိုလူတွေလို အကျယ်ကြီးဖွင့်ထားကာ အလွန်အံ့အားသင့်နေ သည်။

သူကအရည်တွေကိုကြည့်လိုက်ပြီးနောက် ကောင်းဖန်ကိုလှည့်ကြည့်လိုက်သည်။

ထို့နောက်ကောင်းဖန်ထံကိုတွားသွား သွားလိုက်ပြီးထိုင်လိုက်ကာ ကောင်းဖန်ကို ရိုးသား သောပုံနှင့်ကြည့်နေတော့သည်။

## စာစဉ် ၂

ကောင်းဖန် ရယ်ရမလား ငိုရမလားပင်မသေချာတော့။

မနေ့ကအရည်တွေကိုရောစပ်တော့ ဆာလဖြူရစ်အက်စစ်က ပွတ်တိုက်စားခြင်းကို စမ်းသပ်သည့်နည်းလမ်းသည် ဒီလူဝံဖြင့်ကြည့်ရှုလေ့လာမည်ကိုသိကောင်းသိမည်။

ဘယ်သူပြောလဲ ဒီသားရဲကတုံးတယ်လို့၊

ကောင်းဖန်စကားမပြောနိုင်ဖြစ်သွားပေမယ့် သူ့ရဲ့လက်တွေ့စမ်းသပ်မှုကိုဆက်လုပ်ရန် အတွက်ဒီမြစ်နီလူဝံကို ရေချိုးရန်လိမ်ပြီးပြောရမည်။

“ကောင်ငယ်လေး”

ကောင်းဖန်လူဝံရဲ့နှဖူးပေါ်ကိုလက်တင်လိုက်ကာပြောလိုက်သည်။

“ဟိုး…ဟိုးးး”မြစ်နီလူဝံက

သိချင်စိတ်တို့နှင့်သူ့နှဖူးပေါ်ကလက်ကိုစောင်းငဲ့ကာကြည့် လိုက်သည်။

“ငါမင်းကို စွမ်းအင်တွေရအောင်ကူညီပေးနိုင်တယ်, ဒါပေမယ့် မင်းကမင်းရဲ့သတ္တိရှိတာကို ဘဲပြဖို့လိုတာ”

ကောင်းဖန်ကယုတ္တိမရှိစွာပြောလိုက်သည်။

## စာစဉ် ၂

အခန်းထဲမှာဘယ်သူမှမရှိတဲ့အတွက်
သူဆယ်ကျော်သက်အရွယ်စိတ်ထင်ယောင်ထင်မှား
နည်းနည်းဖြစ်မိသည်။

အလိုလေး, ဒီလူဝံက
ဒီလိုစကားကြီးစကားကျယ်တွေကိုနားလည်နိုင်ပါ့မလား?

ကောင်းဖန် အတွက်ကတော့ ၎င်းကအတွေးအခေါ်ရှိ
မရှိဆိုတာမသေချာဘူး၊ မြစ်နီလူဝံက ခဏလောက်တုံ့ဆိုင်းနေပြီးနောက်
ကောင်းဖန်လက်နဲ့ အဝေးကိုနူးညံ့စွာနဲ့လှုပ်ရှားလိုက်သည်၊
သူကမတ်တပ်ရပ်လိုက်ပြီး ရေချိုးကန်ဘက်လှည့်လိုက်သည်။

မြစ်နီလူဝံက လှည့်လိုက်ကာကောင်းဖန်ကို
ပြုံးပြကာဖျတ်ကနဲကြည့်လိုက်ပြီးနောက် ရေထဲသို့
လွင့်ထုတ်၍ဝင်လိုက်သောကြောင့် များပြားသောရေများ
ဖိတ်စင်ကုန်သည်။

ဒီရေချိုးကန်က အထူးပြုလုပ်ထားသည်; နှစ်မီတာမြင့်ပြီး
သုံးမီတာရှည်ကာ နှစ်မီတာ ကျယ်ဝန်းသည်၊

## စာစဉ် ၂

ကောင်းဖန် ချက်ချင်းရှေ့သို့ရွှေ့လိုက်သည်၊ ရေချိုးကန်က အကုန်ဖောက်မြင်ရပြီး အကုန်ရှင်းလင်းနေသည်ကာ စောင့်ကြည့်ရန်လွယ်ကူသည်။

မြစ်နီလူဝံက သူကိုယ်သူရေအောက်ထိလုံးလုံးနစ်မြုပ်လိုက်ပြီး အတွေ့အကြုံရှိပြီးသား သားရဲတစ်ကောင်လိုပင် ပြုလုပ်လိုက်သည်။

ဒီဘာသာရပ်ကိုစစ်ဆေးရာတွင် သူ့မှာများပြားတဲ့အတွေ့အကြုံရှိပြီး သူ့ဆန္ဒအလျောက် ရေထဲသို့ခုန်ဆင်းသည်, ဒါကဝမ်းနည်းစရာကောင်းပေမယ့်ရီလည်းရီရသည်။

ကောင်းဖန်ရယ်ချင်နေပေမယ့် သူမရယ်နိုင်ဘူး၊ သူ့စိတ်ထဲမှာခဲတစ်လုံးဆွဲထားသလိုလေး နေသည်။

သူပြန်လှည့်ရန်ကြိုးစားကြည့်ပေမယ့် ကျရှုံးခဲ့သည်၊ သူ့ရဲ့ခြေထောက်တွေက သေသွားပြီး နောက်ကိုပြန်ဆုတ်ရန်တောင် လှုပ်မရပေ။

သူထိုနေရာမှာဘဲရပ်နေပြီး ထုံထိုင်းစွာနဲ့ကြည့်နေသည်။

မြစ်နီလူဝံသားမွေးတွေကအမွေးဖွာနေသောဘောလုံးတစ်လုံးလိုအတွင်းသို့ကြုံ့သွားသည်

## စာစဉ် ၂

နောက်တော့ များပြားတဲ့ပမာဏရှိတဲ့အနက်ရောင်အရည်တွေက ထိုအမွှေးများထဲမှ ပန်းထွက်လာကာ မျက်နှာပြင်ပေါ်သို့မြင့်တက်သွားတော့သည်။ အဲ့ဒီနောက် သိပ်သည်းတဲ့ ညော်သောမြူခိုးငွေ့အဖြစ်ပြောင်းသွားပြီး လေထဲသို့လွင့်ထွက်သွားတော့သည်။

မီးသတိပေးသည့်အချက်ပေးစက်က ရုတ်တရက်နားကိုစူးအောင်အထိမြည်လာပြီး အနီ ရောင်မီးက အခန်းထဲတွင်အရောင်လက်လာသည်။

၁၀စက္ကန့်ကြပြီးနောက် တံခါးကရုတ်တရက်ဆွဲဖွင့်ခံလိုက်ရသည်၊ အဖွဲ့လိုက်လူများက အခန်းအပြင်ဘက်တွင် အတူရှိနေကြပြီး မီးသတ်သမားနှစ်ယောက်က မီးသတ်ဆေးဘူး များကိုင်ကာ အရှေ့တွင်ရပ်နေကြသည်။

သူတို့ကရေချိုးကန်မှ လေထဲသို့အဆက်မပြတ်ပန်းထွက်နေသော အနက်ရောင်မီးခိုး များကို ငေးစိုက်ကြည့်နေကြပြီး အရည်ထဲတွင်အနက်ရောင်ရစ်နေသည့်အရာများကို လည်းကြည့်နေကြသည်။

## စာစဉ် ၂

ဘယ်မလဲမီး!!!

“အာ……ခင်ဗျားတို့ကိုအနှောက်အယှက်ပေးမိလို့တောင်းပန်ပါတယ်၊”

“ဟား…ဟား, ဒီမှာမီးအချက်ပေးတဲ့ဟာက တစ်ခုခုမှားနေတာဘဲဖြစ်မှာပါ” တခြားဝန်ထမ်းတစ်ဦးကနောက်လိုက်သည်။

ထိုအချိန်မှာဘဲ သားရဲပျိုးထောင်သူအဖွဲ့အစည်း၏ ထိပ်တန်းမန်နေဂျာရောက်လာသည်၊ အခန်းအပြင်ဘက်ကလူစုလူဝေးနှင့် ကြီးမားသောမီးခိုးလုံးကြီးကိုကြည့်လိုက်ကာ မျက်မှောင်ကျုံ့ကာမေးလိုက်သည် “ ဒီမှာဘာတွေဖြစ်နေတာလဲ”

တစ်ယောက်က အခြေအနေကိုရှင်းပြသည်၊ ဇာတ်လမ်းတစ်ပုဒ်လုံးကိုကြားပြီးနောက် မန်နေဂျာရဲ့မျက်နှာက အံ့သြမှုတွေနဲ့ပြည့်နေသည် “မင်းဆိုလိုတာက ဒီအကြောင်းက တစ်ယောက်ယောက်သားရဲကိုပျိုးထောင်နေရင်းနဲ့ဖြစ်တာလား??”

လူအုပ်ကြီးက မန်နေဂျာသွားရန်လမ်းရှင်းပေးသည်၊ လူကြီးကအနီးဆုံးအထိလျှောက်သွား ပြီး  နောက်ဆုံးတော့ အခန်းထဲတွင်ဘာဖြစ်နေသည်ဆိုတာကို မြင်သွားတော့သည်။

# စာစဉ် ၂

အခန်းရဲ့အလယ်မှာ ရေချိုးကန်ရှိပြီး
ထိုထဲတွင်နက်ပြာရောင်အရည်တို့ဖြင့်ပြည့်နေသည်။
ရစ်ပတ်နေသည့်မှုန်ဝါးဝါးပုံကို
အရည်တွေရဲ့အလယ်တွင်မရှင်းမလင်းမြင်နေရသည်။
ထိုအရာကအခုထိလဲလျောင်းနေတုန်းဖြစ်သည်။

ကြီးမားပြီးနက်မှောင်တဲ့မီးခိုးလုံးကြီးက ရေကန်ထဲမှထွက်လာသည်၊

ထို့နောက် မီးခိုးထွက်တာလျော့သွားတော့သည်၊
ရေချိုးကန်ထဲတွင်ရှိသော နက်ပြာရောင် အရည်များက တစ်ဖြည်းဖြည်း
လုံးလုံးအမဲအဖြစ်သို့ပြောင်းသွားတော့သည်၊ ရေချိုးကန်
ထဲတွင်ငြိမ်သွားပြီးကြည့်ရတာ အကုန်ပြီးသွားပြီထင်သည်၊

"စမ်းသတ်မှုကျရှုံးတာလား??" တခြား ဖြေဆိုသူတစ်ဦးက
ထိတ်လန့်သွားသည်။ သူတို့က တံခါးအပြင်ဘက်တွင်ရပ်နေကြကာ
ကောင်းဖန်ကိုစနောက်နေကြသည်။

"အမလေး, ဒီကောင်ငယ်လေးက
ပြဿနာလုပ်တာမှာအရမ်းတော်တာဘဲ!!" ကောင်းဖန် ဘေးမှာထိုင်တဲ့
ဝတဲ့လူကြီးကသက်ပြင်းချကာ ဝိုးတိုးဝါးတားပြောလေသည်။

## စာစဉ် ၂

ကောင်လေးက သေချာပေါက်သာမန်ကောင်လေးမဟုတ်ဘူး။ သာမန်လူတွေအတွက်က တော့ ကြီးမားတဲ့ကမောက်ကမအခြေအနေကိုလုပ်တာရှားသည်။

ရုတ်တရက် ရေရဲ့မျက်နှာပြင်ပေါ်သို့ အလွန်ကောင်းတဲ့လှိုင်းလုံးများထလာသည်။ ရေတွေ ကကန်ထဲမှလျှံထွက်လာသည်၊ ကြည့်ရတာ ကြောက်စရာကောင်းတဲ့သားရဲကြီးတစ် ကောင်ကနက်မှောင်နေတဲ့ရေအောက်ထဲမှာ ပုန်းနေသလိုမျိုးပင်ဖြစ်နေသည်။

များပြားတဲ့ရေများလျှံကျပြီးနောက် အနက်ရောင်လှိုင်းမှတစ်ဆင့် အနက်ရောင်အစိတ် အပိုင်းတစ်ခု, ကြောက်မက်ဖွယ်ကောင်းတဲ့အရိုးများက ရေပေါ်သို့တက်လာသည်။

“ဘာ….ဘာကြီးလဲဒါက”
တစ်စုံတစ်ယောက်ကစူးစူးဝါးဝါးအော်လိုက်ကာ နောက်သို့ ဆုတ်လိုက်သည်၊ တခြားတစ်ယောက်ကလည်း

## စာစဉ် ၂

ကြောက်လန့်စိတ်ကိုမထိန်းနိုင်ပေမယ့်
ဒီဖြစ်ရပ်ကိုအထိတ်တလန့်ကြည့်နေသည်။

အနက်ရောင်ဦးခေါင်းခွံကအရင်ထွက်လာပြီး
တစ္ဆေမီးတောက်မီးလျှံများက ရေထဲတွင် နစ်မြုပ်နေသော
အလယ်ကမျက်လုံးအခေါင်းထဲမှပေါ်လာသည်၊ ဆိုးဝါးသောအစွယ်များ

က အပြင်ဘက်တွင် လှစ်ပြထားပြီး
သူ့မှာကြောက်မက်ဖွယ်ကောင်းလောက်အောင်ကိုက် နိုင်တဲ့ခွန်အားက
ယုံမှားဖွယ်ရာမရှိပေ။

သားရဲကသူ့ရဲ့လက်တွေကို ရေချိုးကန် အစွန်း၌တင်လိုက်ပြီး
သူကိုယ်သူရေထဲမှဆွဲထုတ် တော့သည်။

ဘန်း!!

ၾင်းကပြင်းထန်စွာနဲ့ကြမ်းပြင်ပေါ်သို့ကျသွားကာ
အခန်းကလှုပ်သွားတော့သည်။

လူတွေကနောက်ဆုံးတော့
ထိုသားရဲအကောင်လိုက်ကိုမြင်တွေ့လိုက်သည်။

# စာစဉ် ၂

ဒါကနှစ်မီတာခွဲလောက်ရှည်လျားပြီး
အနက်ရောင်ပြောင်တောက်နေသည့် အရိုးများဖြင့် ဖွဲ့စည်းထားသည်၊
၎င်း၏သားမွေးအသားနှင့်အူတွေက ပျက်စီးကာသန့်ရှင်းနေသည်၊
သိပ်သည်းသော
စေးကပ်သည့်အနီရောင်ကြိုးများကအဆစ်များကိုအတူဆက်သွယ်ထား
ပြီး စတီးနန်းကြိုးကမော်တာတိုင်ကို ဆွဲထားသလိုဖြစ်နေသည်။ ၎င်းရဲ့
ဗလာမျက်လုံးထဲ မှာတော့အပြာရောင်မီးတောက်များက လက်နေသည်၊
မျက်လုံးများက အေးစက်နေပြီး ကြမ်းတမ်းမှုတွေနှင့်ပြည့်နေသည်။

အခြားဖြေဆိုသူများက ကြက်သေသေနေကြသည်၊ ဒါကဘာလဲ
ငါတို့စမ်းသပ်စာမေးပွဲက တူရောတူလား??

ဒေတာအချက်အလက်များကကောင်းဖန်၏မျက်လုံးထဲတွင်ပေါ်လာပြီး;
ဆင့်ကဲပြောင်းလဲခြင်းပြီးဆုံး-- ပုံပန်းပျက်နေသောပြောင်းလဲမှု(
အရိုးခွံဖုတ်ကောင်လူဝံ)။

***

စာစဉ် ၂

စာစဉ် ၂

## *အခန်း ၁၉ အလယ်*
## *အလတ်အဆင့်သားရဲပျိုးထောင်သူတရားဝင်လက်မှတ်*

အဆိုပါ အရိုးခွံဖုတ်ကောင်လူဝံသည် ၎င်း၏အသားမရှိသောလက်များကို ငုံ့ကြည့်နေခဲ့သည်။ ယင်း၏စိတ်ခံစားမှုအခြေအနေကိုတော့ ၎င်း၏ မျက်လုံးအခေါင်းပေါက်မှနေတော့ ဘာမှမခွဲခြားနိုင်ပေ။

ထို့နောက် ၎င်းက ခေါင်းကိုမော့လိုက်ပြန်ကာ ထိုနေရာတွင်ပဲ ရပ်နေပြီး ဗလာအကြည့်များဖြင့် ကောင်းဖန်ကို ကြည့်နေခဲ့သည်။

[မကောင်းဆိုးဝါးအမည်] : အရိုးခွံဖုန်ကောင်လူဝံ

[မကောင်းဆိုးဝါးအဆင့်] : အဆင့်၁၁ (ထိပ်တန်းအဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း] : ပြီးပြည့်စုံခြင်း

[မကောင်းဆိုးဝါးအရည်အချင်း] : ဖုတ်ကောင်

## စာစဉ် ၂

[မကောင်းဆိုးဝါးအခြေအနေ] : အားနည်း (စိတ်လှုပ်ရှား)

[မကောင်းဆိုးဝါးအားနည်းချက်] : အလင်း

[ထင်ရှားခြင်းအဆင့်သို့မြှင့်တင်ရန်လိုအပ်ချက်များ] :

ပြီးပြည့်စုံခြင်းအဆင့်သားရဲ၊ အဆင့်၂ဂအထိအောင်မြင်အောင် အဆင့်တက်နိုင်တာနဲ့ ချက်ချင်း အုပ်ချုပ်သူအဆင့်သို့မြှင့်လိုက်နိုင်သည်။

ပြောရမည်ဆိုလျှင် ဒီသားရဲကသေချာပေါက်ကို အုပ်ချုပ်သူအဆင့်သားရဲဖြစ်လာမည်ပင်။ ၎င်းမှာ တစ်မြို့လုံးစာအဖိုးတန်ဟု ချဲ့ကားပြောဆိုခြင်းဖြစ်သော်လည်း သိပ်တော့ မဝေးလှတော့သည့်အနေအထားပင်။ အုပ်ချုပ်သူအဆင့်သို့သာရောက်သွားပါက များစွာအဖိုးတန်ပေမည်။ ၎င်းအဆင့်မှာ ရှားပါးကာ ဒါတင်မက ဖုတ်ကောင်ပုံစံသားရဲအမျိုးအစားဆိုလျှင် အရှားပါးဆုံးနံပါတ်တစ်နေရာတွင်ပင် ရှိနေသည်။ အကယ်၍များ

စာစဉ် ၂

ဖုတ်ကောင်အမျိုးအစားသဘောကျနှစ်သက်သူများသာ မြင်သွားခဲ့ပါလျှင် ၎င်းကိုဝယ်ရန် များစွာကုန်ကြခံကြပေလိမ့်မည်။

ဒါပေမယ့် ဒါတွေအားလုံးက ကောင်းဖန်နဲ့တော့မဆိုင်ပါဘူး။ ဤသားရဲကို သားရဲပျိုးထောင်သူအဖွဲ့အစည်းမှ ချပေးထားခြင်းသာဖြစ်သည်။ အခန်းနေရာနှင့်အသုံးပြုခဲ့သည့်ပစ္စည်းများပင်လျှင် သားရဲပျိုးထောင်သူအဖွဲ့အစည်းမှ ထောက်ပံ့ပေးထားသည်များသာဖြစ်သည်။ ဒါကြောင့် ကောင်းဖန်အနေဖြင့် အရိုးခွံဖုတ်ကောင်လူဝံကို ပိုဆိုခွင့်ရရန် မျှော်လင့်နေစရာအကြောင်းကိုမရှိပေ။

ဒါက သူ၏စွမ်းရည်အနည်းငယ်ကို ထုတ်ဖော်ပြသရုံသာဖြစ်သည်။ သူ၏စွမ်းရည်နှင့်ဆိုလျှင် လုံလောက်သည့်အဆင့်မြှင့်ဖို့လိုအပ်သော

စာစဉ် ၂

ပစ္စည်းများရှိနေသ၍ သားရဲများ၏အဆင့်ကိုအောင်အောင်မြင်မြင်ဖြင့် အဆင့်မြှင့်တင်နိုင်မည်သာ။

သူထွက်သွားဖို့လုပ်လိုက်သည့်အချိန်တွင် အရိုးခွံဖုတ်ကောင်လူဝံက ရုတ်တရက်ဆိုသလို သူ့လက်ကို ဆန့်တန်းကာ ကောင်းဖန်၏အင်္ကျီအစွန်းကို လှမ်းဆုပ်ကိုင်ကာ တိုးတိုးလေးအသံပြုလာသည်။

“မင်းရဲ့အဆင့်က တက်သွားပြီလေ၊ မင်းမကျေနပ်တာတစ်ခုခုရှိနေလို့လား?” ကောင်းဖန်ပြုံးလိုက်ရင်း သူ့အင်္ကျီကိုဆွဲထားသည့် အရိုးခွံဖုတ်ကောင်လူဝံ၏လက်ကို ဖြေလျှော့လိုက်သည်။

အရိုးခွံဖုတ်ကောင်လူဝံသည် အစောကအတိုင်း ဗလာအကြည့်များဖြင့် ကောင်းဖန်ကို ထပ်ကြည့်လာပြန်ကာ

## စာစဉ် ၂

ၿငင်း၏ပုံစံမှာ စွန့်ပစ်ခံရသည့်ကလေးတစ်ဦးအတိုင်းပင်။ ၿငင်း၏မျက်လုံးတွင်းထဲမှ မီးတောက်များသည်ပင် မှေးမှိန်လို့လာခဲ့သည်။

"ဒီလိုသားရဲမျိုးစိတ်အသစ်မျိုးကို အရင်ကတစ်ခါမှမမြင်ဖူးခဲ့ဘူး။" အဖွဲ့အစည်း၏ အကြီးတန်းအဖွဲ့ဝင်တစ်ဦးက သူ့ရင်ဘက်သူ ဆုပ်ကိုင်ရင်း အလွန်ရှားပါးကာ အဖိုးတန်သည့်အလှတရားတစ်ခုကို မြင်နေရသလိုဟန်ဖြင့် ပြောလာခဲ့သည်။

ထို့နောက် သူ၏စိတ်အားထက်သန်နေသည့်အကြည့်များက ကောင်းဖန်ဆီသို့ကျရောက်သွားသည်။ မဟုတ်သေးဘူး။ တကယ့်ရတနာအစစ်က သားရဲမျိုးစိတ်အသစ်မဟုတ်ဘူး။ ဒီသားရဲအသစ်ကို ဖန်တီးခဲ့တဲ့လူပဲ။

ကောင်းဖန်၏ငယ်ရွယ်လှသည့်အသက်က သူ့ကိုထိတ်လန့်လို့သွားစေသည်။ ထူးခြားလှတဲ့အရည်အချင်းပဲ! ပါရမီရှင်တစ်ဦးပဲ!

## စာစဉ် ၂

သူ့ခေါင်းထဲတွင် ထိုကလေးကိုချီးမွမ်းပြောဆိုဖို့ရန်အတွက် တုန့်ဆိုင်းသွားခြင်းမျိုးမရှိခဲ့ပေ။

"ဟ–ဟ၊ ဒီသားရဲက မင်းနဲ့တော်တော်ရင်းနှီးနေပုံရတယ်။" အဖွဲ့အစည်း၏အကြီးတန်းအဖွဲ့ဝင်က ကျယ်လောင်စွာရယ်မောရင်းပြောလိုက်သည်။

"ဒီလိုဆိုမှတော့ မင်းဒီသားရဲကိုယူလိုက်ပေါ့။"

"ဒါပေမယ့် ဒါရိုက်တာကြီး၊" ဝန်ထမ်းတစ်ဦးက မနေနိုင်တော့ဘဲ လှမ်းသတိပေးလိုက်ရတော့သည်။ သူ့အနေနှင့် ဒီသားရဲကို မပေးလိုက်ချင်ပုံပင်။

အခြားသောဝန်ထမ်းများ၏မျက်နှာများတွင်လဲ ရှုပ်ထွေးသည့်အမူအရာများ ရှိနေကြသည်။

## စာစဉ် ၂

ဒီလိုအောင်အောင်မြင်မြင်အဆင့်မြှင့်နိုင်ခဲ့သည့်သားရဲများကို ပုံမှန်အားဖြင့် အကောင်းဆုံးလုပ်ငန်းခွင်ကျင့်ဝတ်ရှိသည့် ဝန်ထမ်းများထဲမှ တစ်ဦးကို ဆုချီးမြှင့်သည့်အနေဖြင့် ပေးအပ်လေ့ရှိသည်။ ၎င်းကတော့ သားရဲပျိုးထောင်ခြင်းအဖွဲ့အစည်း၏ လူမှုရေးထောက်ပံ့မှုလုပ်ငန်းစဉ်တစ်မျိုးပင်ဖြစ်သည်။

ဒါကြောင့် ရုတ်တရက်ကြီး ဆုလာဒ်ဖြစ်လာနိုင်သည့်တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရခြင်းက အချို့အတွက်တော့ ခါးသီးမှုကိုခံစားရသည်က သဘာဝပင်။

ကောင်းဖန်သည်လဲ ထိတ်လန့်စွာဖြင့် သူ့ရှေ့ရှိ သားရဲပျိုးထောင်သူအဖွဲ့အစည်းမှ ဒါရိုက်တာဟု ထင်ရသော အသက်၃၀ ဝန်းကျင်လူကြီးကို ကြည့်လိုက်မိသည်။

“ဒီမြစ်နီလူဝံကို ဘယ်နှစ်ကြိမ်တောင်စမ်းသပ်ထားတာလဲ၊ ဟမ်? မင်းတို့က ငါတကယ်ဘာမှမသိဘူးလို့ ထင်နေကြတာလား?

## စာစဉ် ၂

အဖွဲ့အစည်းရဲ့စည်းမျဉ်းအရ သားရဲကို မဖယ်ရှားခင် ဘယ်နှကြိမ်အထိဘဲ စမ်းသပ်ခွင့်ပြုထားလဲ?" ဒါရိုက်တာ၏အမူအရာမှ အေးစက်သွားလာခဲ့သည်။

"ဒီကလေးမှာပါရမီရှိနေတာကံကောင်းလို့ပေါ့။ တခြားလူသာဆို သေချာပေါက် စစ်ဆေးမှုကို ကျရှုံးသွားကြမှာ။ ချန်အန်းသားရဲပျိုးထောင်ခြင်းအဖွဲ့အစည်းက ကျန်းမာသန်စွမ်းတဲ့သားရဲလေးတစ်ကောင်တောင် စစ်ဆေးမှုမှာပေးဖို့ မတတ်နိုင်ကြဘူးဆိုတဲ့ သတင်းတောင်မှ ပျံ့သွားနိုင်တယ်။ ငါအခုဒီကိုရောက်နေတာ မင်းတို့အလုပ်ကိုကောင်းကောင်းမလုပ်ကြတဲ့အတွက်!"

ထိုအခါတွင်တော့ ဝန်ထမ်းများ သူတို့ခေါင်းများကိုငုံ့သွားကြကာ ဘာစကားမှ ထပ်ပြောမလာတော့ပေ။

## စာစဉ် ၂

ဤနေရာနားသို့ရောက်နေကြသည့် ပြိုင်ပွဲဝင်များပင်လျှင် နေရခက်ကုန်ကြသည်။ ဒါရိုက်တာ၏စကားမှုအမှန်တရားဆိုလျှင်ပင် ဒီလောက်ထိ ရှင်းရှင်းကြီးထုတ်ဖော်ပြောဖို့ မလိုဘူးမဟုတ်လား။

သို့ပေမည့် ဒါရိုက်တာကတော့ ထိုဝန်ထမ်းများသည် သူ၏ဝန်ထမ်းများဖြစ်သည်။ သူ့တွင် မလိုအပ်ဆုံးကတော့ ဝန်ထမ်းများပင်ဖြစ်သည်။ ချန်အန်းတစ်မြို့လုံးကို သူလှည့်ရှာလိုက်ပါက ဒီနေရာတွင် အလုပ်လုပ်နိုင်ရန် လျှောက်ထားသူများမှာ မြင့်မားခိုင်မာလှသည့် ဘုရားတစ်ဆူကို တည်ဖို့ရန်ပင် လုံလောက်လှသည်။ သူ့အနေဖြင့် ဝန်ထမ်းများကို အစားထိုးဖို့ရန်က လွယ်လွယ်လေးပင်။

သို့ပေမည့် ကောင်းဖန်ကတော့ မတူညီပေ။ ကောင်းဖန်လိုမျိုးပါရမီပြည့်ဝသည့် တစ်စုံတစ်ယောက်ကို သူတွေ့ဖူးသည်မှာ ပထမဆုံးအကြိမ်ပင်ဖြစ်သည်။

## စာစဉ် ၂

သားရဲပျိုးထောင်သူပါရမီရှင်များရှိသည်ကို သူကြားဖူးထားခဲ့ပေမည့် ကိုယ်တွေ့တွေ့ဆုံဖို့ရန်ကတော့ တစ်ခါမှကံမကောင်းခဲ့ပေ။ ဒီနေ့လိုမျိုး လူကိုယ်တိုင်တွေ့ခွင့်ရမည့် အခွင့်အရေးမျိုးရှိလာလိမ့်မည်ဟုလဲ သူတစ်ခါမှမတွေးမိခဲ့ဖူးပေ။

သူသည် ကံကောင်းခြင်းကို မယုံကြည်သူဖြစ်သည်။ သားရဲပျိုးထောင်သူများအသုံးပြုရသည့် ပစ္စည်းများအားလုံးနှင့် အသုံးပြုပုံများသည် အလွန်တိကျလွန်းလှသည်။ အသုံးပြုသည့် ပစ္စည်းကအတိအကျတူလျှင်တောင်မှ မှန်ကန်သည့် ပမာဏနှင့် အချိုးအစားပေါင်းစပ်မှုမှာ မှားယွင်းခဲ့ပါက ကျရှုံးသွားပေလိမ့်မည်။

“လူငယ်လေး၊ မင်းစိတ်မရှိဘူးဆိုရင် ဒီလူကြီးချန်းကို နည်းနည်းပါးပါးသင်ယူနိုင်အောင်လို့ မင်းလုပ်ခဲ့တဲ့ လုပ်ငန်းစဉ်ကို ရှင်းပြပေးလို့ရမလား?” ဒါရိုက်တာကြီးက ရယ်မောကာပြောလိုက်သည်။

## စာစဉ် ၂

ဒီတောင်းဆိုမှုက ကောင်းဖန်ကိုထွက်ခွင့်ပြုတဲ့အကြောင်း ပြောပြလိုက်တဲ့နည်းလမ်းပင်ဖြစ်သည်။

စာမေးပွဲခန်းမထဲမှ လူမြောက်များစွာသည်လဲ ရုတ်တရက် နားဆွံ့ကုန်ကြသည်။

ကောင်းဖန် ခဏလောက်တွန့်ဆုတ်နေကာ စိတ်ထဲမှ သက်ပြင်းချလိုက်မိသည်။ သူသိုသိုသိပ်သိပ်မနေနိုင်တော့မှတော့ ဆန့်ကျင်ဘက်အနေနှင့် အကောင်းဆုံးလုပ်ပြရတော့တာပေါ့။

ဒါ့အပြင် ယနေ့အစီအစဉ်ပြီးသည့်နောက်မှာ သူ့အနေနှင့် သိုသိုသိပ်သိပ်နေဖို့ရန် မဖြစ်နိုင်တော့ပေ။

ကောင်းဖန်၏ပုံမှန်သမားရိုးကျအမူအရာမှနေပြီး လေးနက်သည့်အနေအထားသို့ပြောင်းလဲသွားခဲ့သည်။ ထို့နောက် မှန်ကန်တဲ့ခံစားချက်မျိုးရရှိစေရန် ခဏလောက် တိတ်ဆိတ်ငြိမ်သက်စွာ နေလိုက်သည်။

## စာစဉ် ၂

“အရင် မြစ်နီလူဝံကို စမ်းသပ်မှုတွေ ပြုလုပ်ခဲ့ကြတဲ့ ဖြေဆိုသူတွေက သူတို့ဘာလုပ်လို့လုပ်မှန်းတောင် မသိကြဘူးလို့ ကျွန်တော်ထင်တယ်။” ကောင်းဖန် အေးစက်စက်အနေအထားဖြင့်စပြောလိုက်သည်။ သူ၏စကားထဲတွင် ဘာအဖွဲ့အနွဲ့မှ မပါဝင်ပေ။

မြစ်နီလူဝံရဲ့နာမည်ထဲမှ ‘မြစ်’ဆိုတဲ့ စကားလုံးပါဝင်ပေမယ့် ၎င်းရဲ့အရည်အချင်းကတော့ ရေနဲ့နည်းနည်းလေးမှ မသက်ဆိုင်ပါဘူး။ သူ့ရဲ့ မြစ်နီလူဝံဆိုတဲ့နာမည်ဆိုတာက ဒီလူဝံတွေကို တွေ့ရှိခဲ့တဲ့ နေရာဒေသကိုလိုက်ပြီး ခေါ်ကြခြင်းဖြစ်သည်။

“တချို့အရူးတွေကတွေးကြတယ်၊ သူ့ရဲ့နာမည်မှာ “ မြစ်” ဆိုတဲ့စကားလုံးပါတဲ့အတွက် မြစ်နီလူဝံကိုအစာကျွေးဖို့ ရေပမာဏများပြားစွာပါတဲ့ အရာတွေနဲ့ ယင်ခတ်အမျိုးအစား အရောအနှောတွေကိုကျွေးရမယ်လို့ထင်ကြတယ်၊ အကယ်၍ရေအမျိုးအစား အရောအနှောတွေကို သုံးမယ်ဆိုရင်

## စာစဉ် ၂

ဒါကကောင်းပါတယ်။ ဒါပေမယ့်မြစ်နီလူဝံရဲ့အားနည်းချက်က တကယ်တော့ ယင်စွမ်းရည်ဘဲဖြစ်တယ်၊” ကောင်းဖန်ဆက်မပြောခင် ရပ်လိုက်သည်၊ “ဒီလိုတွေးခေါ်ပုံမျိုးနဲ့တော့ အဲ့လူကို ရှုံးနေတယ်လို့ မဆိုလိုပါဘူး။ ဆိုးရွားတဲ့လက်တွေ့စမ်းသပ်မှုတစ်ခုနှစ်ခုလောက်က ဒီမြစ်နီလူဝံကို ခုအခြေအနေလောက် ထိရောက်ဖို့ အကြောင်းတရားမလုံလောက်ဘူး။”

“အိုး၊ မင်းပြောနေတာမြစ်နီလူဝံရဲ့ ယင်စွမ်းရည်အားနည်းချက်ကိုပြောနေတာလား?” ဒါရိုက်တာချန်းကနည်းနည်းအံ့သြသွားတယ်၊ “သစ်သားအမျိုးအစားဖြစ်သင့်တာမဟုတ် ဘူးလား?”

“ဒြပ်စင်ငါးခုအကြားအပြန်အလှန်ဆက်သွယ်မှုအရ သစ်သားကမြေကြီးရဲ့တစ်စိတ်တစ် ပိုင်းဖြစ်သင့်သလား?”တစ်စုံတစ်ယောက်ကနားထောင်နေရင်းသူ့ရဲ့ဒွိဟဖြ စ်နေမှုကြောင့် အသံထွက်လာတော့သည်၊

“ရိုးရှင်းတဲ့ကိစ္စတွေမှာ ကျနော်တို့အတွက်ရှာဖွေဖို့ရိုးရှင်းတဲ့စမ်းသပ်မှုကလုံလောက်နေပြီ။

## စာစဉ် ၂

ဟုန်းရှယ်လူဝံ အရေအတွက်ကများများစားစားမရှိပေမယ့် သူတို့ကိုဖမ်းဖို့ကြတော့လည်း မခက်ပြန်ဘူး, ဟုတ်တယ်မလား?”ကောင်းဖန်ပေါ့ပေါ့ပါးပါးပြောလိုက်သည်။

“သားရဲတွေရဲ့ပင်ကိုအရည်အချင်းတွေက ဒြပ်စင်ငါးခုရဲ့တုန့်ပြန်မှုအတိုင်းအချိန်တိုင်း လိုက်မနေနိုင်ဘူး၊ ဒါကသူတို့အများစုကလုပ်ပေးရုံလောက်ဘဲ၊ အဲ့ဒီ စံသတ်မှတ်ချက်က နေသွေ့ဖယ်သွားတဲ့ တစ်ချို့ရှားပါး နမူနာသားရဲတွေတောင်ရှိနေသေးတယ်၊” ကောင်းဖန် ဆက်ပြောလိုက်သည်၊ ဒါကလည်း ဒါရိုက်တာချန်းကိုယ်တိုင်သိတဲ့အချက်ဘဲ ဖြစ်သည် ။ “ရေစွမ်းအင်နဲ့ ယင်စွမ်းအင်ရဲ့ခွန်အားက မြစ်နီလူဝံရဲ့ခန္ဓာကိုယ်ထဲမှာ အစကတည်းက နက်နက်ရှိုင်းရှိုင်းနဲ့စီးဆင်းနေပြီး သား, အဲ့တာတွေက ရိုးတွင်းခြင်ဆီတွေထဲ ထိစိမ့်ဝင် သွားတယ်၊ အဲ့တာတွေကိုခန္ဓာကိုယ်ထဲက ဖယ်ထုတ်ဖို့အတွက်က အချိန်နဲ့စွမ်းအားကို အရမ်းဖြုန်းသလိုဖြစ်သွားနိုင်တဲ့အတွက် ကြောင့် ပုံမှန်လုပ်နည်းနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ဟာကိုကျနော်လုပ်ဖို့ဆုံးဖြတ်ခဲ့တာဘဲ။”

## စာစဉ် ၂

"လွှန်ခဲ့တဲ့သုံးရက်က ကျနော်သူ့ရဲ့ ဝိဉာဉ်ခိုင်မာစေဖို့နဲ့ စွမ်းအင်ခိုင်မာအောင် ဖယောင်း နက်မြက်ပင်ပေးခဲ့တယ်၊ အဲ့ဒီနောက် ယင်စွမ်းအင်ဓာတ်ကိုအခြေခံအဖြစ်သုံးပြီး မသေမျိုး အမျိုးအစားနဲ့ ဖုတ်ကောင်အမျိုးအစားပစ္စည်းတွေအပါအဝင် ဖုတ်ကောင်သားရဲသလင်း အမြုတေကို သူ့ရဲ့ဆင့်ကဲဖြစ်စဉ် နှိုးကြွလာစေဖို့ပေးခဲ့တယ်၊" ကောင်းဖန်ဒီအပိုင်းကို လိုရင်းတိုရှင်းဘဲပြောလိုက်တယ်၊သူသုံးတဲ့ပစ္စည်းတွေက မည်သူမဆိုအလွယ်တကူရှာဖွေ နိုင်တဲ့ပစ္စည်းတွေမလို့ ဒါတွေနဲ့ပတ်သတ်ပြီးဖုံးကွယ်ထားစရာမရှိပေ။

ဤနည်းလမ်းတွေရဲ့ အခရာကျတဲ့အချက်ကတော့ချမှတ်ထားတဲ့ပမာဏအတိုင်းနှင့်ပစ္စည်း အစဉ်လိုက်ကိုသုံးသောကြောင့်ဖြစ်သည်။

ကောင်းဖန်က အရှုးမဟုတ်ပါ၊ သူလိုအပ်တဲ့ ပစ္စည်းတွေရဲ့အတိအကျပမာဏကို မတောင်း ဆိုခဲ့ပါ။ ပစ္စည်းအားလုံးအတွက် သူကလိုအပ်တာထက်နည်းနည်းပိုတောင်းခဲ့သည်။

## စာစဉ် ၂

အကယ်၍တစ်စုံတစ်ယောက်က ဒီလိုတူညီတဲ့စမ်းသပ်မှုမျိုးနှင့်သူသုံးတဲ့အစဉ်လိုက် ပမာဏဆိုလျှင် ထိုစမ်းသပ်မှုကကျရှုံးမှာဖြစ်သည်။

အကယ်၍တစ်စုံတစ်ယောက်က ကျိုးကြောင်းဆင်ခြင်၍ လိုအပ်တဲ့တိကျတဲ့အချိုးနဲ့ ပမာဏကိုသုံးလျှင်တောင်မှ စွမ်းအင်ပမာဏနှင့် သုံးစွဲရမည့်ပစ္စည်းအင်အားမှာ ကိန်းဂဏန်းအလွန်ကြီးမားသည်။

“တကယ်ကို ကြောက်ဖို့ကောင်းတဲ့လူငယ်ဘဲ” ဒါရိုက်တာချန်းကသူ့ခေါင်းကိုညိတ်ရင်း ပြောသည်၊ “အများဆုံး ကျူပ်ခွင့်ပြုချက်နဲ့ဘဲ ကန့်သတ်ပြီးပေးနိုင်တာကတော့ အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူတရားဝင်လက်မှတ်ဘဲ၊ မင်းယန်ကျင်းဌာနချုပ်ကို သွားပြီး အကဲဖြတ်အဆင့်ကိုကျော်ဖြတ်နိုင်ရင် သူတို့ခွင့်ပြုချက်နဲ့ အဆင့်မြင့်သားရဲပျိုးထောင်သူတရားဝင်လက်မှတ်ကိုရလိမ့်မယ်၊ မင်းရဲ့စွမ်းဆောင်ရည်နဲ့ဆိုရင် သာမန်

## စာစဉ် ၂

သားရဲပျိုးထောင်သူတရားဝင်လက်မှတ်ကိုဘဲရတာက မင်းအတွက်မတရားသလိုဖြစ်နေ လိမ့်မယ်၊”

“ကျနော်က ကံကောင်းသွားရုံပါ”, ကောင်းဖန်နှိမ့်ချစွာနဲ့ပြောလိုက်သည်။

“ဒါကသေချာပေါက်ကို သာမန်မဟုတ်တဲ့ ကံကောင်းမှုဘဲ” ဒါရိုက်တာချန်းကရယ်သည်။

လူအုပ်အတွင်းရှိလူများကတော့သေချာပေါက်ကိုစိမ်းဖန့်နေကာ မနာလိုအားကျ ဖြစ်နေ တော့သည်။ သူတို့မှာတော့ သာမန်သားရဲပျိုးထောင်သူတရားဝင်လက်မှတ်လေးရဖို့ကို သူတို့သွေးတွေ,ချွေးတွေ,မျက်ရည်တွေနဲ့အားစိုက်ထုတ်ကြရသည်၊ဒီမှာ ေ့ဒီကောင် လေးက ချက်ချင်းကိုဘဲ အလယ်အလတ်အဆင့်တရားဝင်လက်မှတ်ကိုရသွားပြီဖြစ်သည်။

သို့သော်သူတို့မနာလိုအားကျမှုများဖြစ်နေသော်လည်း သူ့တို့ကိုယ်ပိုင်အရည်အချင်းကို ကောင်းကောင်းသိ၍ ကြေးများမှုတစ်ခုကြောင့်ကန်ချမှုကိုတော့ ရှူးရှူးမိုက်မိုက်ခုန်ချမည်

စာစဉ် ၂

မဟုတ်ပေ။ အကယ်၍ သူတို့မှာအချိန်နှင့် ခွန်အားအပြည့်ရှိပါက သူတို့ သာမန်လက်မှတ် ရရန်အတွက် သေချာအာရုံစိုက်ကြမည်ကိုသိသည်။

ပွဲကြည့်ပရိတ်သတ်ဖြေဆိုသူများက အလျင်အမြန်ပင်ပျောက်သွားကြတော့သည်၊ ဒီနေ့ပွဲ ကသူတို့အတွက်ကြီးမားတဲ့လှုံဆော်မှုကိုပေးခဲ့သည်။

ဒါရိုက်တာချန်းရဲ့လက်ထောက်က အချိန်မဆွဲဘဲ ရိုးခွံဖုတ်ကောင်လူဝံရဲ့ သက်သေခံ ကတ်ပြားကိုပြုလုပ်လိုက်သည်၊ ရင်းနှီးမှုရှိသောသားရဲတိုင်း အစိုးရနှင့်မှတ်ပုံတင်ရမည်၊ ဒါကဥပဒေအရမဖြစ်မနေလုပ်ရမည့်အရာဖြစ်သည်။

သက်သေခံကတ်ပြားမရှိပါက အပိုင်သားရဲသည် တရားမဝင်နေထိုင်သူအဖြစ်ယူဆမည် ဖြစ်သည်။ ကတ်ဖြင့်သာ ပိုင်ဆိုင်သောသားရဲများကို ပြိုင်ပွဲများအတွက်လေ့ကျင့်ပေးရန် နှင့် ပြိုင်ပွဲများအတွက် သုံးနိုင်မည်ဖြစ်သည်။

သို့သော် ဒါတွေအားလုံးက ကောင်းဖန်အတွက် လုံးဝဥသုံပြီးဆုံးခြင်းမဟုတ်ပါ၊ အဆုံး တွင်ဒါရိုက်တာချန်းက တောင်းဆိုချက်ကိုတင်ပြခဲ့သည်၊ ကောင်းဖန်သည်လာမည့်နှစ်

## စာစဉ် ၂

ကမ္ဘာမြေသားရဲပျိုးထောင်သူပြိုင်ပွဲတွင်ချန်အန်းကိုယ်စားပြုအဖြစ်မျှော်မှန်းထားသည်။

ဒါရိုက်တာချန်သည် ကောင်းဖန်ကိုသူနှင့်ပါဝင်စည်းရုံးခြင်းမှရရှိသော အကျိုးအမြတ်အတွက်မှီခိုရန်မကြိုးစားသည့်အစား စိတ်ရင်းမှန်နှင့်ပင်တောင်းဆိုခဲ့သည်။

" ချန်အန်းမှာ သားရဲပျိုးထောင်သူပါရမီရှင်မျိုးဆက်က အနည်းငယ်ဘဲရှိတယ်၊ မင်းကငါတွေ့ဖူးသမျှထဲ မှာအရည်အချင်းအရှိဆုံးတစ်ယောက်ဘဲ, ဒါကြောင့်ကမ္ဘာမြေသားရဲပျိုးထောင်သူပြိုင်ပွဲ မှာချန်အန်းရဲ့ကိုယ်စားပြုအဖြစ်ပါဝင်ပေးဖို့ ငါစိတ်ရင်းနဲ့မျှော်လင့်ပါတယ်။"

ကမ္ဘာမြေသားရဲပျိုးထောင်သူပြိုင်ပွဲမှာ အသက်ကန့်သတ်မထားဘူး၊ လူကြီးပိုင်း,လူလတ် ပိုင်း,လူငယ်ပိုင်း အားလုံးက ကပ်ဆိုးကြီးဖြစ်ပြီးနောက်သုံးနှစ်အကြာမှာဘဲ လူတိုင်းက အခြေခံအားဖြင့် သားရဲပျိုးထောင်သူဖြစ်ရန် လမ်းကြောင်းတစ်ခုတည်းတွင် အတူတူ ရပ်နေကြသည်။

# စာစဉ် ၂

အစပိုင်းမှာတော့ ကောင်းဖန်သိပ်ပြီးစိတ်မဝင်စားပါ၊ ဒီကိစ္စက သူ့အတွက်စိတ်သောက ရောက်စေပြီး သူကထင်ရှားမှုမှာလည်း အရသာတွေ့တတ်တဲ့လူမျိုးမဟုတ်ပေ။

ဒါပေမယ့်ဒါရိုက်တာချန်းကထပ်ပြောလိုက်တယ် “ မင်းကထောင်ပေါင်းများစွာထဲမှာ ထိပ်ဆုံးဖြစ်နေရင် မင်းပါဝင်နေသမျှကာလပတ်လုံး ဆုရလိမ့်မယ်၊ မင်းရဲ့အနေအထား ပိုကောင်းလာလေ ဆုကောင်းတာရလေဘဲ၊ မင်း ထိပ်ဆုံးဆယ်ယောက်ထဲမှာပါအောင် လုပ်နိုင်ရင် မင်းအနည်းဆုံး မဟာမိတ်ခရက်ဒစ်၁၀,၀၀၀ရလိမ့်မယ်။

“ကြီးမားတဲ့စွမ်းအားနဲ့အတူ ကြီးမားတဲ့တာဝန်တွေလည်းလာလိမ့်မယ်၊ ကျွန်တော်လုပ်မယ် ဒါရိုက်တာချန်း; ခင်ဗျားထပ်ပြောစရာမလိုတော့ပါဘူး” ကောင်းဖန်တည်ငြိမ်စွာနဲ့ပြော လိုက်သည်။

သားရဲပျိုးထောင်သူအဖွဲ့အစည်းကနေထွက်ခွာပြီးနောက် ကောင်းဖန်သူ့ဘေးမှာရပ်နေတဲ့ ရိုးခွံဖုတ်ကောင်လူဝံကိုကြည့်လိုက်သည်၊ အကဲဖြတ်မှုကိုသွားပြီး နောက်ထပ် ရင်းနှီးသူ သားရဲတစ်ကောင်နဲ့

## စာစဉ် ၂

အဆုံးသတ်ရခြင်းသည် တစ်နည်းနည်းနဲ့မယုံနိုင်စရာကောင်းအောင် ခံစားရသည်။

ဟုတ်တာပေါ့, ကောင်းဖန်ဝိဉာဉ်ရဲ့စွမ်းအားက မလုံလောက်ဘူး; သူရိုးခွံဖုတ်ကောင်လူဝံနဲ့ အခြေကျတဲ့သွေးစာချုပ်ကို ချုပ်ဖို့ဆိုတာမဖြစ်နိုင်ဘူး၊ မလွဲတမ်းပြောရရင် ၎င်းကသူ့ရဲ့ ကိုယ်ပိုင်သားရဲလည်းခုထိမဖြစ်သေးဘူး။

ဒါပေမယ့် ခြားနားချက်ကတော့သိပ်မကြီးမားပါဘူး၊ သူ့သွေးစာချုပ်ကပျောက်နေတယ်၊

အတိအကျဆိုရင် သွေးစာချုပ်မှာ လူနဲ့သားရဲကြား သဘောတူညီမှုလိုအပ်တယ်ဆိုတော့ တခြားလူကဒီမိုက်မဲတဲ့လူဝံကိုသူ့ဆီကနေအဝေးကိုခေါ်သွားဖို့ဆိုတာကို ကောင်းဖန် ကြောက်မနေဘူး။

ဘုရားမပေးလို့ဘဲ, ဒါဖုတ်ကောင်အမျိုးအစားသားရဲဖြစ်ပြီး အစာစားစရာမလိုလို့, အဲ့လိုမှ မဟုတ်ရင်အစားအတွက်အသုံးစရိတ်ကသူ့အိမ်ထောင်စုအတွက် ပိုတိုးလာပြန်ဦးမယ်။ စိတ်ထဲတွင် ကျေးဇူးတင်ဖို့ကောင်းတဲ့အတွေးတွေနဲ့

# စာစဉ် ၂

ကောင်းဖန်သားရဲပျိုးထောင်သူအဖွဲ့ အစည်းကဝင်ပေါက်ကနေသူ့ရဲ့ ရိုးခွံဖုတ်ကောင်လူဝံနဲ့ထွက်လာတော့ ၁၀၀%သောလူ တွေရဲ့ခေါင်းတွေကလှည့်လာကြသည်။

***

## စာစဉ် ၂

### *အခန်း ၂၀ လွန်ကဲစွာ အာဟာရခေါတ်ပြည့်ဝနေခြင်း*

အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူလက်မှတ်ကို အိတ်ထဲတွင်ထည့်ရင်း ကောင်းဖန်၏စိတ်နှလုံးနွေးထွေးလာခဲ့ရသည်။

လူတွေကတော့ ဒီလက်မှတ်ရှိရင် ကောလိပ်ဝင်ခွင့်စာမေးပွဲအတွက် အပိုအမှတ်၃၀ထည့်ပေါင်းပေးတယ်လို့ ပြောကြတာပဲ။ ကောင်းဖန်တွေးလိုက်မိသည်။

ရင်ပြင်ကြီးသည် အေးစိမ့်ကာ အားပေးမှုများ ကင်းမဲ့လို့နေသည်။ ဒီနေရာမှာ ဘယ်သူမှ စောင့်မနေခဲ့ကြပေ။ သူငယ်ချင်းများနှင့်မိသားစုများသည်လဲ အိမ်သို့ပြန်သွားကြပြီဖြစ်သည်။ ပြီးတော့ လက်တွေ့စစ်ဆေးမှုကလဲ တစ်ပတ်လုံးကြာခဲ့ပြီဖြစ်သည်။

ဘက်စ်ကားဂိတ်တွင် ကောင်းဖန်ဘေး၌ အရိုးခွံဖုတ်ကောင်လူဝံက ထိုင်နေခဲ့ကာ နှစ်ယောက်လုံး စကားမပြောတာကြောင့်

တိတ်ဆိတ်လို့နေသည်။ ၎င်းသည် တစ်နေ့ကုန် လှုပ်ရှားခြင်းမရှိဘဲ ရပ်နေနိုင်သလို နာကျင်မှု သို့မဟုတ် ထိတွေ့မှုကိုလဲ အာရုံမခံနိုင်ပေ။

မကြာခင်တွင်ပဲ ဘက်စ်ကားက မှတ်တိုင်သို့ရောက်ရှိလာခဲ့သည်။ ယာဉ်မောင်းသူက ကောင်းဖန်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် အေးအေးဆေးဆေးပင် ရှေ့သို့ပြန်လှည့်သွားခဲ့သည်။ ထို့နောက်တွင်မှ ရုတ်တရက် မျက်လုံးပြူးမျက်စံပြူးဖြင့် တစ်ဖန်လှည့်ကြည့်လာခဲ့ပြန်သည်။ အရိုးခွံဖုတ်ကောင်လူဝံ! ယာဉ်မောင်း၏အတွေးပင်ဖြစ်သည်။

တစ်ခုခုတော့ မှားနေပြီ။

ယာဉ်မောင်းဦးလေးကြီးက နောက်တစ်ဖန် အရိုးခွံဖုတ်ကောင်လူဝံကို စိုက်ကြည့်လိုက်ပြန်သည်။

“ဆာရ်၊ ဒီသားရဲမှာ သက်သေခံကတ်ပြားရှိပါတယ်။ ကြည့်ပါ၊ ဒါသူ့ရဲ့သက်သေခံကတ်ပြားပါ။” ကောင်းဖန် သက်သေခံကတ်ပြားကို

## စာစဉ် ၂

ယာဉ်မောင်းအား ပြလိုက်သည်။ ထိုကတ်သည် ဒါရိုက်တာချုန်း၏အကူအညီဖြင့် ပြုလုပ်ထားခဲ့ခြင်းဖြစ်သည်။

ယာဉ်မောင်းလဲ သက်သေခံကတ်ကိုယူကာ စစ်ဆေးကြည့်လိုက်ပြီးနောက် အရိုးခွံဖုတ်ကောင်လူဝံကို ကြည့်လိုက်ပြန်သည်။ သက်သေခံကတ်ပြားထဲတွင် အရိုးခွံဖုတ်ကောင်လူဝံသည် မိုက်မဲသည့်မျက်နှာထားဖြင့် ကင်မရာကို စိုက်ကြည့်နေခဲ့သည်။

“ဒါအတွက် သုံးယောက်စာစီးနင်းခကျမှာပါ။” ယာဉ်မောင်းက ကောင်းဖန်ကို ပြန်ပြောလိုက်သည်။

သားရဲများသည်လဲ ဘက်စ်ကားခပေးရပေသည်။ သားရဲ၏ပုံစံအရွယ်အစားအလိုက် ဘက်စ်ကားခလဲ အမျိုးမျိုးရှိသည်။

ဘက်စ်ကားထဲဝင်ပြီးနောက် လျှောက်လမ်းအတိုင်းကောင်းဖန်နောက်မှနေပြီး

## စာစဉ် ၂

အရိုးခွံဖုတ်ကောင်လူဝံလိုက်သွားခဲ့သည်။

သူတို့နှစ်ဦး၏ထူးခြားလှသည့်အသွင်အပြင်က လူတိုင်း၏အာရုံကို ဆွဲဆောင်သွားခဲ့သည်။

"ဟေ့လူ၊ ခင်ဗျားအဲ့ဒီသားရဲကို ဘယ်ကရခဲ့တာလဲ။ အရမ်းမိုက်တာပဲ!" ဆံပင်အဝါရောင်ဆိုးထားသည့် လူငယ်က စိတ်လှုပ်ရှားစွာဖြင့် မေးမြန်းလိုက်သည်။

ကောင်းဖန်ထိုလူငယ်ကို တစ်ချက်ကြည့်လိုက်ပေမည့် ဘာမှတော့ပြန်မဖြေခဲ့ပေ။ သူဘာများပြန်ဖြေနိုင်မှာလဲ? ဒါက သူစမ်းသပ်ဖန်တီးထားတဲ့ သားရဲလို့လား?

ကောင်းဖန် သူ့ကိုလျစ်လျူရှုလိုက်သည်ကို တွေ့လိုက်ရတော့ ဆံပင်အဝါနှင့်လူငယ် မပျော်မရွှင်ဖြစ်သွားကာ မျက်နှာထက်တွင်လဲ ရက်စက်သည့်အမူအရာများ ပေါ်ထွက်လာသည်။

## စာစဉ် ၂

ရုတ်တရက်ဆိုသလို အလွန်တိတ်ဆိတ်နေသည့် အရိုးခွံဖုတ်ကောင်လူဝံက ရှေ့သို့တက်လာကာ ၎င်း၏ခြေအိတ်မရှိသည့် ခြေထောက်များတွင်ပင် မီးတောက်လို့လာပြီး ဟိန်းဟောက်လိုက်သည်။

ဆံပင်အဝါနှင့်လူငယ်သည်တော့ တုန်လှုပ်ချောက်ချားသွားကာ နောက်သို့ပင် နှစ်လှမ်းဆုတ်လိုက်မိပြီး အတင်းဖျစ်ညှစ်ပြုံးလိုက်ပြီး၊ “ဟေ့လူ၊ စိတ်အေးအေးထားပါ၊ ငါက အန္တရာယ်ပြုချင်လို့မဟုတ်ပါဘူး။ ဒီရင်းနှီးကောင်က အရမ်းမိုက်လို့ ငါလဲ ဝယ်ချင်ရုံပါ။ မင်းမပြောပြချင်လဲ ကိစ္စမရှိပါဘူး။ ငါတို့က လူယဉ်ကျေးတွေပဲ တိုက်ခိုက်စရာမလိုက်ပါဘူး။”

“ဒမ်ဘီ၊” ကောင်းဖန် ခေါ်ဆိုရင်း အရိုးခွံဖုတ်ကောင်လူဝံကို ကြည့်ကာ ဆူလိုက်သည်။

ဒမ်ဘီ : ဒါကတော့ အရိုးခွံဖုတ်ကောင်လူဝံကို ကောင်းဖန်ပေးထားတဲ့နာမည်ပါ။ ၎င်းက တစ်ကောင်တည်းရှိနေချိန်ဆို အမြဲတမ်း တိတ်ဆိတ်ကာ စကားပြောလေ့မရှိတာကြောင့်ဖြစ်သည်။

## စာစဉ် ၂

အရိုးခွံဖုတ်ကောင်လူဝံလဲ လှည့်လာကာ သူ့ပိုင်ရှင်ကို ကြည့်လိုက်သည်။ ဒမ်ဘီက သူ့ခေါင်းကို ငုံ့လိုက်ကာ နောက်ပြန်ဆုတ်ပြီး ကောင်းဖန်နောက်တွင် ဝင်ရပ်လိုက်သည်။

အခြေအနေပုံမှန်ပြန်ဖြစ်သွားသည့်နောက် ကောင်းဖန်တစ်ယောက် ကြယ်တစ်ပွင့်ထပ်ဖြစ်လာခဲ့ပြန်သည်။ သူဘယ်ကိုပဲသွားသွား လူတွေရဲ့အာရုံစိုက်ခြင်းကို ခံနေရတာပဲ။ ကလေးဆိုးတစ်အုပ်ကြီးသည် ကောင်းဖန်နောက်သို့လိုက်ကာ အရိုးခွံဖုတ်ကောင်လူဝံကို ခေါင်းစခြေဆုံး စိတ်ဝင်တစားကြည့်နေကြသည်။ အချို့ရဲသည့်ကလေးများဆိုလျှင် လူဝံကို ကျောက်ခဲများဖြင့်ပင် ပစ်လာခဲသည်။

"ဟော့၊ ဒီမကောင်းဆိုးဝါးသားရဲကြီးကို ပစ်ပေါက်ကြရအောင်!"

ကောင်းဖန် ကူကယ်ရာမဲ့နေတော့သည်။ 'ငါ ဒမ်ဘီအတွက် ခြုံထည်အမဲတစ်ခုလောက် လုပ်ပေးလိုက်ရင်ပိုကောင်းမယ်။' မဟုတ်ရင် အရမ်းကို မျက်စိထဲ ထင်းခနဲဖြစ်နေတယ်။

## စာစဉ် ၂

ဖုတ်ကောင်ရင်းနှီးကောင်များသည် ချန်အန်းနယ်မြေတွင်ရှားပါးကြသည်။ သူတို့အတွက် သင့်တော်သည့်နေရာလဲမရှိတာကြောင့် ဖုတ်ကောင်ရင်းနှီးကောင်တစ်ကောင်ကို မြင်ဖူးသည့်လူမှာ အနည်းစုသာရှိသည်။ ဒါကြောင့်လဲ အခုလိုမျိုးဖြစ်ရပ်တွေဖြစ်နေရတာပေါ့။

သို့သော်လည်း ရှန်းရှီတွင်တော့ ဖုတ်ကောင် နှင့်မသေမျိုးရင်းနှီးကောင်များ စုရုံနေထိုင်ကြသည်ဟု လူအများကဆိုကြသည်။

အပေါ်ထပ်သို့တက်လာချိန်တွင် အားလုံးတိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ အနည်းငယ်သော စိတ်ရှုပ်စရာကောင်းလှသည့် အိမ်နီးချင်းသားရဲများသည်လဲ ဒီကနေ့ တိတ်ဆိတ်နေကြသည်။ ထိုသို့ စိတ်ဝင်စားစရာကောင်းစရာဖြစ်နေသည့်

## စာစဉ် ၂

အကြောင်းကို ကောင်းဖန်သိလိုက်ကာ သူ့နောက်တွင်ရှိနေသည့် ဒမ်ဘီကို လှည့်ကြည့်လိုက်သည်။

“အန်ကယ်လျို၊ ကျွန်တော်ပြန်ရောက်ပြီ။” ကောင်းဖန် ဦးလေးလျို၏အိမ်တံခါးကို ခေါက်ရင်း ပြောလိုက်သည်။

တံခါးမဖွင့်ခင်မှာပဲ တဒ္ဓဇီကစိတ်လှုပ်ရှားကာ တရှူးရှူးတရှဲရှဲလုပ်နေတော့သည်၊ ဦးလေးလျိုရဲ့စိတ်တိုတဲ့အသံကနောက်ကလိုက်လာတော့သည်၊ “မင်း ကျေးဇူးမသိတတ်တဲ့ အဆိုးပေလေး,ငါမင်းအတွက်နေ့တိုင်း ပြုစုပေးရတာ, မင်းကိုကောင်းတဲ့အစာနဲ့သောက်စရာပေးတယ်, ခုကြည့်စမ်း ငါ့ကိုဘယ်လိုကျေးဇူးဆပ်လိုက်လဲဆိုတာ!! မင်းသခင်ပြန်လာ တာစက္ကန့်ပိုင်းလောက်ရှိသေးတယ် ကြည့်စမ်းမင်းဘယ်လောက်တောက်စိတ်လှုပ်ရှားနေ လဲဆိုတာ။”

တဒ္ဓဇီ အဆက်မပြတ်တောင်းဆိုပြီးနောက်မှာ ကောင်းဖန်နောက်ဆုံးမှာတော့ တံခါးကြား ထဲက

# စာစဉ် ၂

မတရားဖျစ်ညစ်ပြီးရုန်းကန်လှုပ်ရှားနေတဲ့ ဝတုတ်နေတဲ့ ခရမ်းရောင်ပုံရိပ်ကို မြင်လိုက်ရသည်။

ကောင်းဖန် ခေါင်းကိုငုံကာ တံခါးကြားထဲညှပ်နေတဲ့တာ့ဇီကို အံ့သြစွာနဲ့ကြည့်နေတော့ သည်၊

သောက်ကျိုးနည်း ဒီလောက်ကြီးမားနေတဲ့အကောင်က ဘယ်ကလဲလို့ ကောင်းဖန်တွေးမိ လိုက်၏၊

အကယ်၍ အချက်အလက်ပြဇယားမှာ တာ့ဇီရဲ့ကျန်းမာရေးအကြောင်းကိုပြသခြင်းမရှိပါ က သူ့တာ့ဇီက ဒီရက်တွေအတွင်း ဒမ်ဘီထက်တောင်မှ ပြင်းထန်သည့်နှိပ်စက်ညှင်းပန်းမှုများခံခဲ့ရတယ်လို့ သက်ာမကင်းဖြစ်မိလိမ့်မည်။

သူ့ရဲ့တောက်ပနေတဲ့ခရမ်းရောင်ကျောခွံက ဆီသုတ်ထားသလိုတောက်ပြောင်နေပြီး သူ့ရဲ့ ရှည်လျားချွန်ထက်တဲ့ ခြေချောင်းတွေက အဝါရောင်ပုတိုတိုတြိဂံပုံပိရမစ်လိုဖြစ်နေသည်။

# စာစဉ် ၂

တာ့ဇီရဲ့အရင်ပုံစံက ရှည်လျားတဲ့ ဝါးတူတွေလိုဖြစ်ပြီး ယခုကတော့ကို့ယို့ကားယားနိုင်တဲ့ ခရမ်းရောင်စကိတ်ဘုတ်နဲ့တူနေသည်။

ကောင်းဖန်ရဲ့ အပြုံးက နှုတ်ခမ်းထောင့်စွန်းတွင်တွန့်သွားတော့သည်၊

"အန်ကယ်လျို ရိုးရိုး သားသားပြောပါ, သူ့ကိုဘာတွေကျွေးထားတာလဲ"

ဦးလေးလျိုကသူ့ရဲ့အနီးမှုန်မျက်မှန်ကို အနောက်သို့တွန်းလိုက်ပြီး ဖြေးညှင်းစွာနဲ့ရှင်းပြ လိုက်သည်။

"မင်းရဲ့တာ့ဇီက နည်းနည်းလေးဘဲစားတာ,ဒါကြောင့်ဒီလိုပိန်ချောက်ချောက် ဖြစ်နေတာပေါ့၊ ငါသူ့ကို အာဟာရပြည့်ဝတဲ့အစာတစ်ချို့ကျွေးတယ်၊ အစာများများစား လေကြီးလာလေဖြစ်မှာလေ၊ သန်မာတဲ့ခွန်အားဆိုတာကလည်း စွမ်းအားဘဲလေ။"

သန်မာတယ်??

## စာစဉ် ၂

ဦးလေးလျိုရဲ့စကားများက အဓိပ္ပါယ်ရှိသော်လည်း သူ့ကိုယ်သူတော့လက်ခံနိုင်ဖို့ဆိုတာ မဖြစ်ဘူး၊ ကောင်းဖန် ယခုအခြေအနေမှာ ဒီလိုသန်မာလှတဲ့သားရဲနဲ့ ဆက်သွယ်မှုတစ်ချို့ မတည်ဆောက်နိုင်သေးဘူး။

"သူကိုယ်အလေးချိန်ကိုထိန်းဖို့လိုတယ်,ဒါမှ သူ့ရဲ့ကြွက်သားတွေဖွံ့ဖြိုးလာပြီး သန်မာလာမှာလေ၊ ပြည့်ဖောင်းမနေရင်ဘယ်လိုလုပ် သန်မာနိုင်တော့မှာလဲ၊ မဝရင်မသန်မာဘူး ဘဲ!!" အန်ကယ်လျိုရဲ့မိန့်ခွန်းပြီးတဲ့နောက် ကောင်းဖန်နောက်မှာတိတ်တဆိတ်ရပ်နေတဲ့ ဒမ်ဘီ ကိုတွေ့လိုက်တယ်။

ဦးလေးလျိုက လည်ချောင်းရှင်းပြီးတဲ့နောက် ထို ဒမ်ဘီကို မမြင်ချင်ယောင်ဆောင်ကာ တခြားနေရာသို့ရွှေ့လိုက်သည်။

ကောင်းဖန်ရဲ့ဒေတာဘေစ့် ဇယားမှာတော့ အပိုစာလုံးနှစ်လုံးကိုပါ ပြင်ဆင်လိုက်သည်၊ *လွန်ကဲစွာ အာဟာရဓာတ်ပြည့်ဝနေခြင်း*

ကောင်းပြီ, ဦးလေးလျို၏ ဆိုလိုရင်းကကောင်းပါတယ်၊ ဒါပေမယ့် ဦးလေးလျိုကသေချာပေါက် "အာဟာရဖြစ်တဲ့အစာအချို့" ဆိုတာကိုပိုပြီးကျွေးခဲ့မယ်ဆိုတာ ယုံကြည်နေတယ်။

## စာစဉ် ၂

"ဦးလေးကို ဒီရက်တွေအတွင်း အနှောက်အယှက်ပေးရတာအတွက် တောင်းပန်ပါတယ်၊ ဦးလေးရဲ့ကြင်နာမှုအတွက်ကျေးဇူးတင်ပါတယ်။" ကောင်းဖန်ပြုံးလိုက်ကာ ခဏလောက် ရပ်လိုက်သည်၊ "ကျနော် သားရဲပျိုးထောင်သူတရားဝင်လက်မှတ်ရခဲ့တယ်"

"တကယ်?" အန်ကယ်လျိုအံ့ဩသွားပေမယ့် ပျော်ရွှင်သွားသည်။

"တော်တယ်၊ တကယ်ကိုတော်တယ် ငါ့ကောင်လေး" အန်ကယ်လျိုကခေါင်းညိတ်ကာ ကျေနပ်နေတော့သည်၊ "မင်းကခုမှာ၈ဘဲရှိသေးတယ်, ဟုတ်တယ်မလား? မင်းအသက် အရွယ်မှာ ဒီသားရဲပျိုးထောင်သူသားရဲတရားဝင်လက်မှတ်ကို မင်းအရွယ်နဲ့ရတာ တကယ် မိုက်တယ်။"

ကောင်းဖန်က ဦးလေးလျိုကို သူတကယ်ရတာ အလယ်အလတ်သားရဲတရားဝင်လက် မှတ်ဖြစ်ကြောင်းပြောမလို့ပေမယ့်သူ့နောက်က တာ့ဇီရဲ့ ဒေါသထွက်ပြီးငိုတဲ့အသံကို ကြားလိုက်သည်။

သူနောက်ကိုလှည့်ကြည့်လိုက်တော့ တာ့ဇီကသူနဲ့ ဒမ်ဘီကြားထဲမှာလဲလျောင်းနေပြီး သူ့ကိုကာကွယ်ပေးဖို့

## စာစဉ် ၂

သူ့ခြေထောက်ပတ်ပတ်လည်မှာ စက်ဝိုင်းခြမ်းပုံစံခြစ်ထားသည်၊ ဒမ်ဘီကတာ့ဇီကို ရွှေ့တောင်မရွှေ့ဘဲကြည့်နေချိန် တာ့ဇီကစူးစူးဝါးဝါးကြည့်နေပြီး ဟောက်နေသည်။

" ကောင်းပြီ,ကောင်းပြီ,ဒါဘာလဲ?" အန်ကယ်လျိုက ဒမ်ဘီကိုပထမဆုံးသတိထားမိပြီး အံ့သြဟန်ဆောင်ကာ ပြောသည်။

"ဒါက ဒမ်ဘီ"ကောင်းဖန် သားရဲပျိုးထောင်သူအဖွဲ့အစည်းက ဇာတ်ကြောင်းအားလုံးကို ဦးလေးလျိုအားအတိုချုပ်ရှင်းပြခဲ့သည်။

ဦးလေးလျိုက ကောင်းဖန်ကို ထူးခြားစွာကြည့်လိုက်သည်။

သူက ကောင်းဖန်မှာ သားရဲတွေကိုပျိုးထောင်တဲ့အရည်အချင်းအချို့ရှိတယ်လို့ သူစဉ်းစားဖူးတယ်, ဒါပေမယ့် အခုအခြေအနေအရ သိပ်မရိုးရှင်းလှဘူး။

ဦးလေးလျိုကျေနပ်သွားသည်။

ဒါပေမယ့်အရည်အချင်းကို မြင်သာအောင် စောစောထုတ်မပြသင့်ပေ။ တောအုပ်ထဲရှိအမြင့်ဆုံးသစ်ပင်က လေ၏တိုက်ခိုက်မှုကို အစောဆုံးခံရတတ်သည်၊ အထူးသဖြင့် ကမ္ဘာအသစ်၏အထားအသိုများ ဖြည့်တင်းနေချိန်တွင်

## စာစဉ် ၂

ညစ်ညမ်းသောအပေးအယူကိစ္စများမှာ
သံသယဖြစ်စရာမရှိဘဲဖြစ်နေသည်။

ခဏအတန်ကြာတိတ်ဆိတ်နေပြီးနောက်

ဦးလေးလျိုကပြောလာသည်, "ရှောင်ဖန်,

ဘာကြောင့်သားရဲလေ့ကျင့်သူတွေက မြင့်မားတဲ့အဆင့်ရှိနေလဲသိလား?

ငါတို့လို ပိုင်ဆိုင်တဲ့သားရဲရှိသူတွေက ဘယ်လောက်ဘဲသန်မာနေပါစေ

သူတို့က အတ္တကြီးတဲ့သူတွေချည်းဘဲ၊

စနိုက်ပါသေနတ်ကိုင်တဲ့ကောင်တွေက ငါတို့ကို

အလွယ်လေးခြိမ်းခြောက်နိုင်တယ်။"

***

# စာစဉ် ၂

## *အခန်း ၂၁ ကောင်းကင်ပေါ်က ပိုင်မုန့်*

"သားရဲလေ့ကျင့်သူတွေက အဆင့်တစ်ခုအထိရောက်ပြီဆိုရင် သူတို့ရဲ့ရှင်သန်ရာအတွက် နည်းစနစ်တွေ တီထွင်နိုင်တယ်လို့ ကျွန်တော်ကြားဖူးထားတယ်။" ရုတ်ရက် ကောင်းဖန် အတွေးတစ်ခုဝင်လာတာကြောင့် မျက်မှောင်ကြုတ်လိုက်သည်။

"အမှန်ပဲ၊ ဒါပေမယ့် လေ့ကျင့်သူတစ်ယောက်ရဲ့ ရှင်သန်မှုဟာ နည်းနစ်တစ်မျိုးတည်းနဲ့ပဲ ကန့်သတ်မထားဘူး။ ဒီနည်းနစ်ကို အသုံးမပြုနိုင်ခင် လေ့ကျင့်သူက သေချာပေါက် အဆင့်တစ်ခုရောက်နေဖို့ မလိုအပ်ဘူး။" ဦးလေးလျို အရိပ်အမြွက်တစ်စုံတစ်ရာပေးလိုဟန်ဖြင့် ပြောကြားလိုက်သည်။

## စာစဉ် ၂

ထိုစကားကိုပြောပြီးနောက် ဦးလေးလျိုက စကားလမ်းကြောင်းကို ဆက်ပြီးဖော်ထုတ်လိုဟန်ဖြင့် ထိုနေရာတွင်ပဲ ဆက်ပြီးမတ်တပ်ရပ်နေခဲ့သည်။

လုပ်စမ်းပါ၊ အဲ့လိုနည်းစနစ်မျိုး ဘယ်လိုရမလဲဆိုတာ ငါ့ကိုမေးလိုက်စမ်းပါ။

“အမ်၊ ကျွန်တော့်ကို ဉာဏ်အလင်းပွင့်အောင် ပြောပြပေးလို့ ကျေးဇူးတင်ပါတယ်။” ကောင်းဖန် ထိုစကားသာပြောပြီး ခေါင်းတစ်ချက် ညိတ်ပြကာ ပြန်ဖို့လှည့်လိုက်သည်။

“.......”

ဦးလေးလျို သူ့လည်ချောင်းကို တစ်ချက်ရှင်းလိုက်ကာ၊ “နေဦး၊ တကယ်တော့ ငါ့မှာ အခု မင်းနဲ့သင့်တော်မယ့် သားရဲလေ့ကျင့်သူရှင်သန်ရေးနည်းစနစ်တစ်ခုရှိတယ်။”

## စာစဉ် ၂

ကောင်းဖန် ဦးလေးလျိုကို သတိကြီးစွာဖြင့် တစ်ချက်ကြည့်လိုက်သည်။ ဦးလေးလျိုတွင် သူ့မျက်လုံးနှင့်မြင်နေရသည့် အနေအထားထက် အခြားသော အကြောင်းအရာများ ရှိနေကြောင်း သူအခုထိ သတိမထားမိပါက သူ့ခေါင်းသာ နံရံနှင့်သာ ဝင်စောင့်လိုက်သည့်ပေပြီ။ သို့ပေမည့် ဦးလေးလျိုကတော့ သူမည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်လိုခြင်းရှိပုံမရမှတော့ ကောင်းဖန်ကလဲ ဦးလေးလျိုအကြောင်း တမင်တကာ ဖော်ထုတ်နေစရာအကြောင်း မရှိပေ။

လူတိုင်းတွင် သူတို့ကိုယ်ပိုင်လျှို့ဝှက်ချက်များရှိပေသည်။ သူသာ အရာအားလုံးကို အောက်ခြေကနေပြီး ဖော်ထုတ်ဖို့ကြိုးစားနေပါက သူ့မိတ်ဆွေတစ်ယောက်သာ ဆုံးရှုံးသွားမည်ဖြစ်သည်။

ဦးလေးလျိုက သူ့ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ကာ ခေါင်းညိတ်လိုက်သည်။ ရုတ်တရက် ဦးလေးလျိုနားတွင်

စာစဥ် ၂

ပြောင်းလဲမှုရှိသွားသည်ဟု ကောင်းဖန်ခံစားလိုက်ရပေမည့် သူ့ဘာသာထင်ယောင်နေခြင်းလဲဖြစ်နိုင်တာကြောင့် မသေချာပေ။

ဦးလေးလျိုက ဆက်ပြီး လေးနက်သည့်အသံအနေအသံထားဖြင့် ပြောလာခဲ့သည်။ “ငါ မင်းကိုပြောပြမယ့် လျှို့ဝှက်နည်းစနစ်အကြောင်း ဘယ်သူ့ကိုမှ ဘယ်တော့မှ ထုတ်မပြောရဘူး။ မဟုတ်ရင် မင်းအတွက် ပြဿနာတွေပဲ တက်လာလိမ့်မယ်။”

“ကျွန်တော် နားလည်ပါပြီ။” ကောင်းဖန် ခေါင်းညိတ်လိုက်သည်။

ကောင်းဖန်၏စိတ်ထဲတွင် ဦးလေးလျိုက သူ့နဖူးပေါ်သို့ လက်ညှိုးတစ်ချောင်းဖြင့် ထောက်လိုက်ပြီး သူ့စိတ်ထဲသို့ နည်းစနစ်အကြောင်း အသိပညာတွေအားလုံး တိုးဝင်လာလိမ့်မည်ဟု စိတ်ကူးကြည့်လိုက်မိသည်။

သို့ပေမည့် တကယ်တမ်းတွင်တော့ ဦးလေးလျိုက ရိုးရိုးရှင်းရှင်းပင် စာရွက်တစ်ရွက်ကို ထုတ်ယူက ဘောပင်နှင့် စပြီးချရေးလိုက်သည်။

# စာစဉ် ၂

သူရေးပြီးသွားသည့်နောက် ကောင်းဖန်ကို ကမ်းပေးလိုက်ကာ၊

“ဒါကို အလွတ်ကျက်လိုက်၊ ပြီးတာနဲ့ မီးရှို့ပစ်။”

ကောင်းဖန် စာရွက်ကို ယူလိုက်ကာ စပြီး အသေအချာဖတ်ရှုလိုက်သည်။ သူ့မှတ်ဉာဏ်က အမြဲကောင်းမွန်နေခဲ့လို့သာပေါ့ မဟုတ်ရင် အတန်းထဲမှာ ဘယ်လိုလုပ်အဆင့်ကောင်းကောင်းရနေပါ့မလဲ။ နောက်ဆုံးတော့ အသိပညာများစွာကို သူအလွတ်စမှတ်လိုက်သည်။

ခဏအကြာတွင်တော့ ကောင်းဖန် ခေါင်းတစ်ချက်ညိတ်လိုက်သည်။ ထို့နောက် ဦးလေးလျို၏အိမ်ထဲမှ မီးခြစ်ဆံတစ်ချို့ကိုယူက စာရွက်ကို ပြာဖြစ်သည်အထိ စောင့်ကြည့်ရင်း မီးရှို့လိုက်သည်။

ကောင်းဖန် အားလုံးကို သေချာအလွတ်ရသွားရဲ့လားဆိုသည်ကို ဦးလေးလျို မမေးပေမည့် သူဒီနေ့လေ့လာခဲ့ရသည့်အရာများကို ဘယ်တော့မှ ထုတ်ဖော်မပြောရန်တော့ ထပ်မံသတိပေးခဲ့သည်။

## စာစဉ် ၂

အနည်းဆုံးတော့ သူ့ကိုယ်သူကောင်းကောင်းကာကွယ်နိုင်သည်အထိ အင်အားမကြီးမားလာခင်အထိ ထုတ်ဖော်မပြောသင့်ပေ။

ကောင်းဖန် အိမ်ပြန်သွားသည်ကို မြင်ပြီးနောက် ဦးလေးလျို သူ့ဖုန်းကို တိတ်တဆိတ်ထုတ်ယူက အဘိုးကြီးကျန်းထံ ဖုန်းဆက်လိုက်သည်။ ခေတ်နောက်ကျသူကြီးကိုပေါ့။ အဖိုးကြီးကျန်းလဲ သူ့မြေးကို သတိရနေတာ သိသာလွန်းပေမည့် လာတွေ့ဖို့ကိုတော့ အခုထိ ငြင်းဆိုနေစဲပင်။ သို့ပေမည့် သူ့မှာလဲ သူ့အကြောင်းပြချက်နဲ့သူရှိပေသည်။ ထိုအဖိုးကြီးလဲ သူ့မြေးရှောင်ဖန် အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူတစ်ယောက် ဖြစ်လာသည့်အကြောင်း ကြားပြီး ဝမ်းသာနိုင်ပေမည်။

ဦးလေးလျို နောက်သို့မှီလိုက်ချိန်တွင် လဲမကျသွားဘဲ သူ့နောက်တွင် ဖမီတာလောက်ရှည်လျားသည့် ပုတ်သင်ညိုတစ်ကောင်သာ ဖြည်းဖြည်းချင်းပေါ်လာခဲ့သည်။

## စာစဉ် ၂

ထိုကောင်ကြီးက ကြမ်းပြင်ပေါ်တွင် ပျင်းရိစွာ လဲလျောင်းနေခဲ့သည်။ ဦးလေးလျိုက ပုတ်သင်ညိုကြီး၏ကိုယ်ပေါ်တွင် မှီထိုင်လိုက်ကာ ၎င်း၏ကျောပြင်မှာ ဆိုဖာလိုပင် နူးညံ့ပျော့ပျောင်းလှပေသည်။

ကျွမ်းဝင်ကောင်လျှို့ဝှက်နည်းစနစ်ပြောင်းလဲခြင်းကြယ်များ။ ကောင်းဖန် အစောက စာရွက်ပေါ်မှ အကြောင်းအရာကို ပြန်လည်စဉ်းစားလိုက်သည်။

ကောင်းဖန် အသက်ပြင်းပြင်းတစ်ချက်ရှူလိုက်သည်။ ဒါက ပျက်စီးမှုကို လွှဲပြောင်းသည့် နည်းစနစ်တစ်ခုပဲ။ ၎င်းနည်းနစ်မှာ ခန္ဓာကိုယ်ပေါ်ရှိ ထိခိုက်ပျက်စီးမှုအားလုံးကို အကျွမ်းဝင်ကောင်ပေါ်သို့ လွှဲပြောင်းပေးခြင်းဖြစ်သည်။

သို့ပေမည့် အားနည်းချက်တစ်ခုလဲ ရှိသေးသည်။ ၎င်းသည် ထိခိုက်ပျက်စီးမှုအားလုံးနီးနီးကို အကျွမ်းဝင်ကောင်ဆီသို့ လွှဲပြောင်းပစ်နိုင်သော်လည်း အကွာအဝေးအကန့်အသတ်ဖြင့်သာ

## စာစဉ် ၂

ထိရောက်မှုရှိသည်။ ကျွမ်းဝင်ကောင်နှင့် ရရှိနိုင်သည့် အကွာအဝေးအတွင်းမှာ ရှိမနေလျှင် ထိခိုက်ပျက်စီးမှုများကို လွှဲပြောင်းပစ်နိုင်မည်မဟုတ်ပေ။ ထို့အပြင် ဤအကျိုးသက်ရောက်နိုင်မှုသည် သားရဲလေ့ကျင့်သူတစ်ဦးနည်းနှင့် မလုပ်ဆောင်နိုင်ဘဲ နည်းစနစ်ကို အသက်သွင်းနိုင်ဖို့ရန် ကျွမ်းဝင်ကောင်လဲ လိုအပ်သေးသည်။

ထိုသို့ဖြစ်ခဲ့လျှင်တောင်  ကျွမ်းဝင်ကောင်တစ်ကောင်၏ ခုခံကာကွယ်နိုင်စွမ်းသည် လူသားများထက် ကျော်လွန်ပေသည်။ ထို့အပြင် ကျွမ်းဝင်ကောင်သည် သန်မာလာသည်နှင့်အမျှ သူ၏ခုခံကာကွယ်နိုင်စွမ်းနှင့်အသက်စွမ်းအားသည်လဲ ပိုမိုအားကောင်းလာပေလိမ့်မည်။

ကောင်းဖန် မျက်လုံးကိုမှိတ်လိုက်ကာ လျှို့ဝှက်နည်းစနစ်ကို တိတ်တဆိတ်ပြန်ရွတ်နေလိုက်ပြီး သူ့စိတ်ထဲရှိ သွေးစာချုပ်နှင့်လဲ

## စာစဉ် ၂

ဆက်သွယ်နေခဲ့သည်။ သူ၏စိတ်စွမ်းအင်ပင်လယ်ထဲတွင် အနက်နှင့်ရွှေရောင်ရောစပ်ထားသည့် စာချုပ်ပေါ်လာကာ ပြန်ပြီးဖြည်းဖြည်းချင်းပြန်ပျောက်ကွယ်သွားခဲ့သည်။

ရုတ်တရက် ကောင်းဖန် သူနှင့်တာ့ဇီကြား အထူးဆက်သွယ်မှုအသစ်တစ်ရပ် တည်ရှိလာသည်ဟု ခံစားမိလိုက်သည်။

ကောင်းဖန် သူ့ခြေထောက်နားတွင် ဝပ်နေသည့် တာ့ဇီကိုလှမ်းကြည့်လိုက်သည်။ ၎င်း၏ ဝလွန်းနေသည့် မျက်နှာကို ကြည့်ပြီး ကောင်းဖန်ရယ်မောစွာဖြင့် ဆူပူလိုက်သည်။

"မင်းဘယ်လောက်တောင် ဝလာလဲဆိုတာလဲ ကြည့်ဦး! မင်းဟာက ခရမ်းရောင်ဝက်ပေါက်စနဲ့တူနေပြီ။"

"ရှဲ....!" တာ့ဇီ မကျေမနပ်ဖြင့် ရှူးရှူးရှဲရှဲအော်တော့သည်။

## စာစဉ် ၂

"အိုး၊ မင်းက အခုပြန်ပြောနေတာလား? မင်းကိုယ့်ကိုယ်ကို သတိမထားမိဘူးလား? မင်းဘယ်လောက်တောင် ဝလာလဲ မသိဘူးလား?"

"ရှဲ….!" တဲ့ဇီအရမ်းဒေါသထွက်နေတော့သည်။

"လာ, လာ, လာ၊ ဒမ်ဘီ၊ တဲ့ဇီကို ဟိုးဘက်သယ်သွားကြရအောင်။"

ပထမတော့ တဲ့ဇီဟာသူ့ရဲ့ချစ်ရတဲ့ဘဝအတွက် ရုန်းကန်ထားနေပုံပေါ်သည်။ သို့ပေမည့် ဒမ်ဘီက သူ့ကိုမှန်ရှေ့သို့ခေါ်သွားပြီးနောက်တွင်တော့ မှန်ထဲရှိဝနေတဲ့ကင်းခြေများကို ကြည့်ပြီးတဲ့နောက် သူထိတ်လန့်တုန်လှုပ်သွားတော့သည်။

အဲ့ဒီနောက်မှာတော့ တဲ့ဇီကလှုပ်ရှားနေတာရပ်သွားတော့သည်။ သူကဒမ်ဘီရဲ့လက်မောင်းထဲမှာလှဲ့နေဆဲဖြစ်ကာ သူကဘဝကိုအရှုံးပေးထားပြီး မှန်ထဲက  သူ့ကိုယ်သူ အချည်းနှီးငေးကြည့်နေတော့သည်။

## စာစဉ် ၂

“ဟေး” ကောင်းဖန်ပြောလိုက်ပြီး တဲ့ဇီခေါင်းကိုပုတ်လိုက်သည်၊

တဲ့ဇီက မလှုပ်တော့ဘဲဆက်လက်ကာ ဗလာမျက်လုံးတွေနဲ့ကြည့်နေသည်။

“သေသလိုလုပ်နေတာ ရပ်လိုက်ပြီး မြန်မြန်ထတော့၊ ဒီရက်ပိုင်းအတွင်းမင်းပိန်သွားအောင်လုပ်ရမဲ့ အားကစားနည်းတွေအများကြီးရှိတယ်၊  တစ်ကြိမ်မင်းဝိတ်လျှော့တာနဲ့ ငါမင်းရဲ့အဆင့်ကိုတိုးပေးမယ်” ကောင်းဖန် မာဆတ်ဆတ်နှင့်ပြောလိုက်သည်၊ လက်ရှိ တဲ့ဇီဘယ်လောက်ဘဲဝနေပါစေ သူ့အဆင့်ကိုရိုးရိုးတန်းတန်းမြှင့်ဖို့ကို မလုပ်ရဲပါ။ အကယ်၍ တဲ့ဇီပြောင်းလဲလာပြီး သူဝိတ်လျှော့သွားပါက သူဘာလုပ်ရမှန်းမသိသေးပါ။

ပျံသန်းနေတဲ့ ဝတုတ်ကင်းခြေများ?

သူ့အတွေးကြောင့်ဘဲ သူ့မျက်လုံးကိုထိခိုက်စေပေပြီ။

…..

# စာစဉ် ၂

အခုမွန်းတည့်နေပြီဖြစ်တာကြောင့် ကောင်းဖန်ဒီနေ့ကျောင်းကို အလျင်အမြန်ပြေးသွားဖို့မလိုပေ၊ သူအချိန်ပိုင်းအလုပ်လုပ်ရန်သာစတင်ရှာဖွေခဲ့သည်။

သားရဲပျိုးထောင်သူအဖြစ်အချိန်ပိုင်းအလုပ်လုပ်ရန် ရိုးရှင်းသောနည်းလမ်းနှစ်မျိုးရှိသည်၊ ပထမဆုံးကတော့ သူ့ရဲ့ကိုယ်ပိုင်ရုံးခန်း ဒါမှမဟုတ် ရှေ့ထွက်ဆိုင်ခန်းလေးဖွင့်ရမည်၊ သူ့အတွက်နာမည်ရအောင်လုပ်ပြီးပြီဆိုလျှင် ဆိုင်လာသူများသည်သိလိုစိတ်ဖြင့် ပို၍ဆက်သွယ်မှုတွေရှိလာမည်ဖြစ်သည်၊ ကံမကောင်းစွာနဲ့ဘဲထိုနည်းလမ်းကအားကုန်စေပြီး အချိန်အများကြီးယူရလိမ့်မည်၊ ကောင်းဖန် အနာဂါတ်မှာထိပ်တန်းသားရဲပျိုးထောင်သူဖြစ်ဖို့ မရည်ရွယ်ခဲ့ဘူး၊ ၎င်းကသူ့ရဲ့ကုန်ကျစရိတ်အတွက်ထောက်ပံ့ရန် နည်းလမ်းတစ်ခုသာဖြစ်ပြီး အချိန်ပိုင်းအလုပ်တစ်ခုထက်မပိုချေ။

နောက်ထပ်နည်းလမ်းတစ်ခုကတော့ ကြီးမားတဲ့စီးပွားရေးကော်ပိုရေးရှင်းထဲသို့ဝင်ရန်(သို့) အင်အားကြီးမားတဲ့အဖွဲ့အစည်းတစ်ခုထဲသို့ ဝင်ရန်ဖြစ်သည်။

## စာစဉ် ၂

သူ့ရဲ့စွမ်းဆောင်ရည်နဲ့ဆို လျှင် အချိန်မရွေးရှေ့တန်းသို့ရောက်လာနိုင်သည်၊

ဒါပေမယ့်ဒီအချက်ကကောင်းဖန်မလုပ်ချင်ဆုံးအရာဘဲ။

စီးပွားရေးကော်ပိုရေးရှင်းတစ်ခုမှာပါဝင်ရခြင်းက ကော်ပိုရေးရှင်းလှေကားပေါ်တက်ဖို့ နိုင်ငံရေးအပေးအယူများနှင့် လူမှုဆက်ဆံရေးတို့ပါဝင်နေသည်။ ဒါကကောင်းဖန်အတွက် အရမ်းပင်ပန်းစေသည်။

ထို့ကြောင့်သူဒီနည်းလမ်းနှစ်ခုနဲ့အပေးအယူမျှတဲ့ နည်းလမ်းတစ်ခုကိုရွေးချယ်ရန်ဆုံးဖြတ် ခဲ့သည်, သားရဲပျိုးထောင်သူအေဂျင်စီအသေးစား(သို့) စတိုးဆိုင်တစ်ခုသို့ဝင်ရန်ဆုံးဖြတ် လိုက်သည်။ ဖောက်သည်များရရှိရန်လည်းစိတ်ပူနေစရာမလိုပေ၊ အကြောင်းကတော့ ဖောက်သည်တွေနဲ့ပတ်သတ်တဲ့ကိစ္စတွေက သူဌေးနဲ့ဘဲပတ်သတ်မှာဖြစ်သောကြောင့်ဖြစ် သည်၊ သေးငယ်တဲ့ဆိုင်တစ်ခုမှာဖြစ်လို့ ဝန်ထမ်းအမြောက်အများမရှိဘဲ သူ့အကျိုးခံစား ခွင့် ဒါမှမဟုတ် အသိအမှတ်ပြုခံရခြင်းတို့အတွက်

## စာစဉ် ၂

ကြိုးစားတိုက်ခိုက်နေစရာမလိုအပ်ပေ။ ထိုအလုပ်ကသူနဲ့မကိုက်ညီခဲ့ဘူးဆိုလျှင် ရိုးရိုးတန်းတန်းထွက်သွားနိုင်သည်။

ထို့အပြင်သေးငယ်တဲ့သားရဲပျိုးထောင်သူအေဂျင်စီနဲ့စတိုးဆိုင်တွေက လူများကိုအလွယ် တကူအလုပ်ခန့်ထားနိုင်သည်၊ အကုန်လုံးလိုအပ်တာကတော့ သားရဲပျိုးထောင်သူတရား ဝင်လက်မှတ်ဘဲ၊ နှုတ်ထွက်ခြင်းကလည်း အဆင်ပြေမြန်ဆန်လိမ့်မယ်။

သူတစ်ကြိမ်စိတ်နှစ်လိုက်ပြီဆိုတာနဲ့ သူရှေ့ဆက်ကာလုပ်တတ်သည်။ ကောင်းဖန်အဝတ် အစားများကိုဝတ်ပြီး အလုပ်ရှာရန်အတွက်ပြင်ဆင်နေစဉ် ဦးလေးလျို့နှင့်ပတ်သတ်၍ သတိရသွားသည်။

ဦးလေးလျို့က ထိုအရာများအကြောင်း အများကြီးသိပြီး အဆက်အသွယ်ကောင်းကောင်း ရှိသည်။

ကောင်းဖန်သေးငယ်တဲ့ကိစ္စအတွက် ဦးလေးလျို့ကို ဒုက္ခပေးမိမှာကြောက်သောကြောင့် အနည်းငယ်တုံ့ဆိုင်းနေသည်။ သို့သော်သူအရင်နှစ်တွေက ကျောင်းတွင်ဘယ်လိုသုံးဖြုန်းပုံကို

## စာစဉ် ၂

သူတွေးမိသည်။ သူမကြာသေးမီနှစ်အတွင်းက ဖြစ်ပွားခဲ့သောနေ့စဉ်ဘဝအပြောင်းအလဲများကို ကောင်းစွာလေ့လာထားသော်လည်း ချန်အန်းမြို့ရှိ သားရဲပျိုးထောင်သူ အေဂျင်စီများနှင့်ပတ်သတ်၍ မည်သည့်နေရာများတွင်တွေ့နိုင်သည်ကို အနည်းငယ်မျှပင် သူမသိပေ။ သူသာမန်အားဖြင့် ဘယ်အေဂျင်စီက ဘယ်လိုချီးကျူးခံထားရပြီး ဘယ်ဟာ တွေကမဟုတ်ကြောင်း ထိုမျှလောက်သာ အနည်းငယ်သိသည်။

သူ့စိတ်ထဲကအတွေးတွေနှင့်အတူ အဆုံးတွင်တော့ ကောင်းဖန် ဦးလေးလျို့ရဲ့တံခါးကို ခေါက်ရန်ဆုံးဖြတ်လိုက်သည်။

တံခါးကသူခေါက်လိုက်သည်နှင့် ထိုအချိန်အတွင်းချက်ချင်းပွင့်သလိုဖြစ်သွားသည်။ ဦးလေးလျို့က သူ့ကိုတွေ့သည်နှင့်ပြုံးပြသည်၊ သူကကောင်းဖန်လက်တံတောင်ဆစ်နားကို  အလျင်အမြန်ဆွဲလိုက်ပြီး အိမ်ထဲသို့ခေါ်သွင်းလိုက်သည်၊ “ရှောင်ဖန်, မင်းအခက်တွေ့စေ မယ့်ကိစ္စအချို့ငါ့မှာရှိတယ်။”

## စာစဉ် ၂

ကောင်းဖန်ယဉ်ကျေးစွာနဲ့ပြန်ပြောလိုက်သည်၊ “ဘာပဲဖြစ်ဖြစ် ပြောသာပြောပါ။ ဦးလေးရဲ့အိမ်မှာ တဘ့ဇီကိုထားခဲ့ပြီး အကြာကြီး စောင့်ရှောက်ခိုင်းထားမိတာကို ကျနော့်စိတ်ထဲမယ် အားနာနေခဲ့တာ။ ဦးလေး ကျွန်တော့်ကိုတစ်ခုခု အတွက်လိုအပ်ရင် ကျေးဇူးပြုပြီးတွန့်ဆုတ်မနေပါနဲ့။”

ဦးလေးလျိုကသက်ပြင်းချလိုက်ပြီး သက်သာစွာနှင့် “ ဒါဆိုရင်လည်း ငါတည့်ဘဲပြောရ တော့မှာဘဲ။ အရင်ကငါ သားရဲပျိုးထောင်သူသားရဲအေဂျင်စီသေးသေးလေးတစ်ခုဖွင့်ပြီး ငါ့လုပ်ဖော်ကိုင်ဖက်တစ်ယောက်နဲ့အလုပ်လုပ်ဖူးတယ်။ ငါအဲ့ထဲကိုတောင်မှ အတော်လေး ပိုက်ဆံသွင်းထားသေးတယ်။ ဒါပေမယ့် သိပ်မကြာသေးခင်က အဲ့လုပ်ဖော်ကိုင်ဖက်က ပိုက်ဆံတွေအကုန်လုံးယူသွားပြီး အေဂျင်စီက သားရဲပျိုးထောင်သူတွေအကုန်လုံးကို တောင်မှသူနဲ့အတူခေါ်သွားလိုက်သေးတယ်။ ကောင်းပြီ, မင်းမှာအလယ်အလတ်သားရဲ အဆင့်လတ်မှတ်ရပြီးပြီဆိုတော့ ဦးလေးကိုကူညီဖို့မျှော်လင့်ခဲ့တယ်၊ ငါ့ရဲ့အေဂျင်စီထဲမှာ ကူညီပေးခိုင်းရင် မင်းနည်းနည်းလေးစိတ်မရှိဘူးမလား၊ စိတ်မပူပါနဲ့, ပိုက်ဆံနဲ့ပတ်သတ်

## စာစဉ် ၂

ပြီးကတော့ ငါတို့လုပ်ငန်းတွေထဲက အကောင်းဆုံးဈေးနဲ့ ကုမ္ပဏီရဲ့ရှယ်ယာ ၂၀ရာခိုင်နှုန်းကိုအလကားပေးမယ်ကွာ၊ ဒါကမင်းစာလေ့လာဖို့အတွက်လည်း သက်ရောက် မှုရှိမှာမဟုတ်ပါဘူး၊ မင်းလိုတာက စနေ,တနင်္ဂနွေတိုင်းအဲ့အေဂျင်စီကိုသွားပေးဖို့ဘဲ၊ သားရဲပျိုးထောင်ပေးတဲ့အလုပ်ကလည်း တကယ်တော့အတော်လေး စိတ်ပြေလက် ပျောက်ဖြစ်စေပါတယ်။”

ကောင်းဖန်ပိုပြီးနားထောင်လေ, ကိစ္စကြီးအချို့ဖြစ်ပျက်တော့မည်ဟုခံစားရလေဖြစ်နေ သည်။ သူ့မျက်နှာပေါ်မှာထူးဆန်းတဲ့အမူအရာဖြစ်နေသည်၊ သူအိပ်ချင်နေတဲ့အချိန်မှာ ခေါင်းအုံးတစ်လုံးပေးလိုက်တာနဲ့ ဆင်တူနေသည်၊ ဒါကမိုးကောင်းကင်ပေါ်ကနေ ပိုင်မုန့် တွေပြုတ်ကျလာခဲ့သလိုပင်ဟုတွေးမိသည်။

***

## စာစဉ် ၂

### *အခန်း ၂၂ ဂျူနိုင်ကျက်ပျံသန်းခြင်းစတူဒီယို*

ဦးလေးလျိုက သူကြွားဝါနေခြင်းမဟုတ်ကြောင်း သက်သေပြရန်အတွက် ကောင်းဖန်ကို မြို့ထဲသို့ခေါ်သွားလိုက်သည်။ ဦးလေးလျို၏စတူဒီယိုသည် မြို့လယ်ခေါင်ရှိ စီးပွားရေးဇုံတွင်တည်ရှိသည်။ စတူဒီယို၏ညာဘက်တွင်တော့ ရှောပင်းမောတစ်ခုရှိကာ မြို့တော်အစိုးရဌာနနှင့်လဲ မဝေးလှပေ။

"ကဲ၊ ငါ့စတူဒီယိုကတော့ အဲ့မှာပဲ။" ဦးလေးလျိုက ပြောရင်းဖြင့် ထျန်းမြောင်တာဝါ၏ တတိယထပ်ကို လက်ညှိုးထိုးပြသည်။ နံရံပေါ်တွင်တော့ ဂျူနိုင်ကျက်ပျံသန်းခြင်း သားရဲပျိုးထောင်ခြင်းစတူဒီယိုဆိုသည့် အမှတ်တံဆိပ်သစ် ဆိုင်းဘုတ်တစ်ခုကို ချိတ်ဆွဲလို့ထားသည်။

ကောင်းဖန် စိတ်ရှုပ်ထွေးသွားရသည်။

## စာစဉ် ၂

ဦးလေးလျိုက ချောင်းတစ်ချက်ဟန့်ရင်း သူ့လည်ချောင်းကို ရှင်းလိုက်ပြန်ကာ၊ “မင်းမကြိုက်ရင် ငါတို့နာမည်ပြောင်းလို့ရတာ သိတယ်မလား။”

ကောင်းဖန် ဆွံ့အသွားတော့သည်။ ခင်ဗျားကသူဌေးမဟုတ်လား၊ အဲ့တော့ ခင်ဗျားကြိုက်တဲ့နာမည်ခေါ်ပေါ့။

“အမ်၊ မင်းဒီစတူဒီယို တည်နေရာက တော်တော်လေးကောင်းတယ်လို့ထင်လား? ငါ့ စတူဒီယိုက ကောင်းကောင်းလည်ပတ်ခဲ့ပေမည့် သားရဲပျိုးထောင်သူတွေ ထွက်သွားပြီးတဲ့နောက်မှာတော့ သနားစရာကောင်းလောက်အောင် ငါ့စီးပွားရေးက ဆိုးဆိုးရွားရွား ကျဆင်းသွားတော့တယ်။”

“ဈေးကွက်ထဲမှာ သားရဲပျိုးထောင်သူတွေ အများကြီးပါ။ အန်ကယ်လျိုရဲ့လိုအပ်ချက်နဲ့ ကိုက်ညီတဲ့လူနှစ်ယောက်လောက်ကို

## စာစဉ် ၂

ကျပန်းရွေးလိုက်နိုင်တာပဲ။” ကောင်းဖန် အဓိပ္ပါယ်မရှိသည့် အခြေအနေတစ်ခုကို တွေ့ရှိသွားသည်။

“မဟုတ်ဘူးလေ၊ အနည်းဆုံးတော့ ဒါကပိုကောင်းတာပေါ့။ ငါ့နာမည်ကျော်ကြားမှုကို ဖျက်ဆီးတာထက်စာရင် စီးပွားရေးမရှိတာ ပိုအဆင်ပြေတယ်။” ဦးလေးလျို၏အမူအရာများ လေးနက်လို့သွားသည်။

“ကောင်းပြီလေ။” ကောင်းဖန်ခေါင်းညိတ်လိုက်သည်။ ခင်ဗျားက သူဌေးပဲ၊ ဒီတော့ ခင်ဗျားစိတ်ကြိုက်လုပ်ပေါ့။

“အန်ကယ်လျို၊ ရှယ်ယာအကြောင်းကို မေ့လိုက်ပါ။ ကျွန်တော့်ကို ကျွန်တော်ရဲ့တန်းတူလုပ်ဖော်ကိုင်ဖက်တွေထက် အမြင့်ဆုံးလစာပေးရင်ရပြီ။” ကောင်းဖန် ခဏရပ်လိုက်ပြီး ဆက်ပြောလာသည်။ “အန်ကယ်က ကျွန်တော့်ကို နှစ်တွေအများကြီး စောင့်ရှောက်လာခဲ့ပေးပေမယ့် ကျွန်တော့်ဘက်က ဘာမှပြန်မလုပ်ပေးနိုင်ခဲ့ဘူး။ ဒါကပဲ ကျွန်တော်လုပ်ပေးနိုင်တဲ့အရာပါ။”

## စာစဉ် ၂

ဒါကသာ တခြားသူတစ်ဦး၏စတော့ရှယ်ယာဖြစ်ပါလျှင် သူကိုယ်တိုင်က ဤတန်ဖိုးနှင့်ထိုက်တန်ပြီး နောင်အနာဂါတ်တွင် ဒီထက်များပြားသည့် အကျိုးအမြတ်များကို ရနိုင်သည်ဟု ယုံကြည်သောကြောင့် သူစိတ်သက်သက်သာသာနှင့် လက်ခံပေးလိုက်ပေမည်။

သို့ပေမည့် ဤစတူဒီယိုက သူ့ကို တိုက်ရိုက်ဆိုသလိုရော တစ်ဖက်တစ်လမ်းက သွယ်ဝိုက်၍တစ်မျိုး အကူအညီများပေးနေခဲ့သည့် ဦးလေးလျို၏စတူဒီယိုဖြစ်နေသည်။

နောက်ပိုင်းမှ သူရှာဖွေဖို့ရန် အချို့သောကိစ္စများရှိနေပေမည့် ဦးလေးလျိုနှင့် သူ့ကြားနေရခက်သည့် အခြေအနေမျိုးမဖြစ်သွားချင်တာကြောင့် ဦးလေးလျိုကိုတော့ ထိုကိစ္စပြောမည်မဟုတ်ပေ။ ဦးလေးလျို ဤသို့လုပ်ပေးနေခြင်းများက အကြောင်းအရင်းတစ်စုံတစ်ရာတော့ သေချာပေါက်ရှိရပေမည်။

## စာစဉ် ၂

မဟုတ်ရင် မိဘမဲ့တစ်ယောက်အနေဖြင့် သူဘယ်လိုလုပ် အခုချိန်ထိတိုင် တည်ငြိမ်သည့်ဘဝမှာ ဘယ်လိုရှင်သန်နိုင်မှာလဲ? ဘယ်လူမိုက်ကမှ သူ့ကို နောက်တစ်နေ့တွင် နှစ်ခါပြန်ဒုက္ခပေးလာခြင်းမျိုးမရှိသလို ချန်အန်း၏အကောင်းဆုံးပြည်သူ့အလယ်တန်းကျောင်းကိုလဲ သူဝင်ခွင့်ရခဲ့သည်။

အချို့ကြင်နာပေးမှုတွေက ဘယ်တော့မှ မမေ့သင့်သည့်အရာများဖြစ်သည်။

ကောင်းဖန်သည် အချစ်နှင့်အမုန်းကို သေချာခွဲခြားထားသည်။ ကြင်နာမှုအတွက် သူ့ဘက်က ကြင်နာမှုပြန်ပေးသလို မုန်းတီးမှုအတွက် မုန်းတီးမှုသာ ပြန်ပေးပေမည်!

သုံးနှစ်တာ မိဘမဲ့ဘဝသည် သူ့ကို လူအများ၏ရုတ်ချည်းပြောင်းလဲမှုများနှင့် အခက်အခဲများကို

## စာစဉ် ၂

တွေ့ကြုံစေခဲ့ကာ လူသားများ၏သဘောသဘာဝကို သူမြင်တွေ့ခဲ့ရသည်။

ထို့ကြောင့် လူကောင်းများကို တန်ဖိုးထားကာ လူဆိုးများအတွက်မူ ကြင်နာမှုမပေးခဲ့ပေ။

“စိတ်မပူပါနဲ့၊ ဒီတိုင်းလက်ခံထားလိုက်ပါ။ တစ်နေ့ကျရင် ဒီရှယ်ယာပမာဏက မင်းအတွက် လုံလောက်ဖို့ အများကြီးလိုသေးတယ်ဆိုတာ နားလည်လာလိမ့်မယ်။” ဦးလေးလျို ကျေနပ်ပြုံးဖြင့်ပြုံးလိုက်သည်။ “ကဲ ကောင်းပြီ၊ ထပ်ပြီး ငြင်းခုံစရာမရှိတော့ဘူး။ လုပ်ထုံးလုပ်နည်းတွေအတိုင်း မင်းကိုငါ ရှယ်ယာလွှဲပြောင်းပေးမယ်။ မင်းသဘောတူတူ မတူတူ အရေးမကြီးတော့ဘူး။ ငါက ဒီအကြောင်း မင်းကိုသတိပေးရုံပဲ။”

ဦးလေးလျိုက သူပြောသည့်အတိုင်းပင် မှော်အတတ်နှင့်တူသော စာချုပ်တစ်စောင်ကို ထုတ်ယူကာ ကောင်းဖန်ကို ကမ်းပေးလိုက်သည်။

## စာစဉ် ၂

စာရွက်ဖြူပေါ်မှ အနက်ရောင်စာလုံးများကို ကြည့်ပြီး ကောင်းဖန် ကြောင်အသွားကာ ပြောလိုက်သည်။ “ဒါပေမယ့် ကျွန်တော် လက်မှတ်မထိုးရသေးဘူးလေ။”

“အခု ဒါဘာပါဝါလဲဆိုတာ မင်းသိပြီလား?” ဦးလေးလျိုက ကောင်းဖန်၏ပုခုံးကို လက်ဖြင့်ပုတ်ကာ အဓိပ္ပါယ်ပါပါပြုံးလိုက်သည်။ “ကောင်းပြီ၊ ငါတို့ စတူဒီယိုကို ဆက်သွားကြတာပေါ့။ ဒီနေ့အတွက် မင်းအလုပ်က မင်းရဲ့လုပ်ငန်းခွင်အနေအထားနဲ့ နောက်လာမယ့် တာဝန်တွေအတွက် ရင်းနှီးမှုရထားရုံပဲ။ ဒီနေ့ပဲ စပြီးအလုပ်ဆင်းချင်ရင်လဲ ရတယ်နော်။ မင်းသဘောမကျတာရှိရင်လဲ ငါ့ကိုအချိန်မရွေးပြော၊ ငါပြင်ဆင်ပေးမယ်။”

ထို့နောက် သူတို့ ထျန်းမြောင်တာဝါထဲသို့ ဝင်လာခဲ့သည်။ ကြွေပြားများက သန့်ရှင်းတောက်ပြောင်နေကာ အသစ်စက်စက်ခင်းကျင်းထားသလိုပင်။ ဓါတ်လှေကားပွင့်လာကာ

## စာစဉ် ၂

အထဲမှ ဝတ်စုံပြည့်ဝတ်ထားသည့် လူတစ်စုက တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြသည်။

ထိုလူများထဲတွင် အနက်ရောင်နှင့်အနီရောင်ရောစပ်ထားသည့် ကြက်တူရွေးတစ်ကောင်ကို ပုခုံးထက်ရပ်ခိုင်းထားသည့် လူငယ်တစ်ဦးလဲ ပါပေသည်။ ကြက်တူရွေးက လှည့်လာကာ ကောင်းဖန်ကို အေးစက်စက်စိုက်ကြည့်ပြီး ပြောလိုက်သည်။ “ငတုံး”

ထို့နောက် ပြန်လှည့်သွားကာ အတော်လေးမောက်မာနေဟန်ပေါက်ပေသည်။

လူငယ်ကတော့ ကောင်းဖန်ကို နေရက်ခက်စွာကြည့်လိုက်ပြီး တောင်းပန်လာခဲ့သည်။

[မကောင်းဆိုးဝါး အမည်] : အလင်းနက်ကြက်တူရွေး

## စာစဉ် ၂

[မကောင်းဆိုးဝါး အားနည်းချက်] : ၁၊ လေဓါတ်သားရဲများ။ ၂၊ ချင်ရှင်းဆေးပင်၏အနံ့သည် အလင်းနက်ကြက်တူရွေးကို အော့အန်ခြင်း သို့မဟုတ် ဝမ်းလျှောခြင်းဖြစ်စေသည်။ ချင်ရှင်းဆေးပင်ကို စားမိသွားလျှင်တော့ အလင်းနက်ကြက်တူရွေး မူးမေ့သွားနိုင်သည်။ ၃၊ မိုးကြိုးသွားကြက်တောသီးသည် အလင်းနက်ကြက်တူရွေး အထူးမုန်းတီးသည်။ အလင်းနက်ကြက်တူရွေးအတွက်မူ မိုးကြိုးသွားကြက်တောသီးသည် အညစ်အကြေးလို အရသာမျိုးပင်။

"ရပါတယ်။ မင်းရဲ့ငှက်က အလင်းနက်ကြက်တူရွေးမဟုတ်လား? သူ့အတွက် မိုးကြိုးသွားကြက်တောသီးနည်းနည်းလောက် ဝယ်ကျွေးသင့်တယ်။ လူတွေပြောကြတာတော့ အလင်းနက်ကြက်တူရွေးတွေက အဲ့အသီးကို ကြိုက်ကြတယ်တဲ့။ မင်းရဲ့ကြက်တူရွေးက သေးပြီး ပိန်နေတယ်၊ အဟာရချို့တဲ့ပုံပဲ။" ကြက်တူရွေး၏ပုံပန်းသဏ္ဌာန်ကိုကြည့်ရင်း ကောင်းဖန်ပြောလိုက်သည်။

## စာစဉ် ၂

“ကျေးဇူးပါပဲ!” လူငယ်က လေးစားဟန်ဖြင့်ပြောလိုက်သည်။ “ငါလဲ သူဘာကြိုက်လဲဆိုပြီးတွေးနေတာ။ သူက အရမ်းဂျီးများတဲ့ငှက်၊ အစားလဲ အမြဲနည်းနည်းပဲစားတယ်။ နောက်မှ ငါအဲ့အသီး နည်းနည်းဝယ်ကျွေးလိုက်မယ်။”

အလင်းနက်ကြက်တူရွေးကမိုးကြိုးသွားကြက်တောသီးကို ဘာမှန်းမသိဘဲ၊ သူ့နောက် ကလည်ဆံမွေးတွေတော့ ထောင်သွားတယ်လို့ခံစားရတယ်၊

သူ့ရဲ့ခြေသည်းတွေက တင်းကြပ်စွာကုပ်ကိုင်ထားပြီး သူ့ခေါင်းကအနည်းငယ်မြင့်လာသည်၊ လူငယ်လေးရဲ့ပုခုံးပေါ်မှာကြက်တူရွေးကရပ်နေပြီး ၎င်းကသူ့ရဲ့ပိုင်နက်ကို စစ်ဆေးနေတဲ့မင်းသားတစ်ပါးလိုမျိုး ပတ်ပတ်လည်ကိုလိုက်ကြည့်နေသည်၊ ဒီတုံးအ တဲ့လူသားတွေက သနားဖို့ကောင်းတဲ့သတ္တဝါလေးတွေနဲ့တောင်တူတယ်။

ကောင်းဖန်နဲ့ဦးလေးလျိုတို့က သုံးထပ်မြောက်ကိုတက်ခဲ့ကြသည်။ အထပ်တစ်ခုလုံးကို စတူဒီယိုက ငှားရမ်းထားကာ

## စာစဉ် ၂

လူတစ်ဝက်လောက်မြင့်တဲ့ အနက်ရောင်ဝါးအိုးနှစ်လုံးက တံခါးဝနှစ်ဖက်မှာထောင်ထားသည်။

စူးရှတဲ့ရနံ့က အနက်ရောင်ဝါးဆီမှရောက်လာ ပြီး အထပ်တစ်ခုလုံးကို အမွှေးရနံ့ သင်းထုံစေသည်။

ရှေ့ကစားပွဲခုံမှာ အပြာနုရောင် ကိုယ်ကြပ်အနောက်တိုင်းဝတ်စုံနှင့် မိန်းကလေးတစ် ယောက်ရှိသည်။ သူမ၏ဆံပင်ကို ထောင်၍ချည်ထားပြီး ရိုးရှင်းတဲ့မိတ်ကပ်လိမ်းထား သည်။

ဦးလေးလျိုဝင်လာတော့ မိန်းကလေးကထိတ်လန့်သွားပြီးနောက် ချက်ချင်းဘဲနှုတ် ဆက်လိုက်သည်၊ “မင်္ဂလာနေ့လည်ခင်းပါ ဆရာ။” ထိုအချိန်အတွင်းမှာပင် သူမကဦးလေးလျိုဘေးမှာရပ်နေတဲ့ ကောင်းဖန်ကိုကြည့်လိုက်သည်၊ ကောင်းဖန်ကို ကြည့်ရတာငယ်သေးတယ်, သူကသူဌေးအသစ်ရဲ့မြေးဖြစ်လိမ့်မယ်။

ထိုသူဌေးအသစ်ရဲ့ ပုံစံက မရှင်းလင်းပေမယ့် သူကချမ်းတော့ချမ်းသာတဲ့သူဖြစ်နိုင်သည်၊ အရင်ရက်ပိုင်းလောက်တုန်းက သူကဒီနေရာကိုရောက်လာပြီး စတူဒီယိုတစ်ခုလုံးကို တိုက်ရိုက်ဝယ်ပြီး

## စာစဉ် ၂

မူလကရှိတဲ့သားရဲပျိုးထောင်သူတွေကိုလည်း
အလုပ်ထုတ်ပစ်လိုက်သည်။
အစပိုင်းသူမလည်းအလုပ်ပြုတ်မှာစိုးရိမ်ခဲ့ပေမယ့် နောက်ပိုင်းတော့
သူမစိတ်သက်သာရာရခဲ့သည်။ သူဌေးအသစ်က
သားရဲပျိုးထောင်သူတွေကိုဘဲအလုပ် ထုတ်ပစ်ပြီး
အခြားအလုပ်သမားတွေကိုတော့ အရင်နေရာမှာဘဲထားသည်၊ သူမကို
တစ်ခုတည်းသောရှုပ်ထွေးစေမှုက ထိုသူဌေးအသစ်ရဲ့လိုအပ်ချက်များပင်,
ဒီစတူဒီယို ကသားရဲပျိုးထောင်သူတွေကို
မကြာသေးမီကပြောင်းရွှေ့တာတွေနဲ့ပတ်သတ်ပြီး ဘာ
မှပြန်ပြောဖို့ခွင့်မပြုဘူး၊ ဒါမှမဟုတ်
သူတို့တစ်ခုခုပေါင်းကြံနေကြတာများလား၊

တစ်လလျှင်ထပ်ဆောင်း မဟာမိတ်ဒေါ်လာ၁၀၀၀ရရန် အတွက်
အလုပ်သမားတွေ အကုန်လုံးက အရှက်မဲ့စွာနှင့် ဒီသူဌေးကို
အညံ့ခံကြသည်၊

ဒါပေမယ့် သူတို့ကတိတ်တဆိတ် သက်မချမိကြသည်။
ဘာလို့ဒီသူဌေးကချမ်းသာပေမယ့် ထူးဆန်းနေတာလဲ။

# စာစဉ် ၂

“ အားလုံး စုဝေးလိုက်ကြပါဦး” ဦးလေးလျို က ဂုဏ်သရေရှိရှိတည်ငြိမ်စွာနှင့် မျက် မှောင်ကြုတ်ကာ ပြောလိုက်သည်။

“ဟုတ်ကဲ့” မိန်းကလေးကပြောလိုက်သည်၊

ထိုအချိန်မှာဘဲ ကောင်းဖန်က ဦးလေးလျိုစကားပြောရင် မည်မျှပင်လေးနက်သည်ကို နောက်ဆုံးတွင် သဘောပေါက်နားလည်တော့သည်။

ခဏကြာတော့ ဂငျူနှ်ငှက်ပျံသန်းခြင်း စတူဒီယိုမှအလုပ်သမားများက ဧည့်စောင့်ခန်း တွင် စုဝေးကြသည်။

သူတို့အားလုံးပေါင်းမှ ၁ဂယောက်သာရှိပြီး သန့်ရှင်းရေးမိန်းကလေး နှစ်ယောက်ပါဝင် သည်။

“ခုချိန်ကနေစပြီးတော့ ဒီလူကငါတို့ဂငျူနှ်ငှက်ပျံသန်းခြင်းစတူဒီယိုက သားရဲပျိုးထောင် သူ ခေါင်းဆောင်ဘဲ၊ သူကငါ့တို့ရဲ့ အစုရှယ်ယာဝင်တစ်ယောက်ဘဲ။” ဦးလေးလျိုက သူ့နောက်မှာရပ်နေတဲ့ ကောင်းဖန်ကိုညွှန်ပြကာပြောလာသည်။

ဘာရယ်???

## စာစဉ် ၂

လူတစ်စုက ရှော့ရသွားတော့တယ်,
ဒီကောင်လေးကအရမ်းမငယ်လွန်းဘူးလား။

အဖွဲ့လိုက်အလုပ်သမားများကိုကြည့်ရတာ
သူတို့အတန်းထဲကဆရာရဲ့မိန့်ခွန်းစကား
ကိုစောင့်နေတဲ့ကလေးတွေလိုဘဲ, ကောင်းဖန်ကစိတ်စောနေသည်။
သူ့မျက်နှာက

တင်းမာနေသည်၊ " ကျနော်က ကောင်းဖန်ပါ၊ ကျနော်တို့အဖွဲ့လိုက်
အတူတူလုပ်ပြီး
အားလုံးကောင်းကောင်းမွန်မွန်နေနိုင်ဖို့မျှော်လင့်ပါတယ်။"

"ဖန်က အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူ,
ပြီးတော့ချန်အန်းမြို့ရဲ့အငယ်ဆုံး
အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူဘဲ၊
သူကစံချိန်ကိုတောင်ချိုးနိုင်ထားတာ။"
ဦးလေးလျိုကလည်ချောင်းကိုရှင်းပြီးနောက်ကောင်းဖန်ကို
အနားယူတဲ့အတန်းကို လမ်းပြခဲ့သည်။

"ဒီလိုငယ်ရွယ်တဲ့ လူငယ်သားရဲပျိုးထောင်သူ"

# စာစဥ် ၂

“ သူကအလယ်အလတ်သားရဲပျိုးထောင်သူဘဲ၊ သူ့ကိုကြည့်ပါဦး, အရမ်းငယ်ပြီး ချစ်ဖို့ လည်းကောင်းတယ်” တချို့လူလွတ်အမျိုးသမီးဝန်ထမ်းများကတောက်ပပြီး စိတ်လှုပ်ရှားတဲ့မျက်လုံးများနှင့်ကောင်းဖန်ကို အထက်အောက်စုန်ချည်ဆန်ချည်ကြည့်နေကြ သည်။

လူဦးရေက ၁ဂယောက်မျှသာရှိတဲ့အတွက် ထိုအထပ်ရဲ့ ၁ဂပုံ၁ပုံတောင်နေရာမယူ ထားဘူး။

ကျန်တဲ့အခန်းတွေကတော့ အားကစားစင်တာ, ယောဂအခန်း, ဧည့်သည်စင်တာ, ဧည့်ခန်းမ, ဘား...စသည်တို့ပါဝင်ပြီး သုံးပုံတစ်ပုံကိုနေရာယူထားပြီး မျက်စိကိုဖမ်း စားထားသောကြီးမားပြီးဘာမှမရှိသည့်အခန်းရှိသည်၊ အခန်း၏အတွင်းနံရံများကိုအနက်ရောင်အသံစုပ်ယူနိုင်သော ပလတ်စတစ်ပြားများဖြင့်ပြင်ဆင်ထားသည်၊ တချို့သောဧည့်သည်များသည် သူတို့၏သားရဲများကိုဒီနေရာတွင်လေ့ကျင့်ရန်နှင့်စိတ်ခံတတ်ပျိုးထောင်ရန်အတွက်ခေါ်ဆောင်လာတတ်ကြသည်။

## စာစဉ် ၂

“ဆိုတော့, မင်းဘယ်လိုခံစားရလဲ? မင်းဒါကိုသုံးမှာလား? စိတ်မပူပါနဲ့, မင်းလက်ထဲမှာ ရှယ်ယာရှိတယ်, ဒါကြောင့်မလို့ ဒီလောက်အတိုင်းအတာထိကတော့ မင်းရဲ့ကိုယ်ပိုင် စတူဒီယိုဘဲ” ဦးလေးလျှိုကပြုံးလိုက်သည်။

ကောင်းဖန်ခေါင်းညိတ်လိုက်ပြီး “ ကျနော့်အတန်းက မနက်ဖြန်စမယ်၊ ကျနော်ဒီနေ့ နေ့ခင်းတောင် ကျနော်အလုပ်စနိုင်တယ်၊ ကျနော်အိမ်မှာဘာမှလုပ်စရာမရှိဘူး။”

“ဟုတ်ပြီ, ဒါကမင်းအပေါ်မှာဘဲမူတည်တယ်၊ မင်းကအလုပ်ကနေခွင့်ယူချင်ရင် ဘယ်အချိန်ဖြစ်ဖြစ်ရတယ်၊ ငါအခုအိမ်ပြန်လိုက်ဦးမယ် အိမ်က ဒီအိုနေတဲ့လူကြီး အတွက် သက်တောင့်သက်သာဖြစ်တဲ့နေရာဘဲ” ဦးလေးလျှိုက ကောင်းဖန်အပြင် လိုက်ပို့သည်ကို လက်ဝှေ့ယမ်းပြီးတားလိုက်သည်။

ဦးလေးလျှိုရဲ့နောက်ကျောကိုကြည့်ရင်း ကောင်းဖန်ခဏလောက်တိတ်ဆိတ်စွာနဲ့ ကျန်နေပြီး သူနောက်ဆုံးတော့ပြောလိုက်တယ် “ကျေးဇူးတင်ပါတယ်”

# စာစဉ် ၂

“မင်းကျေးဇူးတင်ရမယ့်သူက ငါမဟုတ်ဘူး” ဦးလေးလျိုကရီလိုက်သည်။

ဒါဆိုဘယ်သူလဲ? ကောင်းဖန်မျက်မှောင်ကြုတ်လိုက်တယ်၊ သူရှုပ်ထွေးနေတယ်။

***

# စာစဉ် ၂

## *အခန်း ၂၃ နှစ်ဆတောင်းမယ်ဆိုရင်?*

ကောင်းဖန် မနက်ကတည်းက ဘာမှမစားခဲ့ရသေးတာကြောင့် အတော်လေးဆာလောင်လို့နေပေပြီ။

ထို့ကြောင့် သူ့ဗိုက်သူ ပွတ်နေမိသည်။ အောက်ထပ်ကိုဆင်းကာ စားဖို့ ပေါင်မုန့်နည်းနည်းလောက်ဖြစ်ဖြစ် သွားဝယ်ချင်သော်လည်း သူစတူဒီယိုက ထွက်လိုက်သည့် အချိန်တွင်မှ တိုက်တိုက်ဆိုင်ဆိုင် ဖောက်သည်တစ်ယောက် ရောက်လာမည်ကိုလဲ စိုးရိမ်နေမိသည်။

စတူဒီယိုမှ ထွက်ဖို့ မထွက်ဖို့ကို ခက်ခက်ခဲခဲ ကြိုးစားဆုံးဖြတ်နေရင်း အချိန်နာရီဝက်ပင် ကုန်သွားပေမည့် ဖောက်သည်တစ်ယောက်မှ ရောက်မလာခဲ့ပေ။

# စာစဉ် ၂

ရုတ်တရက် ကောင်းဖန် လေထုကို ရှူရှိုက်မိလိုက်ကာ မွေးပျံ့သည့်ရနံ့တစ်ခုက သူ၏အနံ့ခံအာရုံကြောများမှတစ်ဆင့် ချဉ်းနင်းဝင်ရောက်လို့လာခဲ့သည်။

ထိုရနံ့၏ရင်းမြစ်ကို ရှာဖွေကြည့်လိုက်ချိန်တွင်တော့ ထူးထူးဆန်းဆန်းအမူအရာဖြစ်နေသည့် ညှော်ကြိုမိန်းကလေးကို ကောင်းဖန်တွေ့လိုက်ရသည်။ သူမ၏မျက်လုံးများမှာ ဂဏာမငြိမ်ဖြစ်နေကာ တည်တည်ငြိမ်ငြိမ်ရှိနေဖို့ရန် အတော်လေးကြိုးစားရုန်းကန်နေရသလိုပင်။

ကောင်းဖန် သူမရှိရာသို့ လျှောက်သွားလိုက်သည်နှင့် သူမက သာယာချိုမြိန်သည့် အသံလေးဖြင့်၊ "မင်္ဂလာနံနက်ခင်းပါ ဘော့စ်။" ကောင်းဖန်သည် ရှယ်ယာရှင်တစ်ဦးလဲဖြစ်တာကြောင့် သူသည်လဲ အလိုအလျောက်ပင် ဝန်ထမ်းများအတွက် သူဌေးဖြစ်သွားပေသည်။

## စာစဉ် ၂

ကောင်းဖန် သူမ၏နှုတ်ခမ်းထောင့်ကို ညွှန်ပြလိုက်ပြီး၊ “မင်းမှာ ပေါင်မုန့်စတွေ ကပ်ကျန်နေတယ်။ ပြီးတော့ မင်း စားပွဲအောက်ထဲထိုးဖွက်ထားတဲ့ ပေါင်မုန့်ထုပ်ကလဲ အစွန်းထွက်နေတယ်။”

“အာ! ကျွန်မ ဒီနေ့ နည်းနည်းနောက်ကျပြီးမှ နိုးလို့။ မနက်စာ ပြင်ဖို့ အချိန်မရလိုက်တာကြောင့် ပေါင်မုန့်ဝယ်လာမိတာပါ။ ကျေးဇူးပြုပြီး ကျွန်မလစာကိုတော့ မဖြတ်ပါနဲ့နော်။” ညှော့ကြိုမိန်းကလေးသည် အထိတ်တလန့်ဖြင့် သူမပါးစပ်ကို သုတ်လိုက်ကာ ချစ်စရာကောင်းသည့် အမူအရာများထုတ်ပြပြီး အသနားခံလိုက်သည်။

“ဒီတစ်ခေါက်တော့ သတိပေးရုံပါပဲ။ နောင်ကိုတော့ ဂရုစိုက်ပေါ့။ တကယ်တော့၊ ဒီအနီးအနားမှာ ပေါင်မုန့်ဆိုင်များ ရှိမလားလို့ ကျွန်တော် မေးချင်ရုံပါ။” ကောင်းဖန်မေးလိုက်သည်။

## စာစဉ် ၂

“အာ…” ညှော့ကြိုမိန်းကလေးက သူမအဖြေကို ဆက်မပြောခင် မျက်တောင်ပုတ်ခတ်ပုတ်ခက် လုပ်လိုက်ပြီး၊ “ဓါတ်လှေကားနဲ့ အောက်ထပ်ကို ဆင်းသွားပြီး ဘယ်ဘက်ကို ချိုး၊ ပြီးရင် မီတာ၁၀၀လောက်ဆက်သွားလိုက်ရင် တံတားထိပ်တစ်ခုကို ရောက်သွားပါလိမ့်မယ်။ တံတားကိုဖြတ်ပြီး နောက်ထပ် မီတာ၅၀လောက်လျှောက်လိုက်ရင် ရတနာဥယျာဉ်မုန့်တိုက်ကို တွေ့လိမ့်မယ်။ အဲ့ဆိုင်က ပေါင်မုန့်တွေက အကောင်းဆုံးပဲ! ချောကလက်ပေါင်မုန့်နဲ့ ငှက်ပျော်ရေခဲချောင်းဆိုရင် အရသာအရှိဆုံးပဲ။”

“အမ်…” ကောင်းဖန် ခေါင်းညိတ်လိုက်သည်။ ထို့နောက် ညှော့ကြိုမိန်းကလေး၏ ရင်ဘက်ပေါ်ရှိ နာမည်ကတ်ကိုကြည့်ကာ သူမနာမည် ရွှင်းချမ်ချမ်ကို မှတ်သားထားလိုက်သည်။

## စာစဉ် ၂

ညော့်ကြိုမိန်းကလေးပြောသည့် ရတနာဥယျာဉ်မုန့်တိုက်သည် ရှာရလွယ်ကူပေသည်။ ကောင်းဖန် ဆိုင်ထဲသို့ဝင်သွားသည်နှင့် အထဲတွင် များပြားလှသည့်ဝယ်သူများကို တွေ့လိုက်ရသည်။

တစ်ခါတစ်ရံ ဆိုင်တစ်ဆိုင်၏အစားအသောက် ဘယ်လောက်ကောင်းလဲ သိလိုပါက အွန်လိုင်းပေါ်မှ ပြန်လည်သုံးသပ်ချက်များကို ရှာခြင်း သို့မဟုတ် တခြားစားဖူးသူတစ်ယောက်ယောက်၏ အမြင်ကို မေးခြင်းမျိုး မလိုအပ်ပေ။ ထိုဆိုင်ကိုလာသည့် ဖောက်သည်အရေအတွက်ကပင်လျှင် အကောင်းဆုံးသာဓကဖြစ်သည်။

ပုံမှန်အားဖြင့် အစားအသောက်ကို ဝယ်ယူသူ အလွန်များနေပါက ထိုအစားအသောက်၏အရသာမှာ ဆိုးဝါးမည်မဟုတ်ပေ။ အနည်းဆုံးတော့ ထိုဆိုင်၏အထူးအစားအသောက်များမှာ လူကို စိတ်ပျက်လောက်သည်အထိတော့ ဆိုးမည်မဟုတ်ပေ။

# စာစဥ် ၂

ကောင်းဖန် ဝေဖာကွတ်ကီးတစ်အိတ်ကို ဘယ်လက်တွင်သယ်ပြီး ညာဘက်တွင် ကိုင်ထားသည့် ပေါင်မုန့်တစ်ခုကိုတော့ ကိုက်ဝါးရင်း ပြန်လာခဲ့ကာ ဓါတ်လှေကားထဲသို့ ဝင်လိုက်သည်။

ဓါတ်လှေကားတံခါး ပိတ်ခါနီးတွင်ပဲ အပြင်ဘက်မှ ပြေးလာသံများကို ကြားလိုက်ရကာ၊ “ခနလေးပါ။ တောင်းပန်ပါတယ်။” ဟု အသက်၃၀ခန့်ရှိသည့် မျက်မှန်တပ်ထားသည့် အမျိုးသားတစ်ဦးက ပြောလာသည်။ ထိုလူက ဝတ်စုံပြည့်ကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားကာ ကောင်းဖန်ကို အားနာသည့် အပြုံးမျိုးဖြင့် ပြုံးပြလေသည်။ ထိုလူ၏ဘယ်ဘက်တွင်တော့ ဂါဝန်နီနီလေးဝတ်ထားသည့် ကောင်မလေးတစ်ဦးလက်ကို ကိုင်ထားသည်။ ထို့နောက် ထိုလူက ဓါတ်လှေကားမှ အထပ်နံပါတ်ကို နှိပ်ဖို့ ကြည့်လိုက်ချိန်တွင် သူရွေးချင်သည့် သုံးလွှာ နံပါတ်မှာ နှိပ်ထားပြီးဖြစ်နေတာကြောင့် ကောင်းဖန်ကို စူးစမ်းသည့်ဟန်ဖြင့် ကြည့်လိုက်သည်။

စာစဉ် ၂

ကောင်းဖန်ကလဲ ထိုလူကို ပြန်လှည့်ကြည့်လာတာကြောင့် ထိုလူက ယဉ်ယဉ်ကျေးကျေးပင် ပြန်ပြုံးပြပေသည်။

ခါတ်လှေကားထဲတွင် ကောင်မလေးက ကောင်းဖန်ကိုသာ ခေါင်းစောင်းပြီးကြည့်နေကာ ကောင်းဖန်လက်ထဲတွင် ကိုင်ထားသည့် ပေါင်မုန့်ကိုလဲ ကြည့်လို့နေသည်။ သူမက အနံ့အနည်းငယ်ခံလိုက်ပြီး သတိလက်လွတ်ဖြင့် သူမနှုတ်ခမ်းများကို လျှာဖြင့်ပင် သပ်လိုက်သေးသည်။ နောက်တော့မှ ကောင်းဖန်လက်ထဲမှ ပေါင်မုန့်ကို မကြည့်မိရန်အလို့ငှာ သူမခေါင်းကို ခက်ခက်ခဲခဲပြန်လှည့်ရတော့သည်။

သို့ပေမည့် စက္ကန့်ပိုင်းအကြာတွင်ပဲ သူမလေးမနေနိုင်စွာဖြင့် ပေါင်မုန့်ကို ခိုးကြည့်လို့လာပြန်သည်။

ကောင်းဖန် မနေနိုင်ဘဲ ရယ်မိသွားတော့သည်။ ထို့နောက် သူ့ဘယ်ဘက်မှ အိတ်ကိုဖွင့်လိုက်ကာ ဝေဖာကွ်ကီးတစ်ခုကို ယူပြီး ကောင်မလေးကို ပေးလိုက်သည်။

## စာစဉ် ၂

"မယူဘူး!" ကောင်မလေးက ခပ်ပြတ်ပြတ်ပင် ပြန်ဖြေကာ လူကြီး၏လက်မောင်းကို တင်းတင်းဆွဲဖက်ထားရင်း ကောင်းဖန်ကို သတိကြီးစွာ ကြည့်လိုက်သည်။

ဒင်! နောက်ဆုံးတော့ သူတို့ တတိယထပ်ကို ရောက်လာကာ ကောင်းဖန်လဲ နေရခက်လှသည့် အခြေအနေကြီးမှ လွတ်မြောက်သွားတော့သည်။

မျက်မှန်နှင့်လူကြီးနှင့် ကောင်မလေးသည် သူတို့၏ကျွမ်းဝင်ကောင်ကို အဆင့်မြှင့်တင်ဖို့ရန်အတွက် သားရဲပျိုးထောင်သူတစ်ယောက်ကို လာရှာခြင်းဖြစ်သည်။ ကောင်းဖန်၏ ငယ်ရွယ်ပုံကို မြင်လိုက်ရတော့ သူတို့နှစ်ယောက်လုံး အရင်ဆုံး သံသယဖြစ်စွာ ကြည့်လိုက်ကြသည်။ သို့ပေမည့် ကောင်းဖန်ကတော့ တည်ငြိမ်အေးဆေးစွာဖြင့်ပင် သူ၏အလယ်အလတ်အဆင့် သားရဲပျိုးထောင်သူလက်မှတ်ကို ထုတ်ပြလိုက်သည်။

စာစဉ် ၂

“ထက်မြက်တဲ့လူငယ်ပဲ။ တကယ်အရည်အချင်းရှိတဲ့လူငယ်လေးပဲ!” မျက်မှန်နှင့်လူကြီးက သူလေးစားသဘောကျကြောင်းကို လက်ခုတ်တီး၍ပါ ဖော်ပြလာခဲ့သည်။

“မင်းနဲ့အတူ ကိုယ်ပိုင်သားရဲကို ခေါ်လာခဲ့လား? ပုံမှန်ဆိုရင် ငါ့အတွက်က မင်းရဲ့ကိုယ်ပိုင်သားရဲကို ကိုယ်တိုင်ကြည့်ပြီးမှ အကြံဉာဏ်ပေးရတာ ပိုကောင်းတယ်။”

“တခုပိုင်က အောက်ထပ်မှာ၊ ဓါတ်လှေကားနဲ့ မဆံ့လို့ မခေါ်လာခဲ့တာ။” မျက်မှန်နှင့်လူကြီးက ပြန်ပြောလာသည်။ “အိုး၊ ဟုတ်သားပဲ၊ ငါ့ကိုငါတောင် မိတ်ဆက်ဖို့မေ့နေတာ။ ငါက ရှုချန်း၊ ဒါကတော့ ငါ့သမီး တို့တို့။”

“ဓါတ်လှေကားက လူတွေအတွက်ပဲ ဒီဇိုင်းဆွဲဆောက်ထားတာဆိုတော့ မင်းရဲ့ကိုယ်ပိုင်သားရဲနဲ့ မဆံ့တာ ပုံမှန်ပါပဲ။ ဒါပေမယ့် ငါတို့မှာ ငါတို့ရဲ့အထူးလမ်းကြောင်းရှိတယ်။”

## စာစဉ် ၂

ကောင်းဖန် မတ်တပ်ထရပ်လိုက်ကာ ရှုချန်းနှင့်တို့တို့ တို့ကို စတူဒီယိုထဲမှ အကြီးဆုံးအခန်းဆီသို့ ခေါ်သွားလိုက်သည်။ သူတို့နှင့်အတူ ဝန်ထမ်းအချို့ကိုလဲ ခေါ်လာခဲ့လိုက်သည်။

ထို့နောက် အဝေးထိန်းခလုတ်ကို ထုတ်ယူပြီး မျက်နှာကျက်ကို ညွှန်ရင်း ခလုတ်ကို နှိပ်လိုက်သည်။

ပွတ်ချ်!!!

ပြတင်းပေါက်များနှင့်အတူ နံရံကြီးသည် အပြင်ဘက်သို့ ရုတ်တရက်ပွင့်ထွက်သွားကာ ရေနွေးဆူသည့်အခါထွက်ပေါ်သည့် အသံမျိုးထွက်ပေါ်လာသည်။ ပွင့်သွားသည့် နံရံမှနေပြီး နေရောင်ခြည်ကလဲ တိုးဝင်လာခဲ့သည်။

အလင်းအစက်အပြောက်တွေက ကြမ်းပြင်ပေါ်မှာတောက်ပလာပြီး နေရောင်နဲ့မထိခင် အထိ ပိုပြီးကြီးထွားလာသည်။

## စာစဉ် ၂

ပြတင်းပေါက်တွင်ထားရှိသောနံရံအကာသည် ကြမ်းပြင်တွင်မျဉ်းပြိုင်ပုံစံများဖြစ်လာပြီး ဆွဲတံတားပုံစံနှင့်ဆင်တူလာသည်။

ဆွဲတံတားသည် အရှိန်တဖြည်းဖြည်းအောက်သို့နိမ့်ကျလာသည်။ လမ်းလျှောက်နေ သူများက ထိုရေိယာတစ်ဝိုက်ကိုအလျင်အမြန်ရှောင်သွားကြတာ ဒါမှမဟုတ် သူတို့ လမ်းကြောင်းပေါ်မှာရပ်နေတာတို့ ပြုလုပ်ခဲ့ကြသည်။

“မင်းရဲ့ကိုယ်ပိုင်သားရဲကို အပေါ်ကိုတက်လာဖို့ပြောလိုက်ပါ” ကောင်းဖန်ကပြောလိုက် သည်။

ရှုချန်းက လမ်းပေါ်မှာတွေဝေစွာနဲ့ ခြေကားယားလက်ကားယားထိုင်နေတဲ့ တာ့ပိုင်ကို အလျင်အမြန်ခေါ်လိုက်တယ်။ တာ့ပိုင်ကြည့်လိုက်သည်၊ ထို့နောက် ကောင်းဖန်က ထို အလင်းပျောက်ပုံစံနဲ့တူတဲ့သားရဲကို ကြည့်လိုက်သည်။ ၎င်းကခွေးပုံစံသားရဲဖြစ်ပြီး ကပ်ဆိုးကြီးမတိုင်ခင်ကြီးမားတဲ့ ပဲရီနီးခွေးအမျိုးအစားနှင့်တောင်ဆင်တူသည်။ ဒါတကယ်ကို ကြီးတဲ့အဖြူရောင်ပဲရီနီးခွေးမျိုးဘဲ။

## စာစဉ် ၂

ကပ်ဆိုးမတိုင်ခင်က ထိုပဲရီနီးခွေးအမျိုးအစားသည် အတိအကျကြီးမားတဲ့ခွေးအမျိုး အစားဖြစ်သည်။ ကံဆိုးစွာနဲ့ဘဲ ၎င်းသည် ကပ်ဆိုးကနဦးကာလအတွင်းမှာ ၎င်းတို့၏ ခန္ဓာကိုယ်အရွယ်အစားမှာအနည်းငယ်ဘဲပြောင်းလဲမှုရှိလာခဲ့သည်၊ ၎င်းကအခြားခွေး အမျိုးအစားများ၏ကြီးထွားမှုအတိုင်းမဟုတ်ခဲ့သောကြောင့် ယခုတွင်တော့ သေးငယ် သောခွေးဒါမှမဟုတ် အလယ်အလတ်ခွေးအမျိုးအစားအဖြစ်ဘဲသတ်မှတ်နိုင်သည်။

အဖြူရောင် ပဲရီနီးခွေးကို ဆွဲတံတားဖြင့် ခေါ်လာခဲ့ရသည်။ သူရဲ့သခင်ကိုတွေ့ရတဲ့ အခါတွင် ၎င်းကအလွန်ဝမ်းသာသွားကာ ရှူချန်းပေါ်ကိုခုန်တက်လိုက်ပြီး သူ့ခေါင်းကို ကြမ်းပြင်နှင့်ခေါက်မိ၍ ငိုက်ကျနေစဉ်သူ့မျက်နှာကို အမောတကောနှင့်ယှက်နေသည်။

“ဒီခွေးက မင်းနဲ့ကပ်ဆိုးမတိုင်ခင်ကတည်းက တူတူနေလာခဲ့တာလား” ကောင်းဖန် သည် ပဲရီနီးခွေး၏ စရိုက်လက္ခဏာများနှင့် အပြုအမူများကိုကြည့်ကာ သူမေးမြန်း ချင်တာကို မတားဆီးနိုင်ခဲ့ပေ။

## စာစဉ် ၂

"ဟုတ်တယ်" ရှုချန်းကခံစားနေတဲ့မျက်နှာနဲ့ပြောလိုက်ပြီး "တဲ့ပိုင်က ငါတို့နဲ့နေလာ တာခြောက်နှစ်ရှိနေပြီ, သူက တို့တို့ ထက်တောင်တစ်နှစ်ကြီးတယ်၊ သူငါတို့နဲ့ဒီထက် ပိုကြာကြာနေနိုင်ဖို့မျှော်လင့်ပါတယ်။"

ကပ်ဆိုးကြီးပြီးတဲ့နောက်မှာတော့ ကမ္ဘာဂြိုလ်ရဲ့စွမ်းအားကပိုအားကောင်းလာပြီး ရလဒ်အနေနဲ့ကတော့ သားရဲတွေရဲ့သက်တမ်းက ပိုတိုလာသည်၊ ခွေးတွေက ကပ်ဆိုး ကြီးမတိုင်ခင်ကတည်းက တစ်နှစ်ခွဲနှစ်နှစ်လောက်ကြာပြီး ခုချိန်မှာတော့ တစ်နှစ်ပတ် လည်လောက်သာလိုသည်။

"မင်းရဲ့ ပဲရီနီးခွေးဖြူက အထူးအဆင့်ဖြစ်တာကြောင့် ငါစဉ်းစားနေတာ မင်းသူ့ကို ပြီးပြည့်စုံတဲ့အဆင့်ရောက်စေချင်ပြီး အုပ်ချုပ်သူအဆင့်ထိရောက်အောင် မျှော်လင့်နေ တယ်မလား?"ကောင်းဖန်က ပဲရီနီးခွေးဖြူကိုကြည့်လိုက်တာနဲ့ ၎င်းရဲ့ဒေတာများကို အလွယ်တကူမြင်နိုင်သည်၊

ဒါကရှုချန်းကိုအံ့ဩသွားစေတယ်။ ကောင်းဖန်က သူ့ရဲ့တဲ့ပိုင်ကို အလွန်တိုတောင်းတဲ့

# စာစဉ် ၂

အချိန်တိုလေးအတွင်းမှာ အထူးအဆင့်ဖြစ်တဲ့အကြောင်းကို သူ့မျက်လုံးများနှင့် ကြည့်ရုံမှလွဲ ဘာမှမသုံးဘဲကောက်ချက်ချနိုင်မယ်လို့ လုံးဝထင်မထားခဲ့ဘူး။ သူကအစ ကကောင်းဖန်ရဲ့အရည်အချင်းနှင့်ပတ်သတ်ပြီးသံသယရှိခဲ့ပေမယ့် ယခုတွင်တော့ ကောင်းဖန်သည် တကယ်ဖြေရှင်းနိုင်ကြောင်းအကြွင်းမဲ့ယုံကြည်လိုက်ပြီဖြစ်သည်။ “အဲ့တာ ဟုတ်တယ်” သူပြောလိုက်သည်။

“အင်း..”ကောင်းဖန်တိုးတိုးလေးရေရွတ်လိုက်သည်၊ သူကတခြားသားရဲပျိုးထောင်သူ တွေနဲ့ကွာခြားသည်၊ သူ့ရဲ့ညွှန်ကြားချက်အောက်ကို လိုက်နေသရွေ့ ဘယ်သားရဲမဆို သူ၏ဂရုစိုက်မှုကို ရမည်ဖြစ်ပြီး အဆင့်တက်စေရန် ၁၀၀ရာခိုင်နှုန်း အောင်မြင်မည်ဖြစ် သည်။

သူ့စွမ်းရည်မှပေးသော နည်းစနစ်များသည်မအောင်မြင်ခြင်းရှိမရှိကိုသူသေချာမသိ သေးသော်လည်း အခုအချိန်ထိတော့ ဘာမှအရိပ်အယောင်အပြသေးပါ။ ဆိုလိုသည်မှာ ဒီအဆင့်အတွင်းရှိ သားရဲများနှင့်

စာစဉ် ၂

အလုပ်လုပ်ကိုင်သည့်အခါ ရှုံးနိမ့်မှုနှုန်းမတည်ရှိသေး ဟုဆိုလိုခြင်းဖြစ်သည်။

ဤအခြေအနေတစ်ရပ်တွင် သူဝန်ဆောင်မှုပေးရန်တာဝန်ကျတဲ့အခါ အခြားသားရဲပျိုးထောင်သူတွေလို တူညီတဲ့စံနှုန်းတွေကို အသုံးပြုဖို့မဖြစ်နိုင်ဘူး။ သူ့ရဲ့လက်စွမ်းနဲ့ဆိုရင် အပေါ်စားဆန်လွန်းတယ်။

ဒါကသူ့ရဲ့ဗဟုသုတနဲ့ ထူးခြားတဲ့စွမ်းရည်ကို စော်ကားသလိုဖြစ်လိမ့်မယ်၊

အန်ကယ်လျိုကသူ့ကိုပေးဖို့ သဘောတူထားတာက အနိမ့်ဆုံးလစာဖြစ်ပြီး ဝင်ငွေရဲ့ရှယ်ယာတစ်ခုပါ ပါဝင်သည်။

အဲ့ဒါက မဟာမိတ်ငွေကြေးငါးခုနှင့် ကောင်းဖန်၏တိုင်ပင်ဆွေးနွေးမှု ၉၀%သည် လစဉ် လစာဖြစ်သည်။

များသောအားဖြင့် စတူဒီယိုနှင့် သားရဲပျိုးထောင်သူအကြား ညှိနှိုင်းတိုင်ပင်ကြေးကို ၅၀–၅၀ကြားခွဲပေးသည်, သို့သော် ဦးလေးလျိုကဝင်ငွေ ၉:၁အဖြစ်ခွဲဝေရန် ရွေးချယ်ခဲ့ပြီး သူက ၁၀ %နှင့်

# စာစဉ် ၂

ကောင်းဖန်က ၉၀% လက်ခံရရှိခဲ့သည်။ ကောင်းဖန်က ဦးလေးလျိုဒီနည်းဖြင့်အကျိုးအမြတ်ရရန် မည်ကဲ့သို့ရည်ရွယ်သည်ကို မသိပါ။

ဦးလေးလျိုက ရိုးရိုးတန်းတန်းသာဖြေခဲ့သည်, “ ဒီစတူဒီယိုကိုဖွင့်ဖို့မျှော်လင့်ချက်နဲ့ဘဲ ဆက်ပြီးဖွင့်ခဲ့တာ၊ ဒါနဲ့ငွေရှာဖို့ရည်ရွယ်ချက်ကို မထားခဲ့ဘူး၊ မင်း ဦးလေးကို ကူညီချင်ရင်ဒီစတူဒီယိုကို နာမည်ရအောင်ဘဲကြိုးစားပေးပါ၊”

အဓိက အကြောင်းအရင်းကတော့ စတူဒီယိုရဲ့ဝင်ငွေအတွက် ဆွေးနွေးညှိနှိုင်းခြင်းဖြစ် သည်။

အခုအချိန်မှာတော့ ကောင်းဖန်သည်အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူ၏ ပုံမှန်အခကြေးငွေကို သုံးဆကောက်ရန် ဆုံးဖြတ်လိုက်သည်၊

ဒီဖခင်နဲ့ သမီးကတော့ သူ့ရဲ့ပထမဆုံးဧည့်သည်များဖြစ်သည့်အတွက် ပုံမှန်ငွေကြေး၏ နှစ်ဆဘဲယူရန်ပင် ရည်ရွယ်ထားသည်။

## စာစဉ် ၂

ကောင်းဖန်က သူ့ရဲ့ကမ်းလှမ်းချက်သည် အလွန်ကောင်းမွန်သည့်အပြုအမူဟုထင် သည်၊ သူသေချာပေါက် ကြီးမားတဲ့လျော့ချမှုကိုလုပ်နိုင်သည်။

ကောင်းဖန်သည်သူ၏စိတ်ကူးကို ပြင်ဆင်ပြီးနောက် ရှုချန်းနှင့်သူ၏သမီးကို သူ့ရဲ့ အဖိုးအခကိုပြောလိုက်သည်၊ ရှုချန်း သူ့နားတွေကိုတောင်မယုံနိုင်ဘူး၊ ကောင်းဖန် သည်ရည်မွန်တဲ့လူငယ်တစ်ဦးလို့ထင်ရသည်၊ သူက ငွေကြေးခေါင်းပုံဖြတ်နေတာကို အနည်းငယ်သိနေခဲ့သည်၊

ရှုချန်းသူ့ခေါင်းကို ခါယမ်းလိုက်ပြီး တုံ့တုံ့နှင့် ဆွေးနွေးရန်ဆိုကာထွက်သွားလိုက်သည်၊

“ နေပါဦး, ဒီလိုဆိုရင်ရော? အကယ်၍ အဆင့်တိုးမြှင့်တဲ့ကိစ္စမအောင်မြင်ခဲ့ရင် ကျနော် အခကြေးငွေမယူတော့ဘူး” ကောင်းဖန်ထပ်ပေါင်းပြောလိုက်သည်၊

ရှုချန်းရပ်လိုက်ပြီး လှည့်ကြည့်လိုက်သည်၊ သူ့ရဲ့မျက်မှန်တပ်ထားတဲ့မျက်လုံးတွေက မရိုးသားတဲ့စကားရိပ်သန်းနေတာကို

## စာစဉ် ၂

ထုတ်ဖော်ပြောပြနေသလိုဖြစ်နေသည်၊ “ဒါကမတရားတာဖြစ်နေတုန်းဘဲ၊ အဲ့အစားဒီလိုဆိုရင်ရော၊ မင်းရဲ့အဆင့်မြှင့်တင်မှု မအောင်မြင်ဘူးဆိုရင် မင်းကိုပေးရမယ့် အခကို ငါတို့ကိုလျော်ကြေးပြန်ပေးရမယ်၊”

***

## စာစဉ် ၂

### *အခန်း ၂၄ ၁၀ဆ!*

မတရားဘူး?

ကောင်းဖန်အတွက်ကတော့ သူသေချာပေါက်မရှုံးနိမ့်ဘဲ အောင်မြင်နိုင်မည်ဖြစ်ကြောင်း သေချာထားပြီးဖြစ်သည်။ ယခုလို ညှိနှိုင်းလာသည့် လျော်ကြေးသည် ကိစ္စကြီးတစ်ရပ်မဟုတ်သလို ၁၀ဆ သို့မဟုတ် အဆ၁၀၀ လျှော်ကြေးပေးရမည်ဟု ပြောလာလျှင်ပင် ကြောက်စရာမဟုတ်ပေ။

ဒါပေမယ့်.....

ကောင်းဖန် ရုတ်တရက် ဒေါသထွက်လာခဲ့သည်။

သူ့ကိုယ်သူ အမြင့်ကြီးသတ်မှတ်ကာ မာနမကြီးသင့်မှန်း သိပေသည်။ သူ၏အရည်အချင်းအစစ်အမှန်အကြောင်းကို သူကလွဲပြီး

## စာစဉ် ၂

ဘယ်သူကမှလဲ ပိုမသိနိုင်ပေ။ ရှုချန်း၏စကားများသည် ပြဿနာကြီးတစ်ခုမဟုတ်ပါဘဲ သာမာန်နားမလည်သေးသူများ၏ ပုံမှန်သဘောထားသာဖြစ်သည်။

အခြားသော အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူများ၏ အထူးအဆင့် သားရဲတစ်ကောင်ကို ပြီးပြည့်စုံအဆင့်သို့ မြှင့်တင်ရာတွင် အောင်မြင်နှုန်းကို ကောင်းဖန်မသိပေမည့် သိပ်ပြီး အောင်မြင်နှုန်း မမြင့်လောက်မှန်းကိုတော့ ခန့်မှန်းမိပါသည်။

ဒါကြောင့်လဲ ဤနှုန်းထားက ရှုချန်းအတွက်ဆိုလျှင် အတော်လေးအကျိုးအမြတ်ရပေသည်။

သူ့သားရဲကို ပြီးပြည့်စုံအဆင့်သို့ သာမာန်အခကြေး၏နှစ်ဆတည်းဖြင့် ရသွားနိုင်သလို အလကားအဆင့်မြှင့်ခိုင်းခြင်းဖြင့်လဲ လျှော်ကြေးနှစ်ဆရသွားနိုင်ပေသည်။

## စာစဉ် ၂

ကောင်းဖန်ထံမှ စကားပြန်မရတာကြောင့် ရှုချန်းပြုံးလိုက်ပြီး၊ “ထားပါ၊ ငါနားလည်ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ဒီလောကမှာ ရာနှုန်းပြည့်အောင်မြင်နှုန်းဆိုတာမှ မရှိဘဲ။ တို့တို့ လာ၊ သွားကြစို့။”

ရှုချန်း တို့တို့၏လက်ကို ဆွဲကိုင်ရင်း ဖြည်းဖြည်းမှန်မှန်နှင့် ထွက်သွားလိုက်သည်။ နောက်ဆုံး ဓါတ်လှေကားရှေ့တွင် ခဏရပ်လိုက်သည်။ သို့ပေမည့် ထိုသို့ရပ်လိုက်ခြင်းမှာ ကောင်းဖန်ထံမှ လှမ်းတားလာမည်ကို စောင့်လိုခြင်းမဟုတ်ပေ။ သူနည်းနည်း ဝမ်းနည်းနေရပေမည့် ဒီလိုရလဒ်ပဲ ထွက်လာမည်ဆိုသည်ကို ခန့်မှန်းမိထားပြီးဖြစ်သည်။ နောက်ဆုံး သူဓါတ်လှေကားတံခါးကိုဖွင့်ကာ အထဲသို့ဝင်လိုက်သည်။

ထို့နောက် ဓါတ်လှေကားတံခါးလဲ ဖြည်းညှင်းစွာ ပိတ်သွားခဲ့သည်။

တစ်ဖက်တွင်တော့ ဝန်ထမ်းတစ်ဦးက တာ့ပိုင်ကို ဆွဲတံတားမှတစ်ဆင့် ပြန်ချပေးလေသည်။

## စာစဉ် ၂

ကောင်းဖန်သည်တော့ ဆွံ့အနေမိစဲပင်။

သူ့ဘဝရဲ့ပထမဆုံးအလုပ်က ဒီလိုပဲ ဆုံးခန်းတိုင်သွားပြီလား။

စတူဒီယိုမှ အခြားသောဝန်ထမ်းများ ထိုသတင်းကိုကြားသွားသည့် အချိန်တွင်တော့ ကောင်းဖန်ကို တစ်မျိုးတစ်မည်ပြောင်းလဲ ကြည့်ကုန်ကြသည်။

ဒီဘော့စ် အသစ်လေးက တော်တော်မာနကြီးတာပဲ။

သူတို့အမြင်တွင်တော့ ကောင်းဖန်သည် မာနကြီးက ငယ်ငယ်ရွယ်ရွယ်နှင့်အောင်မြင်မှုလေးရှိထားတာကြောင့် သူ့ကိုယ်သူအထင်ကြီးနေသည်ဟုသာ မြင်ကြသည်။

သို့ပေမည့် ထိုအကြောင်းကို ကောင်းဖန်နောက်ကွယ်တွင်သာ တိုးတိုးတိတ်တိတ်ပြောဆိုရဲကာ ရှေ့ထဲမှတော့ ပေါ်ပေါ်ထင်ထင် ပြောဆိုရဲခြင်းမရှိကြပေ။ ဘာပဲဖြစ်ဖြစ် သူတို့သည် ကောင်းဖန်လက်အောက်တွင် အလုပ်လုပ်နေရသူများဖြစ်ကာ

## စာစဉ် ၂

သူတို့သူဌေးအကြောင်းကို လူကြားထဲ မကောင်းပြောဖို့ သတ္တိဘယ်သူ့တွင်မှာ မရှိကြပေ။ သူတို့အလုပ်ကို ဆက်ပြီးမလုပ်ချင်ကြတော့ရင်တော့ တစ်မျိုးပေါ့။

ကောင်းဖန်သည်လဲ ကူကယ်ရာမဲ့သလိုခံစားနေရသည်။

ဒါပေမယ့် သူ့ဘက်ကတော့ သူ၏အတိုင်ပင်ခံကြေးကို လုံးဝမလျှော့ချင်ဘဲ ဆန့်ကျင်ဘက်အနေဖြင့် စျေးကိုထပ်မြှင့်ဖို့ပင် စိတ်ကူးပေါ်လာသေးသည်။

ကံကောင်းထောက်မစွာဖြင့် နောက်ဆုံးမှာတော့ ကျိုးကြောင်းမဲ့တွန်းအားပေးမှုအပေါ် ကောင်းသည့်အသိစိတ်က အောင်နိုင်သွားခဲ့သည်။

ရိုးရိုးသားသားနှင့်လက်တွေ့ကို ရင်ဆိုင်ရန်၊ တစ်ဖက်သားဖက်မှ စဉ်းစားပေးရန်၊ နားလည်မှုရှိပေးပြီး စာနာသနားတတ်ဖို့ရန်….. ကောင်းဖန် ထိုသို့တွေးတော့ရမည့်ကို သိပေမည့် လက်မခံနိုင်သေးပေ။

## စာစဉ် ၂

ပြောရရင်တော့ ဈေးနှုန်းကို မြှင့်ဖို့ထက် လျှော့လိုက်ဖို့က ပိုလွယ်လှပေသည်။ သူသာ အခုချိန်မှာ သူ၏အတိုင်ပင်ခကို နှိမ့်ပေးလိုက်ပါက နောင်အချိန်များတွင် ပြန်လည်တိုးမြှင့်ဖို့ရန် ခက်ခဲသွားပေမည်။ သူ့ဘက်က ဖောက်သည်များ၏စိတ်ဆန္ဒကို အမြဲတစေ လိုက်လျောပေးနိုင်နေမည်မဟုတ်ကြောင်း သူ့ဖောက်သည်များ မသိနိုင်မှန်း ကောင်းဖန်သိပေသည်။ သူတို့မှာလဲ သူတို့အတွေးရှိသလို သူ့မှာလဲ ကိုယ်ပိုင်ခိုင်မာသည့် ဆုံးဖြတ်ချက်ရှိပေသည်။

သူ၏ကျော်ကြားမှု ကျယ်ပြန့်လာသည်နှင့်အမျှ ဖောက်သည်များလဲ သေချာပေါက် စဉ်ဆက်မပြတ်ရောက်လာကြမည်သာ။ ဒီချန်အန်းတစ်မျိုးလုံးတွင် ကောင်းဖန် သူ၏ကျွမ်းကျင်မှုကို ဘယ်သူမှ မသိနိုင်ဘူးလို့တော့ မယုံပေ။

## စာစဉ် ၂

နေ့လည်ပိုင်းကမြန်မြန်ဆန်ဆန်ပဲ ကုန်ဆုံးသွားခဲ့သည်။ နောက်ထပ်ဖောက်သည် သုံးဦးရောက်လာခဲ့သေးပေမည့် ဘယ်သူကမှ ကောင်းဖန်၏စျေးနှုန်းကို လက်မခံနိုင်ကြပေ။

"ဘော့စ်၊ ကျွန်မတို့မှာ နောက်ထပ်ဖောက်သည်အသစ်တစ်ယောက်ရှိပါတယ်။" ရှင်းချွမ်ချွမ်က ရုံးခန်းထဲမှ ကောင်းဖန်ကို ဖုန်းဆက်ပြောလိုက်သည်။ သူမအတော်လေးပင်ပန်းလို့နေပေပြီ။ ဒီသူဌေးလေးက ဘာကြောင့် သူ့နှုန်းထားကို မလျှော့ပေးနိုင်ရတာလဲ? တစ်ကြိမ်တည်းဆိုရင်တော့ နည်းတယ်လို့ ထင်ရမှာပေမယ်။ အကြိမ်ရေများလာရင် အမြန်ပမာဏကလဲ တစ်ပြိုင်နက်တိုးလာမှာပဲလေ။

လူချမ်းသာတွေရဲ့ အတွေးတွေကို ငါနားကိုမလည်နိုင်တော့ဘူး။

ရှမ်းချွမ်ချွမ်၏အမြင်တွင်တော့ သူမ၏သူဌေးသည် လျှို့ဝှက်သူဌေးတစ်ယောက်ပင်။

# စာစဉ် ၂

“မင်းက ဒီကသားရဲပျိုးထောင်သူလား?” လူတစ်ယောက်က အခန်းတံခါးကို တွန်းဖွင့်ဝင်လာပြီး ကောင်းဖန်ကို သံသယရှိဟန်ဖြင့် စပြောလိုက်သည်။

“ဟုတ်တယ်။ ငါပါပဲ။” ကောင်းဖန် ခေါင်းညိတ်ပြလိုက်သည်။ “အရင်ဆုံးရှင်းအောင်ပြောထားပါ့မယ်။ ငါ့ရဲ့အတိုင်ပင်ခံကြေးက တခြားအလယ်အလတ်အဆင့် သားရဲပျိုးထောင်သူတွေထက် သုံးဆမြင့်တယ်။”

“ဘယ်လောက်ကုန်ကုန် ဂရုမစိုက်ဘူး။ မင်းသာ ငါ့သားရဲကိုအဆင့်မြှင့်နိုင်အောင် ကူညီပေးရင်၊ ပုံမှန်ဈေးထက် ၁၀ဆ မင်းကိုပေးနိုင်တယ်!” ဂျင်းဘောင်းဘီနှင့်လူငယ်က သူ့လက်များကို စားပွဲပေါ်သို့ ထောက်မှီတင်ရင်း မျက်လုံးများနီရဲနေဟန်ဖြင့် ပြောလိုက်သည်။

## စာစဉ် ၂

“ ၁ဂဆ ! မင်းအောင်မြင်သမျှကာလပတ်လုံး ငါမင်းကိုတခြားသားရဲပျိုးထောင်သူတွေ ထက် ၁ဂဆပေးမယ်!” လူငယ်က စိုးရိမ်ကြောင့်ကြစွာနဲ့စိတ်မရှည်မှုကြောင့် လျင်မြန်စွာပြောလိုက်သည်။

“ဒါကတည့်တိုးပြောတာဘဲ။”ကောင်းဖန်ကသက်ပြင်းချလိုက်သည်။ “မင်းရဲ့ကိုယ်ပိုင် သားရဲဘယ်မှာလဲ? ငါတိကျတဲ့အဖြေမပေးနိုင်ခင် ငါ့ကိုကြည့်ခွင့်ပေး။”

“ဒီမှာ” ဂျင်းဘောင်းဘီနှင့်လူငယ်က သူ့လည်ပင်းပတ်ကိုချွတ်လိုက်ပြီး ဂရုတစိုက်နှင့် ကလေးလက်ဖဝါးစာလောက်သာရှိသည့် ခရမ်းရောင်ကြွက်ကိုသူ့ရဲ့ အတွင်းအိတ်ကပ်ထဲမှ ထုတ်ယူလိုက်သည်။ ဘယ်လိုဘဲဖြစ်ဖြစ်ဒီအချိန်မှာတော့ ထိုခရမ်းရောင်ကြွက်က ထူထပ်တဲ့သွေးကြောတွေနဲ့ဖုံးအုပ်ထားပြီး ရက်စက်ကြမ်းကြုတ်တဲ့ စပါးအုံးမြွေက သူ့ခန္ဓာကိုယ်ပေါ်မှာသွားနေသလိုပင် ဖြစ်နေတော့သည်၊ ခရမ်းရောင်ကြွက်သည် သေခြင်းတံခါးဝ၏ဂိတ်နားကိုရောက်နေပြီးရုံဖန်ရုံခါ စူးရှသော အသံညင်းညင်း ထွက်တတ်သည်၊

# စာစဉ် ၂

"တစ်လုံးဘဲပြော၊ yesလားnoလား"
လူငယ်လေးကကောင်းဖန်ကိုကြည့်ကာ အသက်ရှူ မြန်နေသည်။

ကောင်းဖန် လူငယ်ရဲ့လက်ထဲကခရမ်းရောင်ကြွက်ကိုကြည့်၍ သူ့မျက်လုံးကိုစောင်း ကြည့်ကာ ပြောလိုက်သည်, " သူဘာတွေစားထားတာလဲ? ငါကသားရဲပျိုးထောင်သူ, တိရိစ္ဆာန်ဆရာဝန်မဟုတ်ဘူး" သူဒါကိုပြောပြီးတဲ့နောက် ကုလားထိုင်ပေါ်ကို တဖြည်း ဖြည်းမှီချလိုက်သည်။

ကောင်းဖန်ရဲ့မျက်လုံးထဲမှာ ဒီကြွက်ရဲ့ အချက်အလက်ဇယားက မူကွဲပြောင်းလဲမှုဖြစ် ပေါ်နေတယ်၊

" ငါ သွေးကျောက်စိမ်းလင်ဇီးမှိုကိုကျွေးခဲ့တာ, ငါ သူတိုးတက်လာဖို့ကိုမျှော်လင့်ခဲ့တာ ပါ၊ ဘယ်သူသိမှာလဲ ဒီလိုဖြစ်လာလိမ့်မယ်လို့!" လူငယ်ရဲ့မျက်နှာကဖြူဖျော့လာသည်၊ " သူ့ရဲ့ပြောင်းလဲတိုးတက်မှုက ကွဲလွဲနေတယ်၊ မင်းဘယ်လိုကူညီရမလဲသိရင် ကူညီပါ၊ ကျေးဇူးပြုပြီးတော့။"

ဒါကြောင့်စာလေ့လာခြင်းကအရေးကြီးတာပေါ့၊ ဒီသားရဲက လျှပ်စီးသားရဲလေ, ဒါပေမယ့် မင်းက

# စာစဉ် ၂

သွေးအာနိသင်ရှိတဲ့အပင်ကိုကျွေးတယ်, မင်းကထီလက်မှတ် ဝယ်နေတယ်များထင်နေလား? ကောင်းဖန် စကားမပြောနိုင်ဘဲဖြစ်နေတော့တယ်။

“ကောင်းပြီ ငါသူ့ကိုဂရုစိုက်လိုက်မယ်, ဒါပေမယ့် မင်းသားရဲပျိုးထောင်သူတွေရဲ့စည်း မျဉ်းကိုသိတယ်မလား ဟင်? ငါတို့က အကြံပေးမယ်, ပစ္စည်းတွေအတွက်ကတော့ မင်းပေးချေရမယ်။”

“ အင်း, ငါလုပ်မယ် မင်းဘာလိုလဲသာပြောစမ်းပါ၊” ချန်အန်းမြို့မှာ အဆင့်မြင့်သားရဲ ပျိုးထောင်သူများက နှစ်ယောက်ဘဲရှိတာကြောင့် လူငယ်က ကောက်ရိုးတစ်မျှင်ကို သာဆုပ်ကိုင်ထားတဲ့ရေနစ်နေတဲ့ လူငယ်နဲ့တူနေတယ်၊ တစ်ယောက်ကတော့ ချန်အန်း သားရဲပျိုးထောင်သူအဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌဖြစ်ပြီး, နောက်တစ်ယောက်ကတော့ အဆင့် အတန်းမြင့်မားတယ်။ အချိန်ကအကန့်အသတ်ရှိတယ်, သူဘယ်လိုလုပ်ပြီး အဲ့လူတွေနဲ့ တွေ့နိုင်မှာလဲ?

[မကောင်းဆိုးဝါးအမည်] : ခရမ်းရောင်လျှပ်စီးကြွက် ( မူကွဲပြောင်းလဲမှု )

[မကောင်းဆိုးဝါးအဆင့် ] : အဆင့်၁၉ (ထိပ်တန်းအဆင့်)

## စာစဉ် ၂

[မကောင်းဆိုးဝါးအဆင့်အတန်း] : အထူးအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်] : လျှပ်စီး

[မကောင်းဆိုးဝါးအခြေအနေ] : မပြင်းထန်သောဒဏ်ရာ (ဝေဒနာခံစားနေရ)

[မကောင်းဆိုးဝါးအားနည်းချက်] : ၁၊ ရှိ.....

[အထူးအဆင့်၏လိုအပ်ချက်များ] : ၁၊ သာမန်ပြောင်းလဲတိုးတက်ခြင်း၊ ၂၊ မူကွဲ ဆင့်ကဲဖြစ်စဉ်.....

ကောင်းဖန်စစ်ဆေးပြီးတဲ့နောက် ခရမ်းရောင်လျှပ်စီးကြွက်နဲ့အသင့်တော်ဆုံးနည်းလမ်း တော့ ကွဲလွဲနေသောဆင့်ကဲဖြစ်စဉ်ကို ဆက်လုပ်ရန်နှင့် ထိုအတွက်ယခုဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်အတိုင်းကတော့ သွေးနှင့် လျှပ်စီးစွမ်းအင်အပြောင်းအလဲ ကြားထဲမှာ ဝေဒနာခံစားနေရဆဲဖြစ်သည်။

[မူကွဲ ပြောင်းလဲတိုးတက်မှု] : အရိပ်သစ်သီး ငါးခု, နီရဲနေသောမေပယ်စေ့၅ဂရမ်, ရွှေရောင်ခြည်သစ်ရွက်၅ဂဂရမ်..၎င်းတို့အားလုံးကို

## စာစဉ် ၂

ကြိတ်ဆုံကျောက်ထဲသို့ထည့်လိုက် ပြီး ၎င်းတို့ကိုကြိတ်ခွဲလိုက်ပြီးနောက် အမှုန့်ကိုဆူအောင်ကျိုချက်ပါ။(ထိပ်တန်းအဆင့်) သွေးလင်းနို့သားရဲသလင်းအမြုတေကိုထိုထဲသို့ထပ်ပေါင်းထည့်ပါ၊ ထို့နောက်…

"အရိုပ်သစ်သီး ငါးခု, နီရဲနေသောမေပယ်စေ့၅ဂရမ်, ရွှေရောင်ခြည်သစ်ရွက်၅၀ဂရမ်နဲ့ သွေးလင်းနို့သားရဲသလင်းတစ်ခုကိုသွားယူခဲ့" ကောင်းဖန် ထိုလူငယ်ကိုပြောကြား လိုက်သည်။

လူငယ်ကခေါင်းငြိမ့်ကာ တုံ့ဆိုင်းနေခြင်းမရှိဘဲ ချက်ချင်းထိုပစ္စည်းတို့ကိုသွားယူတော့ သည်။ ဘယ်လိုဘဲ သူ ကောင်းဖန်ကို ယုံသည်ဖြစ်စေမယုံသည်ဖြစ်စေ, သူက ကောင်းဖန်ကိုရွေးချယ်ပြီးပြီဖြစ်ပြီး သူဘယ်ကိုမှသွားစရာမရှိတော့ပါ။

အကယ်၍ ဒီကောင်လေး မအောင်မြင်ခဲ့ရင်ရော လူငယ်၏မျက်လုံးတို့က အေးစက်နေ တဲ့အရိပ်များ ဖြတ်သန်းသွားသည်။ သူက မာကျန်းဖြစ်ပြီး ဒီမြို့မှာကျော်ကြားသူတစ် ယောက်ဖြစ်သည်၊ သူ့ရဲ့ကျဆုံးမှုအတွက် ဒီကလေးကိုပေးဆပ်ခိုင်းမည်ဖြစ်သည်။

## စာစဉ် ၂

ကံကောင်းစွာနဲ့ ထိုပစ္စည်းများက ရှားပါးမနေဘူး။ သူတို့ကို ရွေးချယ်ပြီးနောက် နာရီဝက်အတွင်း ကောင်းဖန်ဆီသို့ပို့ပေးလိုက်သည်။

ထိုအချိန်မှာဘဲ ခရမ်းရောင်လျှပ်စီးကြွက်က စားပွဲပေါ်တွင်လဲလျောင်းနေသည်၊ ၎င်းက ဖြည်းဖြည်းချင်းထဖို့တောင်မှ မကြိုးစားနိုင်ချေ၊ ၎င်းရဲ့ရင်ဘတ်တစ်ခုကသာ မြင့်လိုက်နိမ့်လိုက်ဖြစ်နေပြီး သူကအသက်ရှိသေးကြောင်းဖော်ပြနေသည်။

ကောင်းဖန်က အရိုပ်သစ်သီး,နီရဲနေသောမေပယ်စေ့နှင့် ရွှေရောင်ခြည်သစ်ရွက်တို့ကို အစဉ်အတိုင်းလိုက်နာ၍ ကြိတ်ချေလိုက်ကာ ရောကြိတ်ထားသောအမှုန့်များကို ဆူပွက်နေသောအိုးထဲသို့သွန်ချလိုက်သည်၊ သူကအဖုံး ဖုံးလိုက်ပြီးနောက် မိနစ်ဝက်လောက်စောင့်ကာ သွေးလင်းနို့ သားရဲသလင်းအမြုတေကို ပစ်ခွဲကာ ဆေးရည်ထဲသို့ထည့်လိုက်သည်။

၁၀မိနစ်ကြာပြီးနောက်တွင်တော့ ကောင်းဖန် အဖုံးကို ပြန်ဖွင့်လိုက်ပြီး မာကျန်း၏ အံ့အားသင့်နေသည့် မျက်နှာရှေ့တွင်ပဲ ခရမ်းရောင်လျှပ်စီးကြွက်ကို အိုးထဲသို့ ပစ်ထည့်ပြီး အဖုံးပြန်ဖုံးလိုက်တော့သည်။......

# စာစဉ် ၂

***

စာစဉ် ၂

## ***အခန်း ၂၅ ခရမ်းရောင်သွေးလျှပ်စီးကြွက်***

မာကျန်းတစ်ယောက် သူ၏အဖိုးတန်ကြွက်ကလေး အိုးထဲပစ်ထည့်ခံလိုက်ရသည်ကို မြင်လိုက်ရတော့ သတိလစ်လုမတတ် လန့်ဖြန့်သွားခဲ့သည်။ မင်းအသားဟင်းချက်ဖို့ လုပ်နေတာတော့မဟုတ်ပါဘူးနော်? ရှိသမျှပစ္စည်းတွေအကုန် မင်းပစ်ထည့်နေတော့တာပဲ!

ချက်ချင်းပင် အပြေးအလွှားသွားကာ ကောင်းဖန်၏ ကော်လံစကို ဆွဲကိုင်လိုက်ပေမည့် ကောင်းဖန်ကတော့ အေးဆေးတည်ငြိမ်စွာဖြင့်သာ သူ့ကိုပြန်ကြည့်ရင်း ပြောလာခဲ့သည်။ “အနံ့လေးက ဘယ်လိုနေလဲ။ ကြွက်စွပ်ပြုတ်အရသာလေးမြည်းချင်သေးလား? ဒါက ယင်စွမ်းအင်ကို ပြည့်ဝပြီး ယန်စွမ်းအင်ကိုလဲ ပြန်ဖြည့်ပေးတယ်။”

“ဘာ?!”

## စာစဉ် ၂

“နောက်တာပါ။ စိတ်ကိုပေါ့ပေါ့ပါးပါးသာထား။”

နေ့တစ်ဝက်ကြာခဲ့ပြီဖြစ်တာကြောင့် ကောင်းဖန် အစပိုင်းကလိုမျိုး စိတ်လှုပ်ရှားပူပန်ခြင်းများမရှိတော့ဘဲ အလုပ်သစ်နှင့်စတင် ကျွမ်းဝင်လာတော့သည်။

မာကျန်းသူ့လုပ်ရပ်ကို ရပ်တန့်လိုက်ပေမည့် လက်များကတော့ တုန်ရီလို့နေသည်။ သူအရမ်းငိုချင်နေသော်လည်း မျက်ရည်ကတော့ ထွက်မလာခဲ့ပေ။ “မင်းတကယ်ပဲ ငါ့ကြွက်ကို စားဖို့ချက်နေတာတော့မဟုတ်ပါဘူးနော်?”

“စိတ်လျှော့ပါ။” ကောင်းဖန်ပြောရင်းဖြင့် အိုးအဖုံးကို ဖွင့်လိုက်သည်။ တူတစ်စုံကိုသုံးကာ အိုးကို မွှေလိုက်ရင်း ခရမ်းရောင်လျှပ်စီးကြွက်ကို တွေ့လိုက်ရလျှင် တစ်ဖက်ပင် လှန်,လှန်ပေးလိုက်သေးသည်။

## စာစဉ် ၂

ခရမ်းရောင်လျှပ်စီးကြွက်၏အဖြူရောင်ဗိုက်သားလေးမှာ အလှန်ခံလိုက်ရတာကြောင့် ပေါ်ထွက်လာခဲ့သည်။ သူ၏ဗိုက်မှာလုံးဝန်းနေပြီး ပါးစပ်မှလဲ ပူပေါင်းများထွက်လာသလို အသံများထွက်နေသည်။

"မွှေတောင်မွှေနေရတာပဲ။" ကောင်းဖန် သူ့ဘာသာရေရွတ်ညည်းညူလိုက်သည်။ "စိတ်အေးအေးထားပါ၊ ငါက ဆေးတွေသေချာနှံ့နှံ့စပ်စပ်ရောအောင် လုပ်တာပါ။ ဒါမှ ပိုပြီးထိထိရောက်ရောက် စုပ်ယူနိုင်မှာလေ။"

မာကျန်းသည်တော့ ကောင်းဖန်ကို စိုက်ကြည့်နေကာ သူ၏အကြမ်းဖက်လိုစိတ်များကိုသာ ဖိနှိပ်ဖို့ရန် ကြိုးစားနေရသည်။ ငါစိတ်အေးအေးထားရမယ်၊ ငါစိတ်အေးအေးထားရမယ်။

ကောင်းဖန်ကတော့ သူ၏သားရဲပျိုးထောင်ခြင်းနည်းစနစ်များကို မာကျန်း တိတ်တဆိတ်သင်ယူနေမည်ကို မစိုးရိမ်မိပေ။

## စာစဉ် ၂

သွေးကျောက်စိမ်းလင်ဗီးမှိုကို ခရမ်းရောင်လျှပ်စီးကြွက် စုပ်ယူခဲ့ပြီး မှုကွဲပြောင်းလဲမှုဖြစ်သွားခြင်းမှာ အတော်ဖြစ်ခဲသည့် အခြေအနေမျိုးဖြစ်သည်။ အခြေအနေအများစုတွင် သားရဲသည် သူ၏ခန္ဓာကိုယ်တွင်း စွမ်းအင်များဖောက်ပြန်ခဲ့ပါက ရိုးရိုးလေးသေသွားမည်သာဖြစ်ပြီး ကုသမှုခံယူဖို့အထိ ခံလိမ့်မည်မဟုတ်ပေ။

ထို့အပြင် ခရမ်းရောင်လျှပ်စီးကြွက်တိုင်းတွင် မတူညီမှုများရှိကာ သူ့အတွက်လိုအပ်သည့် ပစ္စည်းပမာဏသည်လဲ ကွဲပြားပေမည်။ ဤခရမ်းရောင်လျှပ်စီးကြွက်သည် အရိပ်သစ်သီး ၅ခုလိုအပ်ပေမည့် ဤအခြေအနေမျိုးတွင်ပဲ ရှိနေသည့် အခြားသော ခရမ်းရောင်လျှင်စီးကြွက်တစ်ကောင်သာဆိုလျှင် အရိပ်သစ်သီး ၆ခုလိုအပ်ပေလိမ့်မည်။

စာစဉ် ၂

နာရီဝက်ကြာပြီးနောက် မာကြောက် တုန်လှုပ်ခြောက်ခြားစွာမေးလိုက်သည်။ "အခုထိ မပြီးသေးဘူးလား?" အိုးထဲက ခရမ်းရောင်လျှပ်စီးကြွက်ကိုလဲ ခက်ခဲခဲကြည့်နေသေးသည်။ ၎င်းမှာ အိုးထဲတွင် အချိန်ကြာမြင့်စွာ ရှိနေခဲ့တာကြောင့် အရိုးများတောင် ကျက်သွားပေလောက်ပြီ။

မာကျွန်း၏မျက်လုံးထဲမှ မျက်ရည်များစတင်စီးကျလို့လာရတော့သည်။

ကောင်းဖန်၏အမူအရာမှာ ယခင်အတိုင်း တည်ငြိမ်အေးဆေးလို့နေပေမည့် တကယ်တမ်း စိတ်ထဲတွင်တော့ ကြောက်ရွံ့တုန်လှုပ်နေပြီဖြစ်သည်။ တကယ်ပဲ သူလုပ်နေတာက ကြွက်စွပ်ပြုတ်ဖြစ်သွားမှာများလား?

"အဆင်ပြေပါတယ်။ ကြည့်ရတာ ကောင်းကင်ဘုံက ဒီကွက်ထဲမှာ ရုံးခန်းကြီးတစ်ခုတောင် ဖွင့်မလိုနဲ့တူတယ်။ နဲနဲလောက်

ပိုပြုတ်မှုရမယ်။” ကောင်းဖန် အေးအေးဆေးဆေးပင် မာကျန်း၏ပုခုံးကိုပုတ်ကာ ပြောလိုက်သည်။

ချီ..ချီ…

တစ်ချိန်လုံးအိုးထဲတွင် လှဲနေခဲ့သည့် ခရမ်းရောင်လျှပ်စီးကြွက်သည် ရုတ်တရက်ကြီး မျက်လုံးများပြူးပြူးကျယ်ကျယ်ဖွင့်လာပြီး ရှူးရှူးမူးမူးအော်ဟစ်နေတော့သည်။ ၎င်းက သူ့ပါးစပ်ထဲမှ အနက်ရောင်ဆေးရည်များကို အန်ထုတ်ကာ ရှူးသွပ်သလိုတုန်ခါနေတော့သည်။

ဘွန်း!

ဒီသေးငယ်လှသည့် ခရမ်းရောင်လျှပ်စီးကြွက်လေးတွင် မပိုင်ဆိုင်လောက်ဟု အားလုံးထင်မှတ်ထားသည့် ခွန်အားဖြင့် ထိုကောင်လေးက သူ၏အမြီးကို လှုပ်ရှားကာ အိုးအဖုံးကို လွင့်ထွက်သွားစေခဲ့သည်။

## စာစဉ် ၂

ထို့နောက် ၎င်းက အခန်းအတွင်းမှာ ခရမ်းရောင်လျှပ်စီးကြောင်း တစ်ခုနှယ် ရှူးရှူးသွပ်သွပ် ခုန်ပျံပြေးလွှားနေတော့သည်။

“ငါ့ရှုံးခန်းရဲ့ပျက်စီးမှုတွေအတွက်လဲ မင်းပေးရမယ်နော်။” ကောင်းဖန် မာကျန်းကို လေးနက်စွာပြောလိုက်သည်။

မာကျန်း၏အာရုံမှန်သမျှမှာ ကြွက်အပေါ်တွင်သာ တစိုက်မတ်မတ်ရှိနေတာကြောင့် ကောင်းဖန်စကားကို မြန်မြန်ဆန်ဆန်ပဲ သဘောတူလိုက်သည်။ “ကိစ္စမရှိဘူး။”

သူ၏ခရမ်းရောင်လျှပ်စီးကြွက်လေးကို ကြည့်ရင်း နောက်ဆုံးတော့ သူ့ရင်ထဲမှ စိုးရိမ်စိတ်များမှာ ပျောက်ကင်းသွားတော့သည်။

ထိုခရမ်းရောင်လျှပ်စီးကြွက် မောပန်းကာ နောက်ဆုံး စားပွဲပေါ်တွင် ပြန်လာရပ်ဖို့အတွက် မိနစ်ပိုင်းလောက် စောင့်လိုက်ရသည်။ ၎င်း၏ရှည်လျားပိန်သေးသည့် ခပ်ဖျော့ဖျော့ ခရမ်းရောင်အမြီးသည် နူးနူးညံ့ညံ့ပင် ယိမ်းနွဲ့နေပြီး ၎င်း၏

## စာစဉ် ၂

ပတ္တမြားနီရောင်မျက်လုံးများသည်တော့ တောက်ပလင်းလက်လို့နေသည်။

[မကောင်းဆိုးဝါး နာမည်] : ခရမ်းရောင်သွေးလျှပ်စီးကြွက်

[မကောင်းဆိုးဝါး အဆင့်] : ၂၀ (ထိပ်တန်းအဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း] : ပြီးပြည့်စုံခြင်းအဆင့်

[မကောင်းဆိုးဝါး စွမ်းရည်] : လျှပ်စီး/သွေး

"မင်းတော့ ဂျက်ပေါ့ထိသွားတာပဲ။ ပြီးပြည့်စုံခြင်းအဆင့်၊ စွမ်းရည်နှစ်မျိုးနဲ့ မင်းသူ့ကို နည်းနည်းပါးပါးထပ်လေ့ကျင့်ပေးလိုက်ရင် အုပ်ချုပ်သူအဆင့်သားရဲထိ အတန်းအဆင့်မြင့်သွားနိုင်တယ်။" ကောင်းဖန် သမ်းဝေရင်းပြောလိုက်သည်။ ထို့နောက် လက်တန်းသဘောဖြင့်ပင် သူ့လက်ထဲမှ စာအုပ်လေးတစ်အုပ်ကို မာကျန်းထံသို့ပေးလိုက်ရင်း၊ "ဒီထဲကစာရင်းက ငါ့ရုံးခန်းထဲက

စာစဉ် ၂

အပျက်အစီးတွေအတွက်နဲ့ ငါ့ရဲ့တိုင်ပင်ဆွေးနွေးခန္ဓာနိုးပဲ။ မင်းကြည့်ကြည့်ပြီး ပြောစရာရှိရင်ပြောပေါ့။"

"မလိုတော့ပါဘူး။ အဆင်ပြေတယ်။" မာကျန်း ဤအခိုက်အတန့်လေးတွင် ထိုကိစ္စများအတွက် စိတ်မရှုပ်မိတော့ပေ။ သူ၏ကျွမ်းဝင်ကောင်သားရဲ့မှာ လုံးဝပြောင်းလဲသွားခဲ့ပြီမဟုတ်ပါလား။

သာမာန်အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူတစ်ဦးဆိုလျှင် တိုင်ပင်ဆွေးနွေးခအနေဖြင့် ထိပ်တန်းအဆင့်သားရဲသို့ မြှင့်တင်ပေးလျှင် မဟာမိတ်ခရက်ဒစ်အခု၄၀ကျသင့်မည်ဖြစ်သည်။ ထို့ကြောင့် တွက်ကြည့်လိုက်လျှင် မဟာမိတ်ဒေါ်လာ ၄သိန်းပေးရပေမည်။

အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူတစ်ဦးအတွက် အခြေခံတိုင်ပင်ခမှာ မဟာမိတ်ခရက်ဒစ်၁၀ခုဖြစ်သည်။ အဆင့်တစ်ဆင့်မြှင့်တင်တိုင်း စုစုပေါင်းအဖိုးအခ၏နှစ်ဆဖြစ်သွားကာ

## စာစဉ် ၂

အဆင့်အတန်းပါတိုးသွားမည်ဆိုပါက နောက်ထပ် ထိုတန်ဖိုးကို နှစ်ဆတင်မည်ဖြစ်သည်။

အုပ်ချုပ်သူအဆင့်နှင့်ပြီးပြည့်စုံအဆင့်သားရဲများအတွက်တော့ဖြင့် လုံး၀မတူညီသည့် အဖိုးအခကိုပေးရပေမည်။

ယနေ့အတွက် အပေးအယူတစ်ခုပြီးသွားသည်နှင့် ကောင်းဖန် မဟာမိတ်ခရက်ဒစ်၄၀၀ရသွားခဲ့သည်။ ရုံးခန်း၏အပျက်အစီးများအတွက် လျော်ကြေးကိုတော့ ကောင်းဖန်အိတ်ကပ်ထဲ တစ်ကျပ်ပင်ထည့်မည်မဟုတ်ဘဲ အားလုံးကို ပြင်ဆင်ရေးလုပ်ငန်းအတွက်သာ သုံးမည်ဖြစ်သည်။

သူယူရမည့်ဟာဆိုလျှင်တော့ ယူမည်ဖြစ်ပေမည့် သူနှင့်မသက်ဆိုင်သည့် မယူရမည့်အရာအတွက်ကိုတော့ တစ်ကျပ်မျှပင် ယူမည်မဟုတ်ပေ။

## စာစဉ် ၂

“ ကျေးဇူးပြုပြီး နောက်ထပ်လဲလာပါဦး။” ကောင်းဖန်ပြုံးကာပြောလိုက်သည်၊ ထိုကဲ့သို့ပွင့်လင်းတဲ့ ညှော့သည်မျိုးတွေက သူအကြိုက်ဆုံးဖြစ်သည်၊

“ဟုတ်ပြီ ငါမနက်ဖြန်ပြန်လာခဲ့မယ်, ငါ့မှာမင်းရဲ့စောင့်ရှောက်မှုအောက်ထားချင်တဲ့ အခြား ကိုယ်ပိုင်သားရဲရှိသေးတယ်။” ဒီနောက်မှာဘဲ မာကျန်း ကောင်းဖန်ဆီကို ပေးလိုက်ရတယ်၊ ဒီကောင်လေးက တကယ်ကို တကယ့်ကို အပေးအယူသမားဘဲ။

“အင်း” ကောင်းဖန် ထိုစာလုံးကိုဘဲယဉ်ကျေးစွာပြောလိုက်သည်၊ သူမနက်ဖြန် ကျောင်း သွားရမယ်, နောက်တစ်ကြိမ် မာကျန်းနဲ့ထပ်တွေ့ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ “ဒီတစ်ပတ် အတွင်းကိုဘဲရက်ချိန်းသတ်မှတ်ကြရအောင်လား? မနက်ဖြန်ကျနော် အတန်းတက် ဖို့ရှိသေးတယ်။”

မာကျန်း ကြက်သေသေသွားသည်၊ သူသိချင်တာသူ့နားတွေရောကောင်းသေးလားပေါ့၊ “ဘာအတန်းကို တက်နေတာလဲ၊ သားရဲပျိုးထောင်သူ လေ့ကျင့်ရေးသင်တန်းလား။”

## စာစဉ် ၂

"ပုံမှန်အထက်တန်းကျောင်း တတိယနှစ်အတန်း၊ ဒါတွေအကုန်ပြီးရင်အလုပ်ကနေပြန်ပြီး ကျနော့်အိမ်စာတွေအပြီးသတ်ရဦးမယ်" ကောင်းဖန် တည်ငြိမ်စွာနဲ့လက်ကိုယမ်းပြ လိုက်ကာ မာကျန်းကို နှုတ်ဆက်လိုက်တယ်။

"အကယ်၍ ခရမ်းရောင်လျှပ်စီးကြွက်နဲ့ပတ်သတ်ပြီးမေးချင်ရင်တော့ ကျနော့်ကိုဖုန်းခေါ်ပြီးလာရှာလို့ရတယ်၊ ကျနော့်ဖုန်းကို ဧည့်ခန်းမှာ သွားယူပြီးရေးထားလိုက်၊ ခင်ဗျား ခဏအနားယူချင်တယ်ဆိုလည်း ကျနော်တို့စတူဒီယိုမှာလုပ်လို့ရတယ်၊ ကျနော်တို့ဆီမှာ သာမန်ဖျော်ဖြေတဲ့နေရာလည်းရှိတယ်၊ ကောင်းမွန်တဲ့နေ့လည်ခင်းလေးဖြစ်ပါစေ"

ဒါနဲ့ဘဲ ကောင်းဖန်က မာကျန်းရဲ့ကြက်သေသေနေမှုအောက်မှာ တံခါးကိုတွန်းဖွင့်ကာ ထွက်သွားတော့သည်၊

ဒီခေတ်အထက်တန်းကျောင်းသားတွေအကုန်လုံးက ဒီလောက်တောင်ကြောက်ဖို့ ကောင်းလား?

## စာစဥ် ၂

စတူဒီယိုကနေ ထွက်လာပြီးတဲ့နောက် ကောင်းဖန်ကုန်တိုက်တစ်ခုကိုဦးတည်လိုက် ပြီး တဲ့ဇီရဲ့တိုးတက်မှုအတွက်လိုအပ်တဲ့ ပစ္စည်းတွေကိုဝယ်ဖို့သွားလိုက်သည်၊ ပြီးတော့ အရိုးခွံဖုတ်ကောင်အတွက်လိုအပ်တဲ့ ပစ္စည်းတွေရောဘဲ။

ပထမဆုံးသူ ရိုးခွံဖုတ်ကောင်လူဝံကို မြင့်တင်ပြီးတဲ့နောက် သူ့ငင်းကို ထပ်ပြီးတိုးတက် အောင်လုပ်နိုင်မယ်လို့ထင်ခဲ့သည်၊ ကံမကောင်းစွာနဲ့ သူကအခြားပြောင်းလဲမှုဖြစ်စဉ်က ချက်ချင်းပြောင်းလဲမတိုးတက်နိုင်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်၊ ၎င်းကရေကန်လေး တစ်ခုကို ရေများပိုဆံ့အောင်တိုးနိုင်သော်လည်း ရေရဲ့ပမာဏမှာမပြောင်းလဲဘဲရှိနေ သလိုပင်ဖြစ်သည်၊ သူရေကိုထပ်မံဖြည့်နိုင်အောင် ကြိုးစားရမည်ဖြစ်သည်။

သူအရင်က အလုပ်လုပ်ဖူးတဲ့သားရဲများလိုပင် အချိန်ပိုသည်နှင့်အမျှ အဆင့်အများ ကြီးကိုစုဆောင်းနိုင်လာရမည်ဖြစ်သောကြောင့် သူတို့ချက်ချင်းတိုးတက်နိုင်အောင် လုပ်ရမည်ဖြစ်သည်။

## စာစဉ် ၂

ကောင်းဖန်သည် ပစ္စည်းများအတွက် မဟာမိတ်ခရက်ဒစ်၁၅ခုထက်နည်းသောငွေကြေး ကိုအသုံးပြုခဲ့သည်။

ငွေအများအပြားကိုကောင်းဖန်သုံးခြင်းကြောင့် ဆိုင်မှ စီစဉ်ပေးသည့်အခမဲ့ ပို့ဆောင်ရေးဝန်ဆောင်မှုကိုပေးခဲ့သည်၊ ကောင်းဖန် ဤအခွင့် အရေးဖြင့် အိမ်သို့အခမဲ့စီးနင်းနိုင်ရန်အတွက် အသုံးပြုလိုက်သည်။

ကောင်းဖန်အိမ်ပြန်ရောက်တဲ့အခါမှာတော့ တာ့ဇီရဲ့အရွယ်အစားက မဆိုသလောက် ပိန်ကျသွားသည်။ သူတာ့ဇီရဲ့ အချက်အလက်ပြဇယားကိုဖွင့်ကြည့်ကာ မျက်မှောင် ကြုတ်လိုက်သည်။

[မကောင်းဆိုးဝါးအမည်] : ခရမ်းရောင်ကျောခွံနှင့်အဝါရောင်ခြေချောင်းရှိသော ကင်းခြေများ

[မကောင်းဆိုးဝါး အဆင့်အတန်း] : သာမန်အဆင့်

[မကောင်းဆိုးဝါး အဆင့်] : အဆင့်၈

(ကြီးမားသော မိုးကြိုးကင်းခြေများ၏သလင်းအမြုတေကို အများအပြားသုံးခြင်း, ကြီးမားသော မိုးကြိုးကင်းခြေများ၏ အသားကိုအများအပြားသုံးခြင်း။ ကင်းခြေများ အမျိုးအစားသားရဲ၏

## စာစဉ် ၂

ပစ္စည်းများနှင့် ခရမ်းရောင်ကျောခွံနှင့် အဝါရောင်ခြေချောင်းရှိ ကင်းခြေများ၏ ဆင့်ကဲပြောင်းလဲမှုနှင့်တွေ့ဆုံသည်၊ လက်ရှိတိုးတက်မှုအခြေအနေ…)

ဒီမှာဘာတွေဖြစ်နေတာလဲ?

တိုးတက်မှု ဇယားမှာအခြား ဆင့်ကဲပြောင်းလဲခြင်းနည်းလမ်းမရှိဘူး၊ အဲ့ဒီမှာအကြံပြု ထားတာက သူ့ရဲ့အမြင်နဲ့ ထင်မြင်ချက်တွေအတိုင်းလုပ်ထားတယ်၊ ဒါ့ထက်ပိုပြီးတော့ လိုအပ်တဲ့ပစ္စည်းတွေရဲ့နာမည်တွေကလည်း ကောင်းဖန်နားလည်ပြီး သဘောပေါက် ထားတဲ့အရာတွေဖြစ်သည်။

သားရဲကြီးထွားမှုကိုအလျင်အမြန်နှင့်အဆင်ပြေပြေဖြစ်စေသောနည်းလမ်းမှာ ၎င်းနှင့် မျိုးတူဖြစ်ပြီး ပို၍အားကောင်းသောသားရဲ၏အသားနှင့် သလင်းအမြုတေကိုကျွေးခြင်း ဖြစ်သည်။

ကောင်းဖန်ဒီကိစ္စနဲ့ပတ်သတ်ပြီး ဘယ်လောက်ဘဲတွေးနေပါစေ, ဒါကဦးလေးလျှိုနဲ့ တစ်စုံတစ်ခု ဆက်စပ်မှုရှိသည်ဟုသူခံစားနေရသည်၊

## စာစဉ် ၂

ဘယ်သူသိမှာလဲ တာ့ဇီကို ထိုရက်တွေအတွင်း သူဘာတွေကျွေးတာလဲဆိုတာကို။…

……

ထိုကိစ္စများမဖြစ်ခင် လွန်ခဲ့သောတစ်နာရီက အန်ကယ်လျိုက သက်ပြင်းချလိုက်ပြီး အိမ်သို့ပြန်လာပြီးနောက် အနားယူလိုက်သည်၊ ရှောင်ဖန်က မကြာခင်အိမ်ကိုပြန်လာလိမ့်မယ်လို့ ဘယ်သူကထင်မှာလဲ၊ အကဲဖြတ်ပွဲက  တစ်ပတ်ကြာမှာမဟုတ်ဘူးလား၊ ဘာကိုအတွက်မှားသွားတာလဲ၊ သူဒီကင်းခြေများ လေးကို ပိုပြီးအရေးကြီးတဲ့ဟာလေးတွေကျွေးဖို့အချိန်မရလိုက်ဘူး။

ကြီးမားတဲ့ပုတ်သင်ညိုက ဦးလေးလျိုရဲ့တံခါးနှင့်ကောင်းဖန်အိမ်ရဲ့ ပြတင်းပေါက် အစွန်းနား အဆက်မပြတ်ဖျစ်ညစ်ကာ အရောင်ပြောင်းနေတဲ့အပြုအမူကိုပြုလုပ် နေသည်၊

တာ့ဇီက တစ်စုံတစ်ခုလွဲမှားစွာခံစားနေရသောကြောင့် စိတ်ဆိုးမာန်ဆိုးပြုမူလိုက်ပြီး ထိုနေရာတွင် သုတ်သီးသုတ်ပြာပြေးနေသည်။

## စာစဉ် ၂

ထိုပုတ်သင်ညိုက ၎င်း၏ပတ်ဝန်းကျင်နှင့်အတူ လိုက်လျောညီထွေအောင်ပြီးပြည့်စုံစွာ ရောနှောနေသည်၊ ပတ်ဝန်းကျင်တစ်ခုလုံးတွင်ထိုမျှကြီးမားလှသောသားရဲတစ်ကောင် ကပ်နေသည်ကို မည်သူမျှသတိမထားမိချေ။

အထိအခိုက်မခံနိုင်သော တုံ့ပြန်မှုရှိတတ်သည့်သားရဲများသာလျှင် ထိုဧရိယာအတွင်း တစ်ခုခုကိုခံစားတတ်ခြင်းနှင့်အတူ သူတို့၏ပူပန်မှုကိုပြသပြီး (သို့မဟုတ်) သူတို့တုန် လှုပ်နေချိန်တွင်တိတ်ဆိတ်စွာလှဲနေခြင်းတို့ လုပ်တတ်သည်။

ပျောက်နေသော ပုတ်သင်ညိုက အခန်းထဲရှိတာ့ဇီကို စောင်းငဲ့ကာကြည့်နေသည်၊ ၎င်းကပါးစပ်ကို ကျယ်ကျယ်ဖွင့်လိုက်ပြီး မမြင်ရသောလျှာနှင့် တစ်ဝက်ပွင့်နေတဲ့ အခန်းထဲက တံခါးဆီကို ပို့လွှတ်လိုက်သည်၊

မမြင်ရသောပုတ်သင်ညိုက ဦးလေးလျိုရဲ့အိမ်ထဲသို့တဖြည်းဖြည်းချင်းပြန်ရောက်သွား သည်။

ကောင်းဖန်၏အိမ်က ပြန်ပြီးငြိမ်သက်သွားပြန်သည်၊ ဧည့်ခန်းထဲတွင် ခရမ်းရောင် သားရဲတစ်ကောင်၏သလင်းအမြုတေက

## စာစဉ် ၂

တလျှပ်လျှပ်လင်းလက်တောက်ပနေခြင်းနှင့် အတူ အရိပ်အယောင်နှင့်တူသောအလင်းတစ်ခုက ကြမ်းပြင်ပေါ်တွင်လဲလျောင်းနေ သည်၊ တခ္ဓီတစ်ခုခုကိုခံစားမိပုံရသည်၊ သူ၏ ဦးမျှင်အစုံကလှုပ်ရှားလာပြီး သူက ဆိုဖာ အောက်မှ ဂရုတစိုက်နှင့်တွားသွားထွက်လာသည်။

***

စာစဉ် ၂

## ***အခန်း ၂၆ ခရမ်းရောင်ကျောပြင် မိုးကြိုးကင်းခြေများအဖြစ် အဆင့်တက်ခြင်း***

ဤတစ်ခေါက် အဆင့်မြှင့်တင်ခြင်းတွင် ဘာအမှားမှမပြုလုပ်မိခဲ့ပေ။ ကောင်းဖန်သည်လဲ အချိန်ပြည့်စောင့်ကြည့်နေခဲ့သည်။

ဦးလေးလျိုသည်တော့ ကောင်းဖန်၏ခွင့်ပြုချက်ကိုပင် တောင်းမနေတော့ဘဲ တာ့ဇီကို အထောက်အကူပြုပစ္စည်းများ ပေးတော့သည်။ ကောင်းဖန် ထိုအကိစ္စနှင့်ပတ်သတ်၍ စိတ်ရှုပ်သော်လည်း သေချာပြန်စဉ်းစားကြည့်ပြီးနောက် ရယ်ရသည်ဟုလဲ သိလိုက်ရတော့သည်။

ဒါက မင်းအိမ်မှာ ထမင်းစားနေတုန်း မင်းအတွက် အခြားတစ်ယောက်ကနေပြီး မင်းဘယ်လောက်ပဲ

စာစဉ် ၂

ဗိုက်ပြည့်နေပါပြီဆိုသည့် အချက်ကို လျစ်လျူရှုရင်း စားစရာများ ထပ်ခါထပ်ခါ ယူလာပို့ပေးနေသည်နှင့်တူသည်။

ဦးလေးလျို၏ရည်ရွယ်ချက်က ကောင်းတာကြောင့် ကောင်းဖန်လဲ သိပ်မတွေးတော့ပေ။

သူတို့က ကြင်နာတတ်သူဖြစ်ပေမည့် မသိနားမလည်သူတစ်ယောက်ဖြစ်နေရင်တောင် ကိုယ့်ဘက်က ဘယ်လိုမျိုး သူတို့ကို အပြစ်တင်နိုင်တော့မလဲ။

ဒါကြောင့်ပဲ.....

ကောင်းဖန် ခေါင်းငုံ့လိုက်ပြီး တာ့ဇီ၏ခေါင်းကို ခပ်ဆတ်ဆတ်လေးရိုက်လိုက်ကာ၊ “စားချင်နေတယ်ပေါ့! မင်းတွေ့သမျှ အကုန်လျှောက်စားမနေနဲ့! နားလည်လား?”

ဘာလို့အိတ်ကိုယူသွားရတာလဲ?

## စာစဥ် ၂

တာ့ဇီ ထိတ်လန့်သွားကာ အလွန်အံ့အားသင့်နေသည့် အမူအရာဖြင့် သူ့ပိုင်ရှင်ကို မော့ကြည့်လိုက်ပုံက အပြစ်တင်ချင်နေဟန်ပေါ်ပေသည်။ မင်းကဘယ်လိုတောင် တစ်ဖက်သတ်တွေးတဲ့ပိုင်ရှင်လဲ ဒါငါနဲ့မဆိုင်ဘူးဆိုတာ မင်းမသိဘူးလား။

သို့ပေမည့် တာ့ဇီမှာဆက်လက်အဆင့်တက်နေစဲဖြစ်သည်။ မကြာခင်တွင်ပဲ သူလဲ မောပန်းလာကာ ကြမ်းပြင်ပေါ် အားလျော့စွာ လဲလျောင်းနေတော့သည်။

တာ့ဇီ၏အဆင့်တက်မှုသည် ညသာနာရီမှသာ ရပ်တန့်သွားကာ အလျားက နောက်ထပ် ၁၂စင်တီမီတာမကရှည်လာပြီး အချိုးကျကျနှင့်ကြည့်လို့ပိုကောင်းလာသည်။

အပြင်ဘက်အရိုးအဆစ်များသည် ခရမ်းရောင်တောက်တောက်မှနေပြီး ခရမ်းရင့်ရောင်သို့ပြောင်းလဲသွားသည်။

## ကောင်းဖန်

## စာစဉ် ၂

သေချာအနီးကပ်ကြည့်လိုက်လျှင်တော့ အရိုးအဆစ်များ၏အစွန်းနားတွင် သေးငယ်သည့်မိုးကြိုးသဏ္ဍာန်ပုံစံလေးတွေရှိနေသည်ကို မြင်ရပေမည်။ တဲ့ဇီ၏ဦးမျှင်အစုံသည်တော့ အောက်သို့တွဲလွဲကျနေခဲ့သည်။

[မကောင်းဆိုးဝါးအမည်] : ခရမ်းရောင်ကျောပြင် မိုးကြိုးကင်းခြေများ

[မကောင်းဆိုးဝါး အဆင့်] : အဆင့် ၉

[မကောင်းဆိုးဝါး အဆင့်အတန်း] : အထူးအဆင့်

[မကောင်းဆိုးဝါး အရည်အချင်း] : လျှပ်စီး/အဆိပ်

[အထူးအဆင့်မှ အဆင့်မြှင့်တင်ရန် လိုအပ်ချက်များ] : ငွေသစ်ရွက်ကိုကို အမှုန့်ကြိတ်ကာ ရေနှင့်ဖျော်၊ တစ်ပတ်လောက်သောက်ပေး။ အုပ်ချုပ်သူအဆင့်မိုးကြိုးသားရဲ၏ အမြုတေ။

## စာစဉ် ၂

ဒါက အထူးအဆင့်သို့မြင့်တက်သွားရုံတင်မကဘဲ မျိုးစိတ်ပါပြောင်းသွားတာပဲ။ အရည်အချင်းမှာ ယင်/အဆိပ် ကနေပြီး လျှပ်စီး/အဆိပ်သို့ ပြောင်းလဲသွားပေသည်။

နောက်ဆုံးတော့ အားလုံးလုပ်ပြီးသွားပေပြီ။ ကောင်းဖန် တဲ့ဇီကို တစ်ချက်ကြည့်လိုက်သည်။ တဲ့ဇီကတော့ ကြမ်းပြင်ပေါ်တွင် ပျင်းပျင်းရိရိလဲလျောင်းနေကာ သူ့အနားတွင် အဖြူရောင်အခိုးအငွေ့များရစ်ပတ်နေသည်။ အင်းစက်များသည် ချွေးမထွက်တာကြောင့် သူတို့ဆီမှ အခိုးအငွေ့များထွက်လာစေရန် မွေးညှင်းပေါက်လေးများကို ဖွင့်ပေးထားရသည်။

တဲ့ဇီ ကြမ်းပေါ်တွင် လဲလျောင်းနေပုံက အေးသွားစေရန် အပေါက်မှန်သမျှကနေပြီး အငွေ့များထုတ်လွှတ်နေသည့် အပူလွန်ကဲနေသော အင်ဂျင်တစ်လုံးနှင့်တူပေသည်။

# စာစဉ် ၂

တဘ္ဗဲဇီကို ပြုစုဂရုစိုက်ပေးပြီးနောက် ကလေးထိန်းဖို့စောင့်နေသည့် တုံးအလှသောလူဝံတစ်ကောင်ကျန်နေပေသေးသည်။

ကောင်းဖန် သူ့အိမ်ပြန်သယ်လာသည့် အနက်ရောင်အိတ်ကို ဖွင့်လိုက်သည်။ အိတ်ထဲတွင်တော့ အဖြူရောင်ရေခဲတုန်းများစွာရှိနေပြီး အချို့ဆိုလျှင် အရည်ပျော်နေကာ အိတ်အောက်ခြေတွင် စုနေပြီဖြစ်သည်။

ရေခဲတုံးများ၏အပေါ်တွင် ထိုးအပ်များစုပုံလို့ထားသည်။

ထိုးအပ်များသည် ငွေရောင်ရှိကာ တစ်ချောင်းကို မှင်တံတစ်ချောင်းလောက်တူပြီး ၁၀စင်တီမီတာခန့်ရှည်ကာ ငွေရောင်တောက်ပကာ တစ်လက်လက်ဖြစ်နေသည်။

ထိုအရာကတော့ ကပ်ဘေးမတိုင်မီကရှိခဲ့သည့် သစ်ကတိုးပင်မှ ကူးပြောင်းလာခဲ့သည့် သစ်ကတိုးယင်ဓါတ်ပင် ဖြစ်သည်။ ဤသစ်ကတိုးပင်သည် ယင်နှင့် အအေးဓါတ်အခြေအနေရှိတာကြောင့် ဟွာရှားဒေသတွင် ကောင်းစွာကြီးထားကြသည်။ ထိုသစ်ပင်သည်

## စာစဉ် ၂

ဟိမဝန္တာတောထဲ၌သာရှိခဲ့သည်။ နောက်ပိုင်းတွင်တော့ သစ်ကတိုးယင်ခါတ်ပင်များ နိုင်ငံအနှံ့တွင် တွင်တွင်ကျယ်ကျယ်ကြီးထားလာနိုင်ကြကာ ထပ်ပြီးရှားပါးခြင်းမရှိတော့ပေ။

ကပ်ဘေးကြီးပြီးသည့်နောက်တွင် သစ်ကတိုးပင်များသည် အမျိုးမျိုး အသွင်ကူးပြောင်းကုန်ကြထဲ ထိုထဲမှ အဖိုးအတန်ဆုံးကတော့ သစ်ကတိုးယင်ခါတ်ပင်ဖြစ်သည်။ ၎င်း၏ထိုးအပ်သည် ရေခဲ၊ ယင်၊ ဖုတ်ကောင် နှင့်အမှောင်သားရဲများအတွက် အလွန်အာဟာရပြည့်ဝသည့်အရာဖြစ်သည်။

ကောင်းဖန် ဒမ်ဘီအတွက် တစ်လစာအစားအစာအဖြစ် သစ်ကတိုးယင်ခါတ်ထိုးအပ် ၁၆ပေါင်ဝယ်လာခဲ့သည်။

ဒမ်ဘီသည် လောလောဆယ်ပြီးပြည့်စုံခြင်းအဆင့်တွင်ရှိနေကာ ထပ်ပြီး အဆင့်တက်ပါက ဒဏ္ဍာရီလာ

## စာစဉ် ၂

ထင်ရှားအဆင့်သို့ရောက်သွားမည်ဖြစ်သည်။ ကောင်းဖန်သည်တော့ ထင်ရှားအဆင့်သားရဲကို တစ်ခါမှမတွေ့ဖူးသေးဘဲ တီဗီနှင့်စာအုပ်များထဲတွင်သာ ဖတ်ဖူးကြားဖူးထားသည်။

သို့ပေမည့် ဒမ်ဘီကတော့ အခုမှ အဆင့်တက်ပြီးခါစဖြစ်၍ နောက်တစ်ဆင့်မတက်ခင် သေချာအာဟာရပြည့်ဝနေဖို့ လိုအပ်ပေသည်။

ကောင်းဖန် ဒမ်ဘီအတွက် အိတ်ထဲမှ သစ်ကတိုးယင်ခါတ်ပင် ပေါင်ဝက်ကို ထုတ်ယူကာ အရင်တာ့ဇီသုံးခဲ့သည့် စတီးပန်းကန်ထဲသို့ထည့်လိုက်သည်။ ဒမ်ဘီခွက်ကို လှည့်ပတ်ကြည့်လိုက်ပြီး သူ၏အပြာရောင်မီးတောက်မျက်လုံးများမှာ စက္ကန့်ပိုင်းမျှ လှုပ်ရှားလာခဲ့သည်။ ထို့နောက် ဒမ်ဘီ သူ့ခေါင်းကို ငုံ့ကာ သစ်ကတိုးယင်ခါတ်ပင်ကို ကြည့်ဖို့လုပ်လိုက်ပေမည့် ခဏလောက်တော့ တုန့်ဆိုင်းနေခဲ့သည်။ ပြီးကာမှ ထိုအရာများမှ ပါးလွှာလှသည့်သစ်ရွက်လေးများသာဖြစ်ကြောင်း သိရှိသွားခဲ့သည်။

## စာစဉ် ၂

ထို့နောက် သူ့လက်ချောင်းကြီးများဖြင့် ပန်းကန်ထဲမှ သစ်ကတိုးယင်ခါတ်ရွက်များကို နှိုက်ယူလိုက်ကာ ပါးစပ်ထဲသို့ထည့်လိုက်သည်။

ငင်း၏ချွန်ထက်လှသည့်သွားများက သစ်ရွက်များကို ဝါးလိုက်သည်နှင့် ငွေရောင်နှင့်အနက်ရောင် ရောယှက်နေသည့် အခိုးအငွေ့များထွက်လာကာ အရိုးခွံခေါင်းကြီးထဲတွင် လွင့်မျောသည်။ ၎င်းမှာ ဆေးလိပ်သောက်နေသည့် အရိုးစုကြီးနှင့်တူလှသည်။

မြူခိုးငွေ့များသည် ဝိညာဉ်မီးတောက် စုပ်ယူခြင်းကို အကုန်အစင်ခံလိုက်ရပြီး မီးတောက်သည်လဲ အလွန်တရာစိတ်လှုပ်ရှားနေဟန်ဖြင့် ပို၍ပို၍ ပြင်းပြင်းထန်ထန်တောက်လောင်လာတော့သည်။

## စာစဉ် ၂

ဒမ်ဘီဝါးလိုက်သည့် သစ်ကတိုးယင်ခါတ်ပင်များမှာ ခြောက်သွေ့ပျက်စီးသွားပြီး ဒမ်ဘီ၏အောက်မေးရိုးမှနေပြီး အောက်သို့ကျလာခဲ့သည်။

ဒမ်ဘီက ဆက်လက်ပြီး ထိုနည်းအတိုင်းပင် ထပ်ခါထပ်ခါ စားသောက်နေခဲ့သည်။

“နေဦး။” ကောင်းဖန် မိနစ်ဝက်မျှ စူးစမ်းကြည့်ပြီးနောက် ဒမ်ဘီကိုရပ်ခိုင်းလိုက်သည်။ ဒမ်ဘီ မှင်တက်သွားခဲ့ကာ လှည့်လာပြီး ကောင်းဖန်ကို ကြည့်လေသည်။ ကောင်းဖန် အရင်ဆုံး အမှိုက်များကို သန့်ရှင်းလိုက်ပြီးနောက် ဒမ်ဘီ၏မေးရိုးအောက်တွင် အမှိုက်ပုံးတစ်ခု ချပေးလိုက်သည်။

“ရပြီ၊ ဆက်စားတော့။”

ကောင်းဖန်၏ညွှန်ကြားချက်အတိုင်း ဒမ်ဘီအားလုံးလိုက်နာကာ သစ်ကတိုးယင်ခါတ်ပင်ကို ဆက်စားနေသလို သူ့မေးရိုးမှလဲ

စာစဉ် ၂

ခြောက်သွေ့သွားသည့် အမှိုက်များ ဆက်ကျနေခဲ့သည်။ သို့ပေမည့် ဤတစ်ကြိမ်တွင်တော့ ထိုအမှိုက်များသည် ကြမ်းပြင်ပေါ်မကျတော့ဘဲ အမှိုက်ပုံးထဲ တန်းရောက်သွားပေပြီ။

“တော်လိုက်တဲ့ ငါလေး!” ကောင်းဖန် သူ့ကိုယ်သူ လက်မအကြီးကြီးထောင်ပေးလိုက်မိသည်။

နံရံပေါ်မှ နာရီကို သူတစ်ချက်ကြည့်လိုက်ချိန်တွင်တော့ ည၁၂နာရီထိုးသွားပေပြီ။

ထို့ကြောင့် ကောင်းဖန် အကြောဆန့်လိုက်သည်။ အချိန်က နည်းနည်းစောနေသေးတာကြောင့် မအိပ်ခင် စာနည်းနည်းဖတ်လို့ရသေးပေသည်။

ညနက်လာသည်နှင့်အမျှ ကောင်းကင်ယံတွင် ကြယ်များလင်းလက်တောက်ပလို့လာခဲ့သည်။ ဆိုဖာပေါ်တွင်တော့ ကောင်လေးတစ်ယောက်မှာ စာအုပ်တစ်အုပ်ကို

## စာစဉ် ၂

ပိုက်ရင်းအိပ်ပျော်နေခဲ့သည်။ ကြယ်ရောင်များ၏ အောက်တွင်

ထိုကောင်လေး၏မျက်နှာသွင်ပြင်မှာ နူးညံ့သိမ်မွေ့လို့နေသည်။

တာ့ဇီ ကောင်းဖန်ကို တစ်ချက်ကြည့်လိုက်ကာ ထရပ်လိုက်ပြီး

အိပ်ခန်းထဲသို့ဝင်သွားခဲ့သည်။ မကြာခင်တွင်ပဲ တာ့ဇီ

စောင်တစ်ထည်နှင့်ပြန်ရောက်လာကာ

ကောင်းဖန်ပေါ်သို့တင်ပေးလေသည်။

ထို့နောက် ၎င်းကကောင်းဖန်ရဲ့နောက် ကြမ်းပြင်ပေါ်တွင်ပျင်းရိစွာ
လဲလျောင်းနေပြီး နောက်ထပ်၍မလှုပ်တော့ပေ။

ဒမ်ဘီသည် သစ်ကတိုးယင်ခေတ်ပင်နှင့် စားပြီးပြီဖြစ်၍
သူ့ရဲ့လက်များက စတီးပန်းကန်လုံး၏အောက်ခြေကိုပွတ်သတ်နေပြီး
ပန်းကန်ကအသံကို အဆက်မပြတ်ထွက်စေသည်။သူ့ရဲ့ခေါင်းကို
ကိုင်းညွတ်လိုက်ပြီး ပန်းကန်လုံးကိုစိုက်ကြည့်နေကာ ဘာလို့
ဒီပန်းကန်လုံးက ဘာမှမရှိတာလဲဆိုတာသိချင်နေသည်။သူ့ရဲ့ခေါင်းက
တစ်ဖက်သို့ တိမ်းစောင်းနေပြီး သူ့၏မျက်လုံးထဲရှိမီးတောက်များက
တဖြည်းဖြည်းငြိမ်သက်သွားသည်၊ နောက်ဆုံးမှာတော့ သေးငယ်သည့်

# စာစဉ် ၂

အပြာနုရောင် အစက်အပြောက်ကလေးများ သည်သူ့မျက်လုံးထဲတွင်နက်ရှိုင်းစွာ မြောနေကြသည်၊ ဒမ်ဘီ အိပ်ပျော်သွားတော့သည်၊

နောက်တစ်နေ့မနက်မှာတော့ ကောင်းဖန်ကျောင်းကိုလမ်းလျှောက်သွားခဲ့သည်။

လမ်းပေါ်တွင်တော့ ကိုယ်ပိုင်သားရဲများကို နေရာတိုင်းတွင် မြင်နေရပေမည့် ကျောင်းတွင်တော့ လုံးဝမရှိပေ။ ကျောင်းကို ကိုယ်ပိုင်သားရဲများ ခေါ်ဆောင်လာခွင့် မပြုထားခြင်းဖြစ်သည်။

“ငါသဘောမတူဘူး, ငါဘယ်တော့မှ yesလို့ပြောမှာမဟုတ်ဘူး!! ဒီကျောင်းက ကလေး တွေအတွက်အငြိမ်းချမ်းဆုံးမြေနေရာဘဲ, ဘယ်လိုလုပ်ပြီး သားရဲတွေကို ဝင်ခွင့်ပြုရမှာ လဲ။” ကျောင်းအုပ်ကြီးရုံးခန်းထဲတွင် မီးခိုးရောင်တရုတ်အင်္ကျီကို ဝတ်ဆင်ထားတဲ့ ကျောင်းအုပ်က ပြင်းပြင်းထန်ထန် ငြင်းဆန်နေတယ်။

သူ့ရဲ့ ခုံရှေ့မှာ ချန်အန်းမြို့ရဲ့ပညာရေးအစိုးရဌာနမှ ဒါရိုက်တာက ရပ်နေသည်။

## စာစဉ် ၂

ဒါရိုက်တာက ရှုပ်ထွေးတဲ့စကားတွေပြောနေတဲ့ ဥက္ကဋ္ဌကိုခါးသီးစွာပြုံးရင်းကြည့်လိုက်သည်၊ “ကျောင်းအုပ်ကြီး , ဒါကျွန်တော်ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်မဟုတ်ဘူး၊ အထက်အဆင့်က ကျနော်တို့ကို ဒီအမိန့်ကို ရက်ပိုင်းလေးကမှပေးလိုက်တာ, ကမ္ဘာတစ်ဝန်းလုံးကကျောင်းတွေအကုန်လုံး ဒီစည်းမျဉ်းကိုလိုက်ကိုလိုက်နာရမယ်။”

အမှတ်၃အလယ်တန်းကျောင်းအုပ်ကြီးက သူ့ရဲ့ကျောင်းအုပ်ဖြစ်ခဲ့ပြီး သူ့ရဲ့စောင့်ရှောက်မှုအောက်မှာနေခဲ့ရသည်၊ ဒါကြောင့် ကျောင်းအုပ်ကြီးကို သူကိုယ်တိုင်လာပြီးဆွယ်နေတာဖြစ်သည်။

ကျောင်းအုပ်ကြီးက ဒါရိုက်တာရဲ့မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်နေသည်၊ ခဏကြာတော့ သူရှည်လျားတဲ့သက်ပြင်းကိုချလိုက်ပြီး ထိုအချိန်မှာ သူအရင်ကထက်၁၀နှစ် ကြီးသွားသလိုပင်ထင်ရသည်၊

“ငါက ခေတ်နောက်ပြန်ဆွဲနေတဲ့သူတော့မဟုတ်ဘူး, ငါ့မိန်းမမှာလည်း ကိုယ်ပိုင်သားရဲ ရှိတယ်၊ အဲ့တာက

စာစဥ် ၂

အိမ်မွေးတိရိစ္ဆာန်လိုဘဲ, ဒါပေမယ့် အိမ်မွေးတိရိစ္ဆာန်တွေထက်ပိုပြီး အန္တရာယ်ရှိတယ်၊ ဒီကိစ္စဆုံးဖြတ်တဲ့သူတွေက ဒီလိုခြိမ်းခြောက်မှု အလားအလာတွေကို သူတို့စဉ်းစားဖူးလား?"

"သူတို့ဒီပြဿနာကိုဖြေရှင်းတဲ့နည်းလမ်းကိုပြောခဲ့တယ်၊ သူတို့က ဂျူနီယာ အထက်တန်းကျောင်းတွေနဲ့ စီနီယာအထက်တန်း ကျောင်းတွေကို ခွဲထုတ်ကြလိမ့်မယ်၊ မြို့ထဲက သတင်းအချက်အလက်အစိုးရဌာနတွေက ဒီနေ့မနက်မှာ အစည်းအဝေးလုပ်ဖို့ရှိပြီး အမှတ်၇နဲ့ အမှတ်၃ စီနီယာ အထက်တန်းကျောင်းတွေကို တစ်ခုတည်းအဖြစ်ပေါင်းထည့်ဖို့ ဆုံးဖြတ်ခဲ့ကြတာကြောင့် သူတို့ရဲ့ဂျူနီယာ အထက်တန်းကျောင်းများအဖြစ်လည်းလုပ်လိုက်ကြမယ်။ အမှတ်၃ ကျောင်းက စီနီယာ အထက်တန်းကျောင်းဆက်လက်သင်ကြားမှု ဧရိယာဖြစ်ပြီး  အမှတ်၇က ဂျူနီယာ အထက်တန်းဧရိယာဖြစ်တယ်၊ ဒါ့ကြောင့် စီနီယာတန်းကျောင်းသားသစ်တွေက အမှတ်၇ အလယ်တန်းကျောင်းကို ပြောင်းရ လိမ့်မယ်။ အခြေခံအားဖြင့် ကျောင်းသားတွေက သူတို့၁၈နှစ် မပြည့်သေးဘူး ဆိုရင် ဒုတိယနှစ်ကျောင်းသားတွေဖြစ်လိမ့်မယ်၊

# စာစဉ် ၂

"စကားမစပ်, ဒီနည်းလမ်းကစောစောဖျက်သိမ်းနိုင်လောက်တယ်။" ဒါရိုက်တာက ခက်ခဲတဲ့ ဟာသတစ်ခုကိုပြောလိုက်တယ်။

"အင်း…ကောင်းပြီ, ပုံစံကြည့်ရတာတော့ သဘောတူချင်စရာပါဘဲ။" ကျောင်းအုပ်ကြီး ကပင်ပန်းနေတဲ့ပုံနဲ့ စိုးရိမ်မှုတွေပြည့်နေတယ်၊ ဒါပေမယ့် နောက်ဆုံးသူလက်ခံလိုက်တယ်။

"အမ်း..နောက်ပြီး စစ်တပ်ဘက်ကသင်တန်းနည်းပြတွေကလည်း သင်တန်းအသစ်တွေ ကို ဂရုတစိုက်လုပ်ပေးပါလိမ့်မယ်။"

ကျောင်းအုပ်ကြီးကရှောခ့်ရသွားပြီး သူ့ရဲ့မျက်ခုံးတွေကို ကြုံလိုက်သည်၊ သူတစ်ခုခု ထူးခြားနေတယ်လို့ အနံ့ရနေတယ်၊ " ခုဒီအခြေအနေက တင်းမာနေတဲ့အနေအထား မှာရှိနေတာလား။"

"ကျွန်တော်တို့လူသားတွေက နည်းစနစ်တိုးတက်မှုတွေ,ပျိုးထောင်ပေးတဲ့ သားရဲပျိုး ထောင်သူတွေကို ဖော်ထုတ်နိုင်ခဲ့ကြပေမယ့် ခုထိအရှိန်ကနှေးနေတုန်းဘဲ၊" ဒါရိုက်တာ ရဲ့အသံက အရမ်းကိုနှိမ့်ချနေသည်၊ "တကယ့်ရိုင်းတဲ့ သားရဲတော်တော်များများက မျိုးပွားမှုနဲ့ သတ်တာတွေမှာ ရှုးသွပ်နဲ့နည်းလမ်းတွေရှိတယ်၊ သူတို့ရဲ့ဆင့်ကဲပြောင်းလဲ မှုအရှိန်က မြို့မှာရှိတဲ့

## စာစဉ် ၂

ကိုယ်ပိုင်သားရဲတွေထက်ပိုမြန်တယ်၊ အချိန်ကြာလာတာနဲ့အမျှ တစ်နေ့မှာ ကျွန်တော်တို့နည်းလမ်းတွေက သူတို့ကိုကြာကြာမလှည့်စားနိုင်တော့တာ နောက်ကျသွားမှာစိုးရတယ်၊ ကျွန်တော်တို့ကျောင်းသားတွေက ငြိမ်းချမ်းတဲ့ကာလတွေ အတွင်းမှာ ကလေးတွေဖြစ်ပေမယ့် ရှေးစစ်ပွဲခေတ်တွေမှာတော့ သူတို့ကအရွယ်ရောက်သူတွေဖြစ်ပြီး စစ်တပ်ထဲကိုဝင်နိုင်နေပြီ။”

“ကျနော်တို့နိုင်ငံကို ကာကွယ်စောင့်ရှောက်တာက အချည်းနှီးသက်သက်မဟုတ်ဘူး၊ ဒါရိုက်တာကလေးနက်စွာနဲ့ပြောပြီးနောက် ပြုံးလိုက်ကာ “ ဒါပေမယ့် ဒီအရာတွေကို ကလေးတွေကိုမပြောကြဘူး၊ လက်ရှိရှေ့တန်းမှာတော့အခြေအနေကအဆင်ပြေတယ်၊ ကျွန်တော့်သမီးငယ်က သတင်းကြားတော့ အရမ်းကိုပျော်နေပြီး သူမကသူ့ရဲ့သားရဲကို ကျောင်းကိုအပျော်အနေနဲ့ ယူလာဖို့တောင်တွေးနေတာ။”

“ကောင်းပြီ, ဆရာတွေကိုနောက်မှ ပြောလိုက်မယ်၊” ကျောင်းအုပ်ကြီးက ခေါင်းငြိမ့် ကာပြောသည်။

# စာစဉ် ၂

....

အထက်တန်းကျောင်းရဲ့သင်ခန်းစာတွေက လွယ်ပါတယ်၊ ကောင်းဖန်က စီနီယာ အဆင့်မြင့်သင်ခန်းစာတွေကိုကိုယ်တိုင် စာလေ့လာပြီး ကောလိပ်ကျောင်းသင်ခန်းစာ များကိုလည်းကိုယ်တိုင်လေ့လာခဲ့သည်၊ တစ်ခါတစ်ရံ အချိန်ပိုရှိတဲ့အခါမှာ သင်ရိုးညွှန်း တန်းစာအုပ်တွေပါ ဖတ်တတ်သည်။

ဒါကြောင့်ဘဲ မုရုန်ချိုးယွဲ့က ကောင်းဖန်ကို အလွယ်တကူ ခွင့်ပေးခဲ့ခြင်းဖြစ်သည်၊ အရိုးသားဆုံးပြောရလျှင် အကယ်၍ကောင်းဖန်အတွက်ကောလိပ်ဝင်ခွင့်စာမေးပွဲကို ယခုပင်ပြုလုပ်ပါကလည်း ဘာမှကိစ္စမရှိပေ။

ကောင်းဖန်ရဲ့ နံပါတ်၁ ဖြစ်ရမည့်အစား အဆင့်လေး၄ဖြစ်ရခြင်းသည် သူ၏PEစာမေးပွဲ ကိုဖြတ်ကျော်နေရခြင်းကြောင့်ဖြစ်သည်။

PE စမ်းသပ်မှု၏ စုစုပေါင်းအဆင့်မှာ ၁၀၀မှတ်ဖြစ်သည်၊ ခေတ်သစ်တွင် PEအဆင့် သည်တိုးလာသည်၊ ကမ္ဘာ့ညွှန့်ပေါင်းအစိုးရသည် ယခုခေတ်ကလေးများ၏ ပညာရေး

# စာစဉ် ၂

ဆိုင်ရာအခြေအနေများတွင်သာမက ရုပ်ပိုင်းဆိုင်ရာအခြေအနေများကိုပါဖွံ့ဖြိုးတိုး တက်စေရန် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို ပြုလုပ်သင့်ကြောင်း ကမ္ဘာ့ညွန့်ပေါင်း အစိုးရမှတောင်းဆိုခဲ့သည်။

သူအတန်းထဲကိုဝင်လိုက်တော့ ကောင်းဖန်ကရုတ်တရက် အားလုံးရဲ့အာရုံစိုက်မှုကို ရသွားတော့သည်၊ သူအရမ်းသက်တောင့်သက်သာဖြစ်တယ်လို့မခံစားရဘူး ပြီးတော့ သူ့ခုံသူတည့်တည့်လျှောက်သွားလိုက်ပြီး သူ့လွယ်အိတ်ကိုချလိုက်သည်။

ခဏကြာတော့ မုရုန်ချိုးယဲ့က ကျောင်းသားများရဲ့မနက်ခင်းလေ့လာ မှုတွေကို ပြုလုပ် ခြင်းကိုစောင့်ကြည့်စစ်ဆေးသည်၊ သို့သော်လည်း အလုပ်လုပ်နေစဉ်အလယ်ပိုင်း လောက်မှာဘဲ မစ္စမုရုန်ကို ကျောင်းအုပ်ကြီးက အစည်းအဝေးတက်ဖို့ခေါ်လိုက်သည်။

မစ္စမုရုန်က အတန်းကိုချန်ကာ အမြန်သွားရတော့သည်၊ ဆရာထွက်သွားတာကို တွေ့တော့ တိတ်ဆိတ်နေတဲ့အခန်းက ရုတ်တရက်ဆူညံလာပြီး ပြောင်းလဲသွားတော့ သည်။

# စာစဉ် ၂

ကျောင်းသားတွေက ကစားဖို့ဆွေးနွေးတိုင်ပင်နေကြတယ်။

“ကောင်းဖန်” ထန်ချန်ကျင်းက ကောင်းဖန်ရဲ့အရှေ့ဘက်မှာထိုင်လိုက်တယ်၊ သူကလှည့်လိုက်ကာ သူရဲ့လက်မောင်းတစ်ဖက်ကို ကောင်းဖန်ရဲ့ခုံပေါ်ကိုတင်ပြီး ပြောလိုက်သည် “မင်း အလယ်အလတ်သားရဲပျိုးထောင်သူတရားဝင်လက်မှတ်ကို ရခဲ့တယ်လို့ကြားတယ်။”

“အာ” ကောင်းဖန်အံ့သြသွားတယ်၊ သူတို့ဘယ်လိုလုပ်သိတာလဲဟ။

“မင်းမသိဘူးလား? မင်းကအခုသတင်းစာထဲမှာ  ချန်အန်းမြို့ရဲ့ အငယ်ဆုံးအလယ် အလတ်သားရဲ ပျိုးထောင်သူနဲ့ ချန်အန်းမြို့သားရဲပျိုးထောင်သူအဖွဲ့အစည်းရဲ့ပြောပုံအရ မင်းကအငယ်ဆုံးသားရဲပျိုးထောင်သူတွေရဲ့စံချိန်ကို ဖြတ်ကျော်ခဲ့တယ်တဲ့၊ ထန်ချင်ကျင်းက လေးစားမှုတို့နဲ့ပြောတယ်၊ “ဒါ့အပြင် လီကျီကုန်းကပြောတယ်, သူ့အမေလည်းပါတာကြောင့် သူ့ကိုသူမက အကြောင်းစုံပြောပြပြီး သူကမင်းလို မတော်လို့နောင်တတွေရနေတယ်၊ အမေဖြစ်သူက

## စာစဉ် ၂

သူ့ကိုသားရဲပျိုးထောင်တဲ့စာအုပ်
တွေကိုဖတ်ဖို့တွန်းအားပေးနေတယ်လေ၊ သူအဲ့အချိန်ကစပြီး
တော်တော်ဒုက္ခခံနေရ တယ်။”

***

စာစဉ် ၂

### *အခန်း ၂၇ ငွေလရောင် ဝံပုလွေ*

“အိုး…ငါစိတ်မကောင်းပါဘူး”

ကောင်းဖန်သူ့ခေါင်းကိုခါလိုက်တယ်။ လီကျိုကုန်းဟာ သူ့ကြောင့် ဒီလောက်ပြဿနာကြီးဖြစ်မိမယ်လို့မထင်ခဲ့ဘူး။

“အင်း…ကောင်းဖန်

ငါ့မှာရဲရဲတင်းတင်းနဲ့မင်းကိုမေးဖို့တောင်းဆိုထားတာရှိတယ်၊”

ထန်ချင်ကျင်း ကို့ယို့ကားယားဖြစ်လာသည်။

“ဒါဆို မင်းမပြောတာအကောင်းဆုံးဘဲ၊”

ကောင်းဖန်သူ့ကိုငြင်းဆိုရန် ဆိုးရွားတဲ့ ဆုံးဖြတ်ချက်ကိုချခဲ့သည်။

“…..” ထန်ချင်ကျင်း သူ့ရဲ့စကားတွေကိုပိတ်ဆို့လိုက်သည်။

စာစဉ် ၂

“မင်းက ရဲတင်းတဲ့တောင်းဆိုမှုလို့ပြောတာကြောင့် မပြောတာကောင်းတယ်, ဒါမှမဟုတ်ရင် မင်းနဲ့ငါနဲ့ကြားထဲမှာ မသက်မသာဖြစ်စေနိုင်တယ်၊” ကောင်းဖန် သူ့ခေါင်းကိုငုံ့လိုက်ပြီး သူ့ရဲ့စာအုပ်ကိုလှန်လှောနေလိုက်တယ်။

“ကောင်းပြီ” ထန်ချင်ကျင်း သူ့မျက်လုံးကိုလှိမ့်လိုက်ပြီး ကောင်းဖန်ကိုနောက်ကျော ပေးလိုက်သည်။

…

“အဟမ်း ..အဟမ်း” အရပ်ရှည်ရှည်နဲ့ ထွားတဲ့ပုံရှိသည့် ပုံရိပ်တစ်ခုက တံခါးဆီမှ လျှောက်လာပြီး စင်မြင့်မှာရပ်လိုက်သည်။

# စာစဉ် ၂

ပျော်ပျော်ရွှင်ရွှင်နဲ့စကားပြောနေတဲ့ သူတွေအကုန်လုံး ရုတ်တရက် တိတ်ဆိတ်သွား တာကြောင့် ဆူညံနေတဲ့အသံတွေလာတဲ့ နေရာက ရုတ်တရက်ရပ်ကြီး ရပ်တန့်သွားကြသည်။

“အခုဘဲ ကျောင်းအုပ်ကြီးက အရေးပေါ်အခြေအနေအစည်းအဝေးခေါ်ခဲ့တယ်၊ မနက်ဖြန်ကစပြီးတော့ကမ္ဘာတစ်ဝန်းလုံးက ကျောင်းတွေအကုန်လုံး အရေးတစ်ကြီးပြု ပြင်ပြောင်းလဲမှုကို ပြုလုပ်လိမ့်မယ်၊” မုရုန်ချိုးယဲ့က သူ့မရှေ့မှာရှိနေတဲ့ မျက်နှာတွေကို ကြည့်လိုက်တယ်၊ သူတို့ကိုသတင်းပြောပြဖို့အတွက် ခက်ခဲနေတယ်။

“ငါတို့ကျောင်း ဂျူနီယာအထက်တန်းကျောင်း အပိုင်း, စီနီယာအထက်တန်းဂျူနီယာတွေက ချန်အန်းမြို့ရဲ့ အမှတ်၇ အထက်တန်းကျောင်းကိုအဆောက်အအုံကိုပြောင်းရလိမ့်မယ်၊ တစ်ဖက်မှာလည်း အမှတ်၇ စီနီယာအထက်တန်းကျောင်းသား

# စာစဉ် ၂

ဒုတိယနှစ် တွေနဲ့ စီနီယာတန်းတွေက ငါတို့ရဲ့အဆောက်အအုံဆီကို ပြောင်းလာကြလိမ့်မယ်၊ သေချာတာပေါ့ အတန်းကတော့မပြောင်းပါဘူး, မင်းတို့အားလုံး မင်းတို့ရဲ့မူလအတန်း မှာဘဲရှိလိမ့်မယ်၊”

“ဒီနေ့ကနေစပြီး စီနီယာအထက်တန်းဒုတိယနှစ်တွေက နောက်ထပ်ကျွမ်းဝင်မှုအတန်းတစ်ခုကို ထပ်တက်ရမယ်။ သားရဲလေ့ကျင့်သူ အရာရှိအထူးဝင်ခွင့်အမျိုးအစားတစ်ခုလည်းရှိဦးမယ်၊ အကယ်၍ သူတို့ထဲကတစ်ယောက်ဖြစ်ချင်ရင်တော့, အတန်းပြီးရင် ငါ့ဆီကိုစာရင်းလာပေးလှည့်ပါ၊ ဒီဆုံးဖြတ်ချက်ကိုမဟာမိတ်ပညာရေးဌာနနှင့် မဟာမိတ်စစ်တပ်လက်နက်ကိုင်အဖွဲ့က ပူးတွဲအတည်ပြုထားတာဖြစ်တယ်၊ ထူးခြားတဲ့ရလဒ်ရှိတဲ့ အရာရှိလောင်းတွေကို ထိပ်တန်းကောလိပ် ဒါမှမဟုတ် စစ်တပ် ကောလိပ်ကျောင်းတွေကိုတိုက်ရိုက်ဝင်ခွင့်ပြုလိမ့်မယ်၊”

## စာစဉ် ၂

အစပိုင်းတိတ်ဆိတ်နေပေမယ့် နောက်ပိုင်းအတန်းက ရေတွေရုတ်တရက်ဆူပွက်လာ သလိုမျိုး ဆူလာကြတော့တယ်၊ ဆင်းရဲတဲ့ကျောင်းသားတွေရဲ့ရလဒ်ကတော့ အထူးသဖြင့်စိတ်လှုပ်ရှားနေကြသည်၊ ဒါက သူတို့ရဲ့တစ်ကျော့ပြန် အခွင့်အရေးဖြစ်သည်၊

တိုက်ခိုက်ရေးသားရဲလေ့ကျင့်သူတွေဖြစ်ဖို့ကို အစီအစဉ်ရှိပြီးသားကျောင်းသားများ ကလည်း စိတ်လှုပ်ရှားနေကြသည်၊ အချိန်တစ်ခုကြာတော့ ဘေးအခန်းကနေပျော်ရွှင် တဲ့အသံတွေထွက်ပေါ်လာတော့သည်။

မုရုန်ချိုးယဲ့က သူမကျောင်းသားတွေဆူညံပြီး ဆင်နွှဲနေတာကို အချိန်ခဏပေးလိုက် သည်၊ မိနစ်အနည်းငယ်ကြာပြီးနောက်မှာတော့ နောက်ဆုံးသူမ စားပွဲခုံကိုရိုက်လိုက် တယ်။

“တိတ်တိတ်နေကြစမ်း”

# စာစဉ် ၂

အတန်းကပြန်ပြီးတိတ်ဆိတ်သွားပြန်တယ်။

“မင်းတို့ အရာရှိလောင်းဖြစ်လာခဲ့ရင်  ဘာသာစကားတွေ, သင်္ချာနဲ့နိုင်ငံရေးတွေကို မလေ့လာရတော့ဘူးလို့ထင်နေကြတာလား? မင်းတို့စာသင်နေတာက အမှားနဲ့အမှန် ကိုသင်ခန်းစာရယူဖို့ဘဲ,ဒါကြောင့် မှန်ကန်တဲ့နည်းလမ်းတွေကို သင်ယူပြီးတော့ ရိုးရိုး တန်းတန်းနဲ့ လူအုပ်ကြီးနောက်ကိုလိုက်မသွားနဲ့။ မင်းတို့တွေ သင်ယူထားတဲ့အရာ အကုန်လုံးကို လေ့လာဖို့ရှိနေသေးတယ်။ မင်းတို့ အရာရှိလောင်းဖြစ်လာပြီးတဲ့နောက် မင်းတို့ရဲ့လေ့လာမှုတွေကို လွယ်လွယ်နဲ့လျစ်လျူရှုမပြစ်ကြနဲ့။” သူမ အတန်းထဲက ကျောင်းသားတွေကိုကြည့်ပြီး သူတို့ထဲကအများစုက သူမပြောတဲ့အတိုင်းမလိုက်နာ ဘူးဆိုတာကိုသိသည်။ မုရုန်ချိုးယဲ့ သူမရဲ့နှုတ်ထွက်မှုအတွက်ပြုံးလိုက်သည်။

# စာစဉ် ၂

"ကောင်းပြီ, အကယ်၍မင်းတို့အားလုံး ခုချက်ချင်းစာလေ့လာကြမယ်ဆိုရင်တော့ မင်းတို့ဘာမှဖြစ်လာမှာမဟုတ်ဘူးလို့ ငါထင်တယ်။ မင်းတို့အကုန်လုံး အခုအနားယူနိုင် တယ်၊ ဒါပေမယ့်အသံတော့ အရမ်းမထွက်ကြနဲ့၊ အကယ်၍မင်းတို့တခြားအတန်းကို အနှောက်အယှက်ပေးမယ်ဆိုရင်မင်းတို့အကုန်လုံးစာပြန်လုပ်ဖို့အတွက်ပြန်လာခဲ့မယ်"

"ကောင်းဖန်, ငါ့ရုံးခန်းထဲကိုခဏလောက်လာခဲ့ပေးပါဦး" မုရုန်ချိုးယဲ့ကပြောပြီး အတန်းထဲမှထွက်သွားတော့တယ်။

"မစ္စမုရုန်" ကောင်းဖန်တွေ့ဖို့အတွက် ရုံးခန်းထဲသို့ ဝင်သွားလိုက်သည်။ လက်ရှိမှာ မုရုန်ချိုးယဲ့ကလွဲလို့ရုံးခန်းထဲတွင်ဘယ်သူမှမရှိပေ။

## စာစဉ် ၂

“အမ်” မုရုန်ချိုးယဲ့က သူမစားပွဲပေါ်ကမျက်မှန်ဘူးကိုဖွင့်ပြီး မျက်မှန်တပ်လိုက်သည်။

“မင်းဒီတစ်ခေါက်လုပ်တာ အရမ်းတော်တယ်၊ မင်းက အလယ်အလတ်အဆင့် သားရဲပျိုးထောင်သူတရားဝင်လက်မှတ်တောင်မှရအောင် စီစဉ်ပြီးသွားပြီ။ ကျောင်းအုပ်က မင်းရဲ့နာမည်ကို ပြောပြီး မင်းရဲ့စွမ်းဆောင်ရည်တွေကိုချီးကျူးခဲ့တယ်၊” မုရုန်ချိုးယဲ့က ကောင်းဖန်နှင့်မျက်နှာချင်းဆိုင်ကာကြည့်လိုက်တယ်။

“မနက်ဖြန်မနက် အမှတ်ဂုကကျောင်းက အထက်တန်းကျောင်းသားတွေ ရောက်လာတဲ့အခါမှာ ကျောင်းရဲ့ကိုယ်စားပြုအနေနဲ့ ကျောင်းသားသစ်တွေရဲ့ကိစ္စတွေကို ဖြေရှင်းနိုင်ဖို့မျှော်လင့်ပါတယ်။” မစ္စမုရုန်က ကောင်းဖန်နှင့်စတင်ဆွေးနွေးတော့သည်။

စာစဉ် ၂

ကောင်းဖန်ကြက်သေသေသွားသည်၊ သူတို့က သူ့ကို ကျောင်းသားကိုယ်စားပြုဖြစ်စေ ချင်ကြတယ်ပေါ့။

“ဟင့်အင်း, ဟင့်အင်း” ကောင်းဖန်သူ့ခေါင်းကို အရမ်းခါပြလိုက်တယ်။

ကောင်းဖန်က ထိုအရာတွေက သူ့အတွက်အရမ်းမြင့်လွန်းတယ်လို့ထင်တယ်၊ သူက နာမည်ကြီးပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရတာ ကိုမကြိုက်ဘူး။

မုရုန်ချိုးယဲ့က ကောင်းဖန်တကယ်ကြီးငြင်းဆန်မယ်လို့ မမျှော်လင့်ခဲ့ပါ၊ ဒါတကယ်ကြီး ကိုမျှော်လင့်မထားတာဘဲ။ ဒီအသက်အရွယ်ကောင်လေးတွေက အာရုံစူးစိုက်မှုတွေရဲ့ အလယ်မှာရှိရတာကို ကြိုက်ကြတာမဟုတ်ဘူးလား?

## စာစဉ် ၂

မမျှော်လင့်ထားတဲ့ ငြင်းပယ်မှုကသူမကို ကိုရို့ကားယားဖြစ်စေပြီး သူမအနေနဲ့ ကောင်းဖန်ကို တခြားတစ်မျိုးနဲ့သိမ်းသွင်းစည်းရုံးဖို့ ဘယ်လိုဆက်လုပ်ရမလဲ မသိဖြစ်သွားတော့သည်။

နောက်ဆုံးမှာတော့ ကောင်းဖန်ကို အနည်းငယ်တိုက်တွန်းပြီးနောက် သူ့ကိုအတန်းထဲ ပြန်လွှတ်ဖို့ ဆုံးဖြတ်လိုက်သည်။

ကောင်းဖန်က ချက်ချင်းထွက်မသွားဘူး၊ သူကခဏလောက်တုံ့ဆိုင်းနေပြီးနောက် ပြောလာခဲ့သည်။ "မစ္စမုရုန်, ကျွန်တော်သားရဲလေ့ကျင့်သူအရာရှိလောင်း လျှောက်ချင်လို့"

မုရုန်ချိုးယွဲ့ သူမခေါင်းကို သံပါတ်ပေးထားသလိုပင် မော့လိုက်သည်၊ " မင်းက သားရဲလေ့ကျင့်သူအရာရှိလောင်းလျှောက်ချင်လို့?!"

သူမရဲ့မျက်ခုံးတွေက ကြုံ့သွားပြီး "ငါ့အထင် မင်းဒီအချက်ကိုသေချာစဉ်းစားသင့်တယ် သားရဲလေ့ကျင့်သူဖြစ်ဖို့က

## စာစဉ် ၂

သင့်တင့်လျောက်ပတ်တဲ့ လမ်းကြောင်းပေမယ့် အထူးသဖြင့် မင်းနဲ့တော့အကျိုးမပြုလောက်ဘူး။”

“မင်းရဲ့အဆင့်တွေက ထူးခြားပါတယ်၊ မင်းရဲ့ သားရဲပျိုးထောင်သူလက်မှတ်နဲ့ ကောင်း ကောင်းဆက်လုပ်နိုင်မယ်ဆိုရင် ဟွားရှားမှာရှိတဲ့ ဘယ်ထိပ်တန်းကောလိပ် ကိုမဆိုဝင် ခွင့်ရမှာက ခက်တဲ့ကိစ္စမဟုတ်ပါဘူး။ နိုင်ငံခြားကကောလိပ်တောင်မှ မင်းအတွက်ပြဿနာမရှိလောက်ဘူး”

သူမက ရပ်လိုက်တယ်၊ “အကယ်၍ မင်းတိုက်ခိုက်ရေးသားရဲလေ့ကျင့်သူဖြစ်ဖို့ ရည်ရွယ်ထားရင် မင်းရဲ့စာပေ စာမေးပွဲကရလဒ်နဲ့ စစ်တပ်ကျောင်းမှာဝင်ပြီး မင်းစိတ် ဝင်စားတဲ့နယ်ပယ်မှာလျှောက်လို့ရတယ်၊ ရလဒ်ကတော့ အတူတူဘဲ။”

“မစ္စမုရှန်, ကျွန်တော့်အထင် ဆရာမအထင်မှားနေတာနဲ့တူတယ်၊ ကျွန်တော်စာပေ စာမေးပွဲကို လက်လျော့လိုက်တာမဟုတ်ပါဘူး၊

စာစဉ် ၂

ကျွန်တော် တော်တော်များများ စီနီယာ သင်ရိုးညွှန်းတန်းတွေထဲက အရာတော်တော်များများကို သင်ယူနိုင်ပါတယ်၊ ကျွန်တော် သားရဲလေ့ကျင့်သူအရာရှိလောင်းအဖြစ်လျှောက်တာက ကိုယ်စိတ်ဝင်စားတဲ့အရာ တွေကို ပိုပြီးလေ့လာသင်ယူနိုင်ဖို့ မျှော်လင့်ထားလို့ပါ” ဟုကောင်းဖန်က တောင်း တောင်းပန်ပန်နဲ့ပြောလိုက်တယ်။

မုရုန်ချိုးယွဲ့ အံ့သြသွားသည်၊ အဆုံးမှာတော့ သူမက ခေါင်းကိုခါရမ်းလိုက်ပြီး ရယ်လိုက်သည်၊

ကောင်းဖန်ရဲ့ထူးခြားတဲ့ရလဒ်တွေက ထင်ရှားပေါ်လွင်သည်။ အကယ်၍ သူမကျောင်းသားတွေက သူတို့ကိုယ်ပိုင်ရည်မှန်းချက်တွေရှိခဲ့ရင် သူမကဘယ်နည်းနဲ့ရပ်တန့်နိုင်မှာလဲ၊ “မင်းဒါကို စဉ်းစားပြီးပြီဆိုရင်တော့ ငါဒါကိုမတားတော့ပါဘူး၊”

## စာစဉ် ၂

"ကျေးဇူးတင်ပါတယ် မစ္စ,မုရှန်၊" ကောင်းဖန်ဦးညွှတ်လိုက်ပြီး ရုံးခန်းထဲမှထွက်ခဲ့တော့ သည်။

နောက်တစ်ခန်းကဆရာမက စာရွက်တွေစီနေတုန်း သူကောင်းဖန်ထွက်သွားတာကို  တွေ့လိုက်တယ်၊ "အဲ့တာ ရှင့်အတန်းထဲက ကောင်းဖန်မလား?" ဆရာမက သက်ပြင်းချလိုက်သည်၊ "ငါ့အိမ်က ငရှုပ်ထက်တော့ အများကြီးသာတယ်! ဒီလောက်ငယ်ငယ်လေးနဲ့ အလယ်အလတ်သားရဲပျိုးထောင်သူတရားဝင်လက်မှတ်ကိုရခဲ့တယ်"

ထိုနေ့ နေ့ခင်းမှာဘဲကျောင်းကို များပြားတဲ့ထရပ်ကားများရောက်ရှိလာခြင်းကြောင့် စာသင်ခန်းအပြင်ဘက်မှာ ကျယ်လောင်တဲ့ဆူညံသံတွေကြားနေရတယ်၊ ထို့နောက် ကျောင်းအားကစားကွင်းရှိ ခြံစည်းရိုးကို ဖြိုချကြသည်၊ ထိုမှကျော်လွှင်ကြီးမားသော မြေကွက်လပ်ကြီးဖြစ်သည်။

## စာစဉ် ၂

မြေယာဖွံ့ဖြိုးတိုးတက်ရန်နှင့် ကျယ်ပြန့်သော သုံးဆင့်အထိအမြင့်ကို ကပ်ဘေးမဖြစ်ပွားမီကပင် ချဲ့ထွင်ရန်စီစဉ်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့်နှောင့်နှေးခဲ့သည်။

များပြားသော စစ်သားအင်အားစုများသည် ထရပ်ကားပေါ်မှ တစ်ယောက်ချင်းဆင်း လာကြသည်၊ အလွန်လျင်မြန်စွာပင် သူတို့က မြေကွက်လပ်ပေါ်ကို ဘိလပ်မြေများ လောင်းခဲ့သည်၊ လေးလံသော စက်ပစ္စည်းများမှ ကျယ်လောင်သော အသံများသည် ကျောင်းဝန်းတစ်ခုလုံးကို ပြည့်နေတော့သည်။ ကျောင်းသားအများစုက စာသင်ခန်းတွင် အာရုံစူးစိုက်မှုပျောက်ဆုံးသွားကြပြီး ဆရာများကလည်းထိုအခြေအနေနှင့်ပတ်သတ်၍ အကူအညီမဲ့နေသည်ဟု ခံစားနေရသည်၊

ကျောင်းဆင်းတော့ ကောင်းဖန် ကျောင်းမှထွက်ချိန် ဆောက်လုပ်ရေးလုပ်ငန်းကိုကြည့် လိုက်သည်၊ ကြီးမားသော

## စာစဉ် ၂

လယ်ကွင်းဟင်းလင်းပြင်တွင် မြေပြင်ပုံသဏ္ဍာန်က စတင်ပေါ်လာပြီဖြစ်သည်၊ ဟွာရှားရဲ့ဆောက်လုပ်ရေးသည် ကမ္ဘာပေါ်တွင်အမြန်ဆုံးနှင့် အထိရောက်ဆုံး ဖြစ်ကြောင်းသူအရင်ကတည်းကကြားဖူးသည်၊ သူတို့က ထိုအမည်နှင့် အညီ နေထိုင်ကြသည်၊

နောက်နေ့မနက် ကောင်းဖန်ကျောင်းကိုရောက်တဲ့အခါမှာတော့ အုတ်မြစ်များဆောက် လုပ်ပြီးနေသည်ကိုမြင်လိုက်ရသည်၊ ထိုအရာက ကြီးမားပြီး ပြားချပ်နေသည့် ကွန်ကရစ်မျက်နှာပြင်ဖြစ်သည်၊ အခြောက်မခံရသေးဘဲပြင်ဆင်ဖာထေးမှုများပင် ရှိသည်၊

ဒီနေ့ကျောင်းမှာ ကျောင်းသားနည်းသည်၊ ဒါပေမယ့်မျက်နှာသစ်တွေများလာသည်။

သူတို့တွေက အမှတ်၇ အထက်တန်းကျောင်းကလူတွေဘဲဖြစ်လောက်သည်၊

## စာစဉ် ၂

သင်္ချိုင်းအဆောက်အအုံရဲ့အောက်မှာ စစ်သားယူနီဖောင်းတွေနှင့် အတန်းသုံးတန်းရှိ သည်၊ သူတို့မျက်နှာတွေက ခွန်အားပြည့်ဝနေပြီး တည်ကြည်လေးနက်တဲ့လေထုကို ပေးစွမ်းနေသည်၊

သို့သော် ထိုစစ်သားများ၏နောက်ကွယ်တွင်ရပ်နေသော ကြီးမားသော ငွေရောင် ဝံပုလွေသုံးတန်းသည် ပို၍အာရုံစူးစိုက်မှုကိုရရှိနေသည်၊ သူတို့၏သားမွေးများသည် ငွေရောင်အမွေးများဖြစ်ပြီး အလင်းရောင်အောက်တွင်တောက်ပနေကြသည်၊ တစ်ကောင်ချင်းစီသည် ရှေ့သို့တန်းတန်းမတ်မတ်ကြည့်နေပြီး သူတို့ရဲ့ခြေတံလက်တံ များသည် ဝင်ရိုးစွန်းတစ်ဖက်စီကို တည့်မတ်စွာဦးတည်နေသည်၊ ဝံပုလွေတစ်ကောင် ချင်းစီသည် ထိပ်တန်းအဆင့်တွင်သာရှိပြီး သိပ်ပြီးအစွမ်းထက်ပုံမပေါ်ပါ။ ဒါပေမယ့် များပြားတဲ့အရေအတွက်နှင့်

## စာစဉ် ၂

အတူတကွစုစည်းထားခြင်းကြောင့် အုပ်ချုပ်သူအဆင့် သားရဲပင်လျှင် ယာယီဆုတ်ခွာရန် အတင်းအကျပ် တွန်းအားပေးခံရလိမ့်ပေမည်။

ဒီလိုခမ်းနားကြီးကျယ်သည့်ကြီးမားသောဝံပုလွေများသည် ဖြောင့်တန်းစွာနှင့်စီတန်း နေကြသည်မှာ အလွန်အံ့သြဖွယ်ကောင်းလှသည်၊ ကျောင်းသားအများစုက ရှင်းရှင်း လင်းလင်းပင် ရပ်နေကြကာ ထိုကြီးမားသောဝံပုလွေများကို ကြည့်ရှုနေကြသည်။

ကောင်းဖန်လည်း သူကိုယ်တိုင်တောင် အကူအညီမဲ့စွာနှင့် နည်းနည်းလောက်ထပ် ကြည့်လိုက်သည်၊

[မကောင်းဆိုးဝါးအမည်] : ငွေလရောင် ဝံပုလွေ

[မကောင်းဆိုးဝါးအဆင့်အတန်း] : သာမန်

[မကောင်းဆိုးဝါးအဆင့်] : အဆင့်၁၉ (ထိပ်တန်းအဆင့်)

## စာစဉ် ၂

ဝံပုလွေတစ်ကောင်ချင်းစီတိုင်းက အဆင့်ကွာခြားကြပြီး တစ်ကောင်ချင်းစီသည် အဆင့်၁၈မှ ၂၇အတွင်း ရှိကြသည်။

***

စာစဉ် ၂

## *အခန်း ၂၈ အဖွဲ့ဖွဲ့ခြင်း*

ကောင်းဖန် တစ်ချက်သာ အမြန်ကြည့်လိုက်ပြီးနောက် အပေါ်ထပ်သို့ တက်သွားခဲ့သည်။ စစ်တပ်က ဒီလိုကိုယ်ပိုင်သားရဲများကို ကျောင်းသို့ ယူဆောင်လာသည်ဆိုမှတော့ သေချာပေါက် လမ်းလျှောက်ထွက်လာခြင်းတော့ မဖြစ်နိုင်ပေ။ နောက်ပိုင်းမှာ တခြားအခွင့်အလမ်းတွေရှိလာပေလိမ့်မည်။

ပထမဆုံးအတန်းသင်နေချိန်အတွင်း မုရုန်ချိုးယဲ့ဝင်လာခဲ့သည်။ သူမက ဆရာကျန်းကို အပြုံးလေးဖြင့် တောင်းပန်လိုက်ပြီးနောက် တံခါးကိုခေါက်လိုက်ကာ၊ “သားရဲလေ့ကျင့်သူလုပ်မယ့် ကျောင်းသားတွေအားလုံး ထွက်လာခဲ့ကြ။”

ချက်ချင်းပင် ထိုင်ခုံများ ဆူဆူညံညံဖြင့် ရွေ့သွားကာ အတန်းတစ်ဝက်လောက်နီးပါးပင် မတ်တပ်ထရပ်လိုက်ကြသည်။

## စာစဉ် ၂

စာသင်ခန်းရှေ့မှ စင်ပေါ်တွင်ရပ်နေသည့် ဆရာကျန်းမှနေပြီး စနောက်လိုက်သည်။ "ကြည့်ရတာ ကျောင်းသားတော်တော်များများက သားရဲလေ့ကျင့်သူဖြစ်ချင်နေကြပုံပဲ။ ဟုတ်ပါတယ်လေ၊ ဒီအလုပ်သစ်မှာ တောက်ပတဲ့အနာဂါတ်တွေရှိနေတာဆိုတော့ မင်းတို့လဲ အိပ်မက်တွေနောက်လိုက်ကြပေါ့။"

ကျောင်းသားများကတော့ ရယ်မောလိုက်ကြသည်။

"နေပါဦး၊ ကောင်းဖန်၊ မင်းလိုထူးချွန်ကျောင်းသားက ဘယ်တုန်းက သားရဲလေ့ကျင့်သူဖြစ်ဖို့ စာရင်းသွင်းလိုက်တာလဲ?" ထန်ချင်ကျင်း အံ့ဩသွားရသည်။ ထို့နောက် လေသံတိုးတိုးဖြင့် ကောင်းဖန်ကို မေးလိုက်သည်။ "မင်းက သားရဲပျိုးထောင်သူမဟုတ်ဘူးလား? ပြီးတော့ အဆင့်ကလဲကောင်းတယ်လေ။"

"မင်းလဲအဆင့်ကောင်းတာပဲ။ ဘာလို့စာရင်းသွင်းထားလဲ?" ကောင်းဖန် အမေးကို အမေးဖြင့်သာ ခွန်းတုန့်ပြန်လိုက်သည်။

## စာစဉ် ၂

"ဟော့၊ ဒါကငါ့ကလေးဘဝအိပ်မက်ပဲ၊ သိရဲ့လား။ ငါက အိမ်မွေးတိရိစ္ဆာန်တွေကို အရမ်းသဘောကျတာ။ ငါငယ်ငယ်လေးကတည်းက အိမ်မှာလဲ ခွေးတွေကြောင်တွေမွေးတယ်၊ ပြီးတော့ ငါ့ကလေးတုန်းက အကြိုက်ဆုံးကာတွန်းကလဲ ပိုကီမွန်ကားပဲ၊ သားရဲတွေက အရမ်းမိုက်လွန်းတယ်!" ထန်ချင်ကျင်း အလွန်စိတ်လှုပ်ရှားနေသည့် အမူအရာဖြင့် ပြောလိုက်သည်။ "ဒီလိုအခွင့်အရေးမျိုးကို လက်လွှတ်ခံစရာလား။ ပြီးတော့ ငါကအသန်မာဆုံး သားရဲလေ့ကျင့်သူတစ်ယောက်ဖြစ်လာဖို့အထိ ရည်ရွယ်ထားတာ။" ထန်ချင်ကျင်း၏စကားများကို ကြားရတော့ ကောင်းဖန် အလိုလိုနေရင်းပြုံးမိသွားရသည်။

ဘယ်သူကများ ဆယ့်လေးနှစ်အရွယ်စိတ်ကူးရင်မှုမရှိလို့လဲ?

ဘယ်သူကများ တောက်ပနေတဲ့ ကြောင်တောင်တောင် အိပ်မက်တွေမမက်ဖူးလို့လဲ?

## စာစဉ် ၂

ဘယ်သူ့မှာများ သူရဲကောင်းတစ်ယောက်ချင်တဲ့ စိတ်ကူးယဉ်ဇာတ်လမ်းမရှိဖူးလို့လဲ?

ထန်ချင်ကျင်း၏စကားများမှာ များစွာသောလေ့ကျင့်သူဖြစ်ချင်သည့် ကျောင်းသားများ၏အတွေးများနှင့် တူညီလောက်သည်ဟု ကောင်းဖန် ယုံကြည်ပေသည်။ ဤအသက်အရွယ်တွင် ငယ်ရွယ်ကာ သွေးပူနေကြတာကြောင့် လူတိုင်းတွင် အိပ်မက်ကြီးကြီးမားမား တစ်ခုစီတော့ရှိတတ်ကြသည်။

“မင်းက ယောကျ်ားကြီးတစ်ယောက်ဖြစ်ချင်နေပြီပေါ့၊ ငယ်နေသေးတယ်။” ကောင်းဖန် နောက်ပြောင်လိုက်သည်။

ထန်ချင်ကျင်း မှင်သက်သွားပြီး ချက်ချင်းပင်နားလည်သွားကာ၊ “ဟမ့်၊ ငါက အသန်မာဆုံးသားရဲလေ့ကျင့်သူတစ်ယောက်ဖြစ်ချင်တယ်ပဲပြောတာ။ ငါ့စကားကို အထအနမကောင်စမ်းပါနဲ့!”

## စာစဉ် ၂

တစ်ယောက်နှင့်တစ်ယောက် စနောက်နေကြရင်းဖြင့်ပင် သူတို့ အောက်ထပ်သို့ရောက်လာခဲ့ကြသည်။ အောက်ထပ်တွင် လူပေါင်းရာနှင့်ချီရောက်ရှိနေကြကာ ဆက်ပြီးလဲ တိုးများလာနေစဲပင်။

ကျောင်းသားအားလုံးအတူစုရပ်လိုက်ကြကာ ကြီးမားလှသည့်လူစုလူဝေးကြီးဖြစ်သွားသည်။

မုရုန်ချိုးယွဲ့မှ ကျောင်းသားများဘက်လှည့်လာကာ၊ “မင်းတို့အရင်ဆုံး လူအုပ်ထဲဝင်သွားကြ၊ ပြီးရင် နည်းပြပြောတဲ့ညွှန်ကြားချက်တွေအတိုင်း လိုက်လုပ်ကြ။”

ကောင်းဖန်နှင့်အခြားကျောင်းသားများ ခေါင်းညိတ်လိုက်ကာ လူအုပ်ကြီးထဲသို့ဝင်ရောလိုက်သည်။ ပင်လယ်ပြင်ထဲသို့ကျဆင်းသွားသည့် ရေစက်ရေပေါက်တစ်ခုလိုပင် သူတို့အဖွဲ့ဝင်သွားသည်က ဘာလှိုင်းဂယင်မှ မထသွားခဲ့ပေ။

## စာစဉ် ၂

ကျောင်းသားများအားလုံး အောက်ထပ်တွင် လူစီပြီးသွားသည့်နောက် စစ်သားအုပ်စုဘက်မှ စစ်ဦးထုပ်ဆောင်းထားသည့် ကာနယ်တစ်ဦးထွက်လာကာ လူအုပ်ကြီးကို ကြည့်လိုက်ပြီး၊ “ငါက မင်းတို့ရဲ့ နည်းပြခေါင်းဆောင်ပဲ၊ ငါ့မျိုးရိုးက ချန်း၊ မင်းတို့ငါ့ကို နည်းပြချန်းလို့ခေါ်ကြပေါ့။”

လူအုပ်ထဲမှ ပြန်ဖြေသံတစ်သံလောက်သာ ကြားလိုက်ရသည်။

နည်းပြချန်း၏အနက်ရောင်မျက်ခုံးများ တွန့်ချိုးသွားပုံက အနက်ရောင်တိမ်တိုက်များ နိမ့်ဆင်းလာသလိုပင်။ နည်းပြချန်းက အမိန့်ပေးလာသည်။ “ကျယ်ကျယ်ပြောကြစမ်း၊ နားလည်လား? ဖြေကြ!”

နည်းပြချန်း၏အသံမှာ မိုးခြိမ်းလိုက်သကဲ့သို့ပင်။ အချို့ကြောက်တတ်သည့်ကျောင်းသားများဆိုလျှင် တုန်ရီလာကာ သူတို့ခေါင်းများကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မော့လာကြသည်။

## စာစဉ် ၂

“မင်းတို့ကို မင်းတို့ပြန်ကြည့်လိုက်ဦး၊ အရှုံးသမားတွေ! မင်းတို့ဘယ်လုပ်များ သားရဲလေ့ကျင့်သူဖြစ်လာနိုင်မှာလဲ? မင်းတို့အမေတွေဆီသာ ပြန်သွားကြတော့!” နည်းပြအော်ဟစ်လိုက်ပုံမှာ သူ့နယ်မြေကို စစ်ဆေးနေသည့် ကျားတစ်ကောင် ဟိန်းဟောက်လိုက်သလိုပင်။

“သားရဲလေ့ကျင့်သူဆိုတာ ဘာမှန်း မင်းတို့သိကြရဲ့လား? သွေးစာချုပ်ရှိတာနဲ့ မင်းတို့သားရဲလေ့ကျင့်သူဖြစ်လာမယ်လို့များ ထင်နေတာလား? အဓိပ္ပါယ်မရှိလိုက်တာ!” နည်းပြချန်းက အသံနှိမ့်ကာ ထပ်ပြီးကြိမ်းမောင်းလိုက်သည်။ “ယုံကြည်မှုမခိုင်မာရင် သန်မာလာမှာမဟုတ်ဘူး။ ငှက်သားရဲတစ်ကောင်ရောက်လာရင်တောင် မင်းတို့ဘောင်းဘီထဲ သေးပေါက်ချကုန်လိမ့်မယ်! မင်းတို့ခြေထောက်တွေက ခေါက်ဆွဲဖက်တွေလို ပျော့ခွေနေလို့

# စာစဉ် ၂

ပြေးတောင်ပြေးနိုင်မှာမဟုတ်ဘူး! မင်းတို့လို့ကောင်တွေက သားရဲလေ့ကျင့်သူဖြစ်မှာမဟုတ်ဘူး။ ကြက်ပေါက်စလေးတွေပဲဖြစ်မှာ!”

သူကစာနာမှုအချို့ကိုတောင်မပြဘူး၊ သူကဖြောင့်မတ်ပြီး ရိုင်းစိုင်းကြမ်းတမ်းတဲ့ အပြုအမူတွေကြောင့်ကျောင်းသားအများစုနှင့် လူအုပ်ထဲကတစ်ချို့ကညည်းငြူကြ သည်။

“မင်း ထွက်လာခဲ့” နည်းပြချန်းက ရုတ်တရက်ကျောင်းသားတစ်ယောက်ကိုညွှန်ပြ လိုက်သည်။

“အမ်?” ကျောင်းသားက အလွန်အံ့သြသွားသည်။

“ဘာ ‘အမ်’ လဲ?, ခုချက်ချင်းထွက်ခဲ့စမ်း၊ မင်းဘာပြောလိုက်တာလဲ?”

“မဟုတ်ပါဘူး, ဘာမှမပြောပါဘူး” ကျောင်းသားက အရပ်သိပ်မရှည်ဘူး, ၅ပေ၅ပတ် လည်လောက်ရှိတယ်၊ ဖျူဖျော့နေတဲ့အသားအရေနဲ့ အမည်းရောင်မျက်မှန်တစ်စုံရှိ သည်။ သူကသာမာန်အထက်တန်းကျောင်းသားတစ်ယောက်လိုဘဲ။

# စာစဉ် ၂

“မင်းငါ့ကိုနားကန်းနေတယ်များမှတ်နေလား? မင်းသာ ငါ့ဆီကလူဆိုရင်မင်း ဖင်*ကို ဆောင့်ကန်ပြစ်ပြီ!” နည်းပြချန်းက သူ့ရဲ့မျက်လုံးတွေကိုကျဉ်းမြောင်းလိုက်သည်၊ “မင်းတို့ သူရဲဘောကြောင်တဲ့သူတွေ ပြန်သွားကြတော့”

လူအုပ်ထဲက ဆွဲထုတ်ခံရတဲ့နောက် သနားစရာ ကောင်လေးရဲ့သတ္တိတွေက တစ်ဝက် လောက် ပျောက်ကွယ်သွားပြီး အခုသူပြန်ပြီးငြင်းခုန်ဖို့ (ဒါမှမဟုတ်) သူ့ရဲ့အတု အယောင်သတ္တိကိုပြဖို့ အင်အားကုန်ဆုံးသွားပြီဖြစ်သည်။

“မင်းတို့အားလုံး လေးထောင့်ပုံစံရပ်ကြ, မင်းတို့ရှေ့ကလူရဲ့နောက်ကိုလိုက်၊ မြန်မြန် လုပ်ကြစမ်း၊” နည်းပြချန်းကအမိန့်ပေးသည်။

မကြာခင်မှာဘဲ သူတို့အားလုံးကိုလူစုလိုက်ပြီး သူတို့အားလုံးထဲက စုပေါင်းပမာဏကို စစ်ဆေးခဲ့ကြသည်၊ လူပေါင်း၂၃၁၆ယောက်ရှိသည်။

“မင်းတို့ထွက်သွားဖို့နောက်ဆုံးအခွင့်အရေးဘဲ, အကယ်၍ မင်းတို့ဒီအခွင့်အရေးကိုလွဲ ချော်သွားခဲ့ပြီး

# စာစဉ် ၂

နောက်မှထွက်ချင်လို့မရတော့ဘူး။” နည်းပြချွန်းက ရှင်းလင်းစွာပြောသည်။

လူအုပ်ကြီးက တစ်ယောက်ကိုတစ်ယောက်ကြည့်နေကြပြီး တုံ့ဆိုင်းနေကြသည်၊

ခဏကြာတော့, ကျောင်းသားတစ်ယောက်က အဖွဲ့ထဲမှ ရှက်ရွံ့စွာနဲ့ လျှောက်လာတော့သည်။

သူ့နောက်ကနေ တခြားကျောင်းသားတစ်ယောက်လိုက်ထွက်လာသည်၊

အနည်းဆုံး, ၃၆ယောက်လောက် ထွက်ရပ်နေကြသည်။

နည်းပြချွန်းက ဆိုးရွားတဲ့ဟာတစ်ခုမှမပြောဘဲ အရေးလည်းမစိုက်ပါ။ သူကတိတ် ဆိတ်စွာနဲ့ခေါင်းညိတ်ပြီး အရှေ့ကိုလျှောက်လာကာကျောင်းသားတစ်ယောက်ရဲ့ ပုခုံးကိုပုတ်လိုက်ပြီး ပြောလိုက်သည်

“ကျောင်းသားကောင်းတစ်ယောက်ဖြစ်အောင် လုပ်ပါ၊ မင်းအနာဂါတ်အတွက်ပညာသင်ယူပြီး အမြော်အမြင်ရှိတဲ့ရွေးချယ်မှုဖြစ်ပါစေ”

# စာစဉ် ၂

ကျောင်းသားက အံ့သြသွားသည်၊ သူကဒီလို ဆိုးတဲ့နည်းပြဆီကချိုသာတဲ့စကားကြားရ လိမ့်မည်ဟုမမျှော်လင့်ခဲ့ပါ။

“ကောင်းပြီ,ဒီကနေ ထွက်သွားကြတော့၊” နည်းပြချန်းက ပြောပြီးနောက်လူအုပ်ကြီး ဘက်သို့လှည့်လိုက်သည်၊ “သူတို့က စွန့်ခွာသွားကြတဲ့လူတွေမဟုတ်ဘူး, သူတို့က သူတို့ ထွက်သွားဖို့ နောက်ဆုံးရွေးချယ်ခဲ့ကြပြီး မင်းတို့ကတော့နေခဲ့ဖို့ရွေးချယ်ခဲ့ကြတယ်၊ ခုချိန်ကစပြီးတော့,အကယ်၍ မင်းတို့လေ့ကျင့်နေချိန်မှာ အရှုံးပေးခဲ့ရင် အဲ့တာ မင်းတို့ကမှ တကယ့်တပ်ပြေးတွေဘဲ! မင်းတို့ရဲ့နာမည်တွေကိုမကြားစေနဲ့၊” နည်းပြချန်းက အေးစက်တဲ့မျက်နှာထားနဲ့ရှိနေသည်၊ “ပထမတန်းကစမယ်၊ ၃၈ယောက်ကိုတစ်ဖွဲ့, အားလုံးပေါင်းအဖွဲ့၆၀။ မင်းတို့ကို ၁၀မိနစ်ပေးမယ်။”

ကောင်းဖန်က အဖွဲ့၁၀ဖြစ်သည်။

သူ့အဖွဲ့ရဲ့နည်းပြက အခြားနည်းပြဖြစ်ပြီး, အသားညို,အရပ်ရှည်ပြီး,ပိန်ပါးတဲ့ တပ်ကြပ်ကြီးဖြစ်ပြီး ကြွက်သားများတဲ့လူလိုမဟုတ်ဘဲ လှပတဲ့မိန်းမကဲ့သို့ပင်။

## စာစဉ် ၂

“အာရုံစိုက်ကြ!ဒါကစစ်တပ်လေ့ကျင့်ရေးမဟုတ်ဘူး, ဒါပေမယ့်မင်းတို့ရဲ့ သဘောထားတွေကိုသိချင်တယ်! မင်းတို့ရဲ့အဖွဲ့ရဲ့နံပါတ်ကိုမှတ်ထား, မနက်ဖြန် မမှားစေနဲ့” တပ်ကြပ်ကြီးရဲ့မိသားစုမျိုးရိုးနာမည်ကျန့်ဖြစ်ပြီး သာမန်မိသားစုနာမည်ဖြစ်သည်။ သူ့ရဲ့နာမည်အပြည့်အစုံက ကျန့်ရန်ပိုင်ဖြစ်ပြီး, စစ်တပ်ထဲမှာငါးနှစ်ရှိပြီဖြစ်သည်။ သူကကပ်ဆိုးကြီး မဖြစ်ခင်ကတည်းက စစ်တပ်ထဲကိုဝင်ရောက်ခဲ့တာဖြစ်သည်။

ထို့နောက်သူက ၁၀မိနစ်လောက် ညွှန်ကြားခဲ့ပြီးအဖွဲ့ကို အကြမ်းဖျင်းအားဖြင့် အချက်အလက်တွေနှင့်, အချိန်ဇယား, လုပ်ထုံးလုပ်နည်းများကို ပေးခဲ့သည်၊ ထို့နောက် အဖွဲ့ကိုသွားခွင့်ပြုလိုက်သည်။

အချိန်တိုတိုနှင့်အကျိုးသက်ရောက်မှုရှိပြီး အထင်ကြီးစရာကောင်းသည်။

တစ်နေ့တာ သင်ခန်းစာများမပြီးမချင်း ကျောင်းသားများအတန်းပြန်တက်ကြသည်။

# စာစဉ် ၂

ကောင်းဖန်က ကျောင်းတွင် ညကျောင်းတက်စရာမလိုပေ၊ ဒီဟာကရိုးရှင်းတဲ့A အဆင့် ကျောင်းသားဖြစ်ရခြင်း၏ အထူးအခွင့်အရေးများဖြစ်ပြီး, သူက အိမ်တွင်လေ့လာရန် ခွင့်ပြုချက်ရခဲ့သည်။

သူအိမ်ပြန်လမ်းတွင်ကောင်းဖန် နည်းပြချန်း၏ သတင်းဆိုးလို့ပြောတာ ကို စဉ်းစားခဲ့သည်၊ “ကျောင်းသားတွေက ကျွန်တော်တို့ထင်တာထက် ပိုပြီးစိတ်အားထက်သန်ကြ တယ်၊ ဒါကကောင်းတဲ့အရာဖြစ်သလို ဆိုးတဲ့အရာလည်းဖြစ်တယ်၊”

“ကျွန်တော်တို့ရဲ့ သားရဲလေ့ကျင့်သူကျောင်းသား အများစုပမာဏက ၁၂ဝဝရှိပါတယ်, ဆိုလိုတာကတော့ တစ်လအတွင်းမှာ အဲ့ဒီ၁၂ဝဝသာလျှင် နောင်လေ့ကျင့်ရေးအတွက် ခွင့်ပြုချက်ရမှာဖြစ်တယ်၊ စံသတ်မှတ်နှုန်းနဲ့ မကိုက်ညီတော့တဲ့ကျောင်းသားတွေကတော့ မင်းတို့ရဲ့ဖတ်စာအုပ်တွေဆီကိုဘဲပြန်သွားရမှာဖြစ်တယ်၊ အကယ်၍မင်းတို့ဒီမှာ ဆက်နေချင်ရင်မင်းတို့ရဲ့စွမ်းဆောင်ရည်တွေ,

# စာစဉ် ၂

ယုံကြည်မှုတွေကိုငါ့ကိုပြ။ မင်းတို့ရဲ့ *င်တွေကို

သက်တောင့်သက်သာရှိတဲ့နေရာမှာထားပြီး တိုက်ခိုက်ကြစမ်း။"

***

စာစဉ် ၂

# *အခန်း ၂၉ ဝက်*

ကောင်းဖန်အိမ်ပြန်ရောက်ချိန်တွင် ဒမ်ဘီ၏ဝိညာဉ်မီးတောက်မှာ လွန်ခဲ့သည့်နှစ်ရက်တည်းက သစ်ကတိုးယင်ခါတ်ပင်ကို စားနေပြီးနောက် ပိုမိုတောက်လောင်လာသည်ကိုတွေ့လိုက်ရသည်။

ကောင်းဖန် ရေခဲသတ္တာအဖုံးကိုဖွင့်လိုက်သည်။ အာ?

သစ်ကတိုးယင်ခါတ်ပင်တွေ ဘယ်ရောက်ကုန်တာလဲ?

ရေခဲသတ္တာထဲရှိ အကန့်ထဲတွင် အစက သစ်ကတိုးယင်ခါတ်ပင်များဖြင့် အပြည့်ရှိနေရာက အခုတော့ ပြောင်သလင်းခါနေပေပြီ။

ကောင်းဖန် သစ်ကတိုးယင်ခါတ်ပင်များကိုရှာရန် ရေခဲသတ္တာအကန့်ကို သေချာ ဆွဲထုတ်ပြီး ဟိုရှာဒီရှာလုပ်လိုက်ပေမည့်

စာစဉ် ၂

နောက်ဆုံးမှာတော့ အကန့်၏အစွန်းနားတွင် သစ်ကတိုးယင်ခါတ်ပင် တစ်ဝက်ပိုင်းလေးတစ်ခုကိုသာ တွေ့လိုက်ရသည်။

ဘာတွေဖြစ်ကုန်တာလဲ?

ကောင်းဖန် မျက်မှောင်ကြုတ်လိုက်မိသည်။ သူခိုးများဝင်သွားတာလား? ဒါကတော့ သူပထမဆုံးတွေးမိသည့် အတွေးပင်။

အခန်းထောင့်တွင် အပြစ်ကင်းစင်သည့်ပုံဖြင့် မတ်တပ်ရပ်နေသည့် အရိုးခွံဖုတ်ကောင်လူဝံနှင့် ဆိုဖာအောက်တွင် ပျင်းရိပျင်းတွဲလဲလျောင်းနေသည့် ခရမ်းရောင်ကျောပြင်မိုးကြိုးကင်းခြေများကို မြင်လိုက်ရတော့ အိမ်ထဲသူခိုးတစ်ယောက်ဝင်ခဲ့ပုံကို ပုံဖော်ကြည့်၍ပင်မရပေ။

ဒီတော့ သေချာတွေးကြည့်လိုက်လျှင် အိမ်တွင်းသူခိုးသာဖြစ်ပေတောမည်။

## စာစဉ် ၂

“ဒမ်ဘီ၊ ဒီကိုလာခဲ့။”

ဒမ်ဘီဟိုကြည့်ဒီကြည့်နှင့် တောင့်တင်းနေသော အမူအရာဖြင့် လျှောက်လာခဲ့သည်။

ထိုအခါ ကောင်းဖန်က လွတ်နေပြီဖြစ်သည့် ရေခဲသတ္တာအကန့်ကို ညွှန်ပြလိုက်ကာ၊ “မင်းဒီထဲကဟာတွေ အကုန်စားပစ်တာလား?”

ဒမ်ဘီအကန့်ထဲကို ငုံ့ကြည့်လိုက်ကာ အထဲတွင် သစ်ကတိုးယင်ခါတ်ပင်တစ်ဝက်ပိုင်းလေး ကျန်နေသည်ကို တွေ့လိုက်ရသည်နှင့် ရှေ့သို့တိုးလာကာ လက်ဖြင့်ကောက်ယူပြီး သူ့ပါးစပ်ထဲသို့ပစ်ထည့်လိုက်သည်။

ထို့နောက် သစ်ကတိုးယင်ခါတ်ပင်ကို ဝါးရင်းဖြင့် အမှိုက်ပုံးရှိရာသို့ လျှောက်သွားကာ သူ့မေးရိုးကို အမှိုက်ပုံးအပေါက်နှင့် ကိုက်အောင်ထားလိုက်သည်။ ထိုအခါ သူဝါးစားပြီး အမှိုက်ဖြစ်သွားသည့် သစ်ကတိုးယင်ခါတ်ပင်များမှာ အလိုအလျောက်ပင်

## စာစဉ် ၂

အမှိုက်ပုံးထဲသို့တန်းကျသွားလေသည်။ စားပြီးသွားသည့်နောက် တစ်ဖန် တုံးအသည့်အမူအရာဖြင့် မလှုပ်မယှက်နှင့် မူလနေရာသို့ပြန်သွားကာ ခေါင်းစိုက်ထားပြန်လေသည်။

ကောင်းဖန် အမှိုက်ပုံးနားလာကြည့်လိုက်တော့ အထဲတွင် သစ်ကတိုးယင်ခါတ်ပင်အကြွင်းအကျန်အမှိုက်များဖြင့် ပြည့်နေသည်ကိုတွေ့လိုက်ရသည်။

တရားခံကတော့ တန်းပေါ်လာခဲ့ပြီ။ ဒမ်ဘီလဲ ကောင်းဖန်၏မီးတောက်နေသည့် အကြည့်များကြောင့် စတင်ထိတ်လန့်မိလာတော့သည်။ တောင့်တင်းနေသည့်ခြေလှမ်းများဖြင့် နံရံဘက်သို့ နောက်ပြန်တဖြည်းဖြည်းခြင်းပြန်ဆုတ်သွားကာ နောက်ဆုံးမှာတော့ အမှားကို ပြန်စဉ်းစားသလိုမျိုး နံရံဘက်သို့ခေါင်းလှည့်စိုက်နေတော့သည်။

## စာစဉ် ၂

တာ့ဇီသည်လဲ အခွင့်ကောင်းတစ်ခုကိုတွေ့လိုက်ကာ ဆိုဖာအောက်မှ တွားသွားထွက်လာပြီး ကောင်းဖန်၏ခြေထောက်ပေါ်သို့ တွယ်တက်ကာ ခေါင်းကိုမော့လိုက်သည်။

"သူစားလိုက်တာ! သူစားလိုက်တာ!" တာ့ဇီ၏အသံဆူဆူက ကောင်းဖန်၏ခေါင်းထဲမှာ မြည်ဟီးလို့လာသည်။

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ငါသိပါတယ်။" ကောင်းဖန်လဲ တာ့ဇီ၏ခေါင်းကိုပုတ်ပေးကာ ပြောလိုက်သည်။

"သူက ငါ့ကိုလဲမစားခိုင်းဘူး!" တာ့ဇီအခွင့်အရေးကို အပြည့်အဝအသုံးချကာ အကုန်ပြောပြတော့သည်။

"???"

ဒီတော့ မင်းက ဒါကြောင့်ဝမ်းနည်းနေတာပေါ့?

## စာစဥ် ၂

သစ်ကတိုးယင်ခါတ်ပင်များကို ဒမ်ဘီစားလိုက်သည်အား ကောင်းဖန် အမှန်တကယ် ဒေါသမထွက်မိပေ။ ဘာပဲဖြစ်ဖြစ် ဒမ်ဘီစားဖို့ပဲ ဝယ်ထားခြင်းဖြစ်သည်။ သို့ပေမည့် ခွင့်ပြုချက်မရှိဘဲနဲ့ ယူစားခြင်းကတော့ မကောင်းသည့်အကျင့်မျိုးဖြစ်တာကြောင့် ဒီကောင်လေးကို သင်ပြပေးဖို့ ကောင်းဖန် ဆုံးဖြတ်ချက်ချလိုက်သည်။

“နောက်တစ်ခါ မင်းပိုစားချင်ရင် ငါ့ကိုပြော၊ ဟုတ်ပြီလား?” ကောင်းဖန် ဒမ်ဘီ၏အရိုးခွံကိုပုတ်ကာ ပြောလိုက်သည်။

ဒမ်ဘီကတော့ သူပြောနေသည်ကို အမှန်တကယ်နားလည်ကြောင်း အရိပ်အယောင်ပင်ပြမလာဘဲ နံရံတွင်သာ ခေါင်းစိုက်နေမြဲပင်။

အခုထိ ကောင်းကင်က မမှောင်သေးတာကြောင့် ကောင်းဖန် ဖုန်းခေါ်ရန်ဆုံးဖြတ်လိုက်သည်။ အရင်တစ်ခေါက် သူလိုအပ်သည့်ပစ္စည်းများဝယ်ခဲ့သည့် ဆိုင်မှ သူဌေးက သူ့ကိုဖုန်းနံပါတ်ပေးထားသည်။ သူဌေးက ကောင်းဖန် နောက်တစ်ခါ

## စာစဉ် ၂

ဘာပဲဝယ်ဝယ် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမည့် အကြောင်း ကတိပေးထားပေသည်။

ဖုန်းဝင်သွားပြီးနောက် ကောင်းဖန်က နောက်ထပ် သစ်ကတိုးယင်ခါတ်ပင်၃ဂကတ်တီ(အလေးချိန်)နှင့် မိုးကြိုးသဖန်းသီး ၁ဂကတ်တီ(အလေးချိန်)ကို လိုချင်ကြောင်း သူဌေးကြားလိုက်ရသည်နှင့် ချက်ချင်းဆိုသလိုပင် သူ့အလုပ်သမားတစ်ဦးအား ကောင်းဖန်မှာသော ပစ္စည်းများပို့ပေးရန် စေခိုင်းလိုက်သည်။

ပစ္စည်းပို့သည့်ကောင်လေးမှာ အရပ်ရှည်ကာ ပိန်သွယ်သည်။ ထိုကောင်လေး ခက်ခက်ခဲခဲဖြင့် အထူးပို့ဆောင်မှုလာပို့ဆောင်ပေးသည်ကိုမြင်ရတော့ ကောင်းဖန် သူ့အတွက် ရေတစ်ခွက်ငှဲ့ပေးလိုက်သည်။ ရေသောက်ပြီးနောက် ပစ္စည်းပို့သည့်လူငယ်က ခေါင်းညိတ်ကာ ကျေးဇူးတင်စကားဆိုသည်။

## စာစဉ် ၂

"မလိုပါဘူး။ ခင်ဗျားအတွက်လဲ ခက်ခဲမှာပေါ့။" ကောင်းဖန် အပြုံးတစ်ပွင့်ဖြင့် ပြန်လည်တုန့်ပြန်လိုက်သည်။

ကောင်းဖန်ပစ္စည်းများလက်ခံရသည်နှင့် ငွေချေကာ တံခါးပြန်ပိတ်လိုက်သည်။ ထို့နောက် ဒမ်ဘီ၏ပုခုံးကိုပုတ်လိုက်ကာ၊ "ကဲ၊ ဒါ နောက်နှစ်ရက်စာ မင်းအတွက်အစာပဲ။"

ဒမ်ဘီက အစားအသောက်အနံ့ကိုလိုက်ခံနေပြီး အနက်ရောင်ပလက်စတစ်အိတ်ကို လှန်လှောကြည့်နေသည်။

"နှစ်ရက်နော်။" ကောင်းဖန် လက်နှစ်ချောင်းထောင်ပြလိုက်သည်။ "တစ်ရက်ကို တစ်ဝက်စီပဲစားရမယ်၊ နားလည်လား?"

ဒမ်ဘီခေါင်းညိတ်ပြလိုက်ကာ သူ့မျက်လုံးထဲရှိ မီးတောက်များက ပိုလို့ပင် တောက်ပလို့လာသည်။ ကောင်းဖန်နှင့် ဒမ်ဘီသည် အခုထိ သွေးစာချုပ်ချုပ်ဆိုထားခြင်းမရှိသေးတာကြောင့် ဝိညာဉ်မှတစ်ဆင့် အချင်းချင်းဆက်သွယ်နိုင်ခြင်းမရှိသေးပေ။

စာစဉ် ၂

ဒမ်ဘီ၏အစားအသောက်ဖိုးအတွက် မဝယ်နိုင်တော့မည်ကို ကောင်းဖန်မစိုးရိမ်မိပေ။ တစ်ကတ်တီကို မဟာမိတ်ဒေါ်လာ၁ဂဂဂသာကျသည့် သစ်ကတိုးယင်ခါတ်ပင်ကိုတော့ သူဝယ်နိုင်ပါသေးတယ်။ ဒမ်ဘီက တစ်နေ့ကို ၁၅ကတ်တီစားမည်ဖြစ်တာကြောင့် ၁.၅မဟာမိတ်ခရက်ဒစ်သာကျပေမည်။ များများပိုစားလဲ ပိုကောင်းတာပဲရှိပေသည်။ အာဟာရရှိတဲ့ပစ္စည်းကနေ ပိုများများစုပ်ယူလေ နောက်ထပ်အဆင့်တက်နိုင်ဖို့ ပိုနီးစပ်လေမဟုတ်လား။

ဒမ်ဘီ၏ဂုဏ်ရည်ပြဇယားမှနေပြီး ဒမ်ဘီအဆင့်တက်ရန် ပထမဆုံးခြေလှမ်းအနေဖြင့် သစ်ကတိုးယင်ခါတ်ပင်ဖ၇ဂကတ်တီလောက် စားဖို့လိုကြောင်း ကောင်းဖန်တွေ့နိုင်သည်။

## စာစဉ် ၂

ထင်ရှားခြင်းအဆင့်သို့ မြှင့်တင်ရမည်မှာ လွယ်ကူသည့်တာဝန်တော့မဟုတ်ပေ။ ဒီပစ္စည်းတွေအတွက် အသုံးစရိတ်များသည် အနည်းဆုံး ဒေါ်လာသန်းပေါင်းများစွာတန်သည်။ ဒါက ထိပ်တန်းအဆင့်မှာ ဒမ်ဘီအတွက်လိုအပ်တဲ့ပမာဏဖြစ်သည်။ မြင့်တဲ့အဆင့်တွေမှာ ပိုပြီး တန်ဖိုးကြီးတဲ့ပစ္စည်းတွေကိုလိုအပ်ပြီးသာမန်အားဖြင့် ကုန်ကျစရိတ်ကပိုက်ဆံ ပိုများသည်၊ တစ်ချို့သော တန်ဖိုးကြီးသည့်ပစ္စည်းတွေက မြင့်တင်ရန်အတွက်မလုံ လောက်ပါ။

သားရဲသည် မည်သည့်အဆင့်၌ပင်ရှိနေပါစေ ထိပ်တန်းအဆင့်ထက်ကျော်လွန်သည့် မည်သည့်အဆင့်တွင်မဆိုရှိလျှင်, ၎င်း၏အဆင့်သည် တစ်ဆင့်လျော့ပေလိမ့်မည်။

ဥပမာအားဖြင့်, ပြီးပြည့်စုံသောအဆင့်-ထိပ်တန်းအဆင့်သားရဲသည်အုပ်ချုပ်သူအဆင့်သို့ တိုးတက်ပြီးနောက် အထူးအဆင့်-အုပ်ချုပ်သူသားရဲဖြစ်လာပြီး ထင်ရှားခြင်းအဆင့်-ထိပ်တန်းအဆင့်သားရဲသည်အုပ်ချုပ်သူအဆင့်သို့ပြောင်းလဲသွားသည်နှင့် ပြီးပြည့်စုံခြင်းအဆင့်-အုပ်ချုပ်သူသားရဲဖြစ်လာသည်။

စာစဉ် ၂

သားရဲ ဆင့်ကဲဖြစ်စဉ် လုပ်ငန်းစဉ်သည် ၎င်း၏စွမ်းရည်ကိုအသုံးချသူတစ်ဦးကြောင့်ဖြစ် လာခြင်းဖြစ်သည်၊ တစ်ခုခုကိုဆုံးရှုံးပြီးမှ တစ်ခုရခြင်းဟာ သဘာဝပင်ဖြစ်သည်။

ဒါပေမယ့် သင်တန်းမှာ လေ့ကျင့်ရေးဆရာက သားရဲကိုမြှင့်တင်ရန်ကြိုးပမ်းနေသမျှ ကာလပတ်လုံးအဆင့်တက်ပြီးနောက် အဆင့်ကျမည်ကိုစိုးရိမ်နေစရာမလိုပေ။ ကြိုးစား အားထုတ်မှုနှင့်စိတ်ဓာတ်ပျိုးထောင်ခြင်းဖြင့် အဆင့်များကို ဖြည်းဖြည်းချင်းမြှင့်တင်နိုင် သည်။

ဒမ်ဘီနှင့်စကားပြောပြီးနောက် ကောင်းဖန် တခြားအနီရောင်ပလတ်စတစ်အိတ်ကို ဖွင့်လိုက်သည်၊ ၎င်းတွင်၁၀ ကတ်တီ(အလေးချိန်) ကြမ်းသောခရမ်းဖျော့ရောင်သဖန်းသီး ရှိသည်။ သူတို့၏အပြင်ပန်းသွင်ပြင်ကို သဖန်းသီးပုံစံ,အထူးသဖြင့် ခရမ်းရောင်သို့ အရောင်ပြောင်း နေခြင်းဖြစ်သည်၊ အသီး၏အက်ကြောင်းများထဲမှ နက်ရှိုင်းသော ခရမ်းရောင်အစေ့တို့ကို အကြမ်းဖျင်းအားဖြင့်တွေ့နိုင်သည်။

# စာစဥ် ၂

အသီးများရဲ့အနံ့ကြောင့် တာ့ဇီက အလွန်ပင်စိတ်လှုပ်ရှားကာ ပြောနေသည်, “ငါစားချင်တယ်! ငါစားချင်တယ်”။ တာ့ဇီကို ပြီးပြည့်စုံခြင်းအဆင့်သို့တိုးတက်ပြီးနောက် ၎င်းက မိုးကြိုးသဖန်းသီး၂၀၀ ကတ်တီကိုလိုပြီး ခန္ဓာကိုယ်အတွင်းရှိ အင်အားရဲ့ သန်မာသည့် အခြေခံအုတ်မြစ်နှင့်ပေါင်းစည်းရန်ဖြစ်သည်။ မိုးကြိုးသဖန်းသီးများသည် ယင်ခါတက်ကို ဆွသည့်သစ်ကတိုးထက် ဈေးချိုပြီး ၁ကတ်တီတွင်မဟာမိတ်ဒေါ်လာ၂၀၀သာကုန်ကျ သည်။သူတို့က ကြွတ်ရွပြီး ထုံထိုင်းသောအနံ့အရသာရှိပြီး မကြာခဏ အဆင့်မြင့်အစား အစာများကြားထဲတွင်ပါဝင်ခဲ့သည်။

ကောင်းဖန်ကမိုးကြိုးသဖန်းသီးများကို သတ္တုဇလုံထဲသို့ထည့်လိုက်သည်၊ လတ်ဆတ်တဲ့ မိုးကြိုးသဖန်းသီးများကိုကြည့်ပြီး တာ့ဇီရဲ့မျက်လုံးတွေက တောက်ပလာသည်၊ သို့သော် သခင်၏စကားမပါဘဲ တာ့ဇီစားဖို့မရဲသဖြင့် သူ့ခေါင်းကိုမြင့်ကာ သခင်ကိုကြည့်လိုက် သည်၊ ကောင်းဖန်က ခွင့်ပြုပြီးတဲ့နောက် တာ့ဇီရဲ့ခြေချောင်းနှစ်ချောင်းသည် သတ္တုဇလုံ ၏အစွန်းကို ထောက်ကန်ထားပြီး

## စာစဉ် ၂

မိုးကြိုးသဖန်းသီးများကိုပါးစပ်နှင့်အပြည့်ဝါးနေတော့ သည်၊ တာ့ဇီကအကုန်စားသည်, အပေါ်ခွံနှင့်အစေ့တောင်မှစားသည်။

တာ့ဇီက စားတာမရပ်ခင် ဇလုံရဲ့သုံးပုံတစ်ပုံပမာဏကိုစားပြီး ၎င်းကဗိုက်ပြည့်နေတော့သည်၊ ၎င်းကကြမ်းပြင်အနီးတွင်ပြင်းရိစွာနဲ့လဲလျောင်းလိုက်ပြီး လုံးဝန်းအောင်လုပ်ကာ တွန့်နေသည်။

မိုးကြိုးသဖန်းသီးများသည် သက်တန်းရှည်သောကြောင့် လေနဲ့ထိတွေ့အောင် အပြင် ထုတ်ထားလျှင်ပင် ပြဿနာမရှိပါ။ ကောင်းဖန် အစာဇလုံကိုကောက်ယူလိုက်ပြီး ဆိုဖာရဲ့ နောက်ဖက်တွင်ထားလိုက်သည်။

....

နောက်တစ်နေ့မှာတော့ နည်းပြအသစ်ရဲ့တောင်းဆိုမှုကြောင့် ကျောင်းသားအားလုံးက သူတို့နှင့်သွေးစာချုပ်ချုပ်ထားသော ကိုယ်ပိုင်သားရဲများကိုကျောင်းသို့ယူဆောင်လာကြသည်။ ကောင်းဖန်က တံခါးမှမထွက်မီ တာ့ဇီကိုကြိုးနှင့်ထိန်းထားသည်။

## စာစဉ် ၂

သူကျောင်းထဲကိုဝင်တော့ တာဇီနီးပါး ကိုယ်ပိုင်သားရဲများကို အပန်းဖြေဥယျာဉ်ထဲသို့ ဝင်လာကြသည်။ အမျိုးမျိုးသောကိုယ်ပိုင်သားရဲများသည် ကျောင်းတွင် ရပ်နေတာ လှဲနေတာများရှိကြသည်။ ကျောင်းပေါင်းစပ်ထားခြင်းကြောင့် ကျောင်းဝန်းတစ်ခုလုံး ကိုယ်ပိုင်သားရဲတွေနှင့်ပြည့်နေတော့သည်။

သားရဲဟိန်းသံများနှင့် စူးဝါးသည့်အသံများက အတူတကွပေါင်းထားသောကြောင့် သားရဲများ၏ကြွက်ကြွက်ညံသံများသည် အလွန်ဆူညံသည့်အသံမျိုးကိုပြုလုပ်နေကြ သည်။

အဲ့ဒီမှာ တကယ့်ကိုကြီးမားသလို တကယ့်ကိုသေးငယ်သည့် ကိုယ်ပိုင်သားရဲများစွာရှိပေမယ့် အဖြူအပြည့် သားရဲဝက်တစ်ကောင်၏ ပုံပန်းသဏ္ဍာန်သည် အရယ်ရဆုံးပင်။ ၎င်းကအမြင့် သုံးမီတာ လောက်အမြင့်တွင်ရပ်နေပြီး ငါးမီတာလောက်ရှည်လျားကာ ကြီးမားသည့်အသားနှင့်တူ သည့်တောင်ကြီးနှင့်တူသည်။၎င်း၏ခြေလှမ်းတိုင်းတွင် သူ့ရဲ့အဆီများက ပင်လယ်လှိုင်း များရိုက်ခတ်နေသည်နှင့်တူသည်။

# စာစဉ် ၂

ဝင်းရဲ့ဘေးတွင်သိမ်မွေ့နူးညံ့သော မိန်းကလေးတစ်ယောက်ကရပ်နေသည်၊ သူမ၏ မျက်နှာကနီရဲနေပြီး ရှက်ရွံ့မှုတွေနှင့်လောင်ကျွမ်းနေသလိုပင်၊

သူမအစက သူမရဲ့သားရဲကိုဝယ်ခဲ့တုန်းက ဒီလိုပုံစံမဟုတ်ဘူး…

အစပိုင်းသားရဲစတိုးမှာ သူမရဲ့ကိုယ်ပိုင်သားရဲကိုတွေ့တုန်းက သူ့ရဲ့ခေါင်းပေါ်မှာပန်းရောင် ဖဲကြိုးလေးနှင့်ချစ်ဖို့ကောင်းတဲ့ အဖြူရောင်ဝက်ပေါက်လေးဖြစ်သည်၊ သူမ ထိုဝက်ကလေး ကိုစမြင်ကတည်းက ချစ်သွားခဲ့သည်၊ တစ်နှစ်လောက်အကြာမှာ သူက ဒီလိုဖြစ်လာလိမ့် မယ်လို့ ဘယ်သူကထင်မှာလဲ၊ သူ့ရဲ့ခန္ဓာကိုယ်က အစာစားချင်စိတ်များနှင့်အတူ ရက်တိုင်း ကြီးသထက်ကြီးလာသည်။

သူ့သခင်ကိုကြည့်ပြီးတဲ့နောက် ကြီးမားသည့်အဖြူရောင်ဝက်က ပျင်းရိစွာနဲ့ကျောင်းဂိတ် ပေါက်ရှေ့တွင် လှဲလိုက်ကာ နေပူဆာလှုံနေသည်၊ ၎င်းမှာ အနားယူမှုနှင့် ကျေနပ်နေသော အပြုအမူမရှိပါ။ ၎င်းကသူ့ရဲ့ကိုယ်ပိုင်အိမ်နောက်ဖေးမှာ အနားယူနေသလိုပြုမူနေသည်။

# ကောင်းဖန်

## စာစဉ် ၂

***

# စာစဉ် ၂

## *အခန်း ၃၀ အဖွဲ့ငါးဖွဲ့*

“အာ၊ တောင်းပန်ပါတယ်၊ မိန်းကလေး မင်းရဲ့သားရဲက လမ်းပိတ်နေလို့။” လုံခြုံရေးအစောင့်က ကောင်မလေးကို ဖျောင်းဖျကာ လမ်းဖယ်စေသည်။

ကောင်မလေးသည်လဲ ဆင်ခြင်တုံတရားကင်းမဲ့သူမဟုတ်တာကြောင့် ခေါင်းညိတ်ပြလိုက်သည်။ သူမ၏အဖြူရောင်ဝက်ကြီးကတော့ ဘယ်လောက်ပဲ ကြိုးစားတွန်းတွန်း မရွေ့ပေးဘဲ ပေကပ်နေနေရုံမက သူမကိုတောင် ပြန်ရန်မူလိုက်သေးသည်။

“လုပ်ပါ၊ ထလိုက်စမ်းပါ။” ကောင်မလေးက စိတ်အနှောက်အယှက်ဖြစ်စွာ ညွှန်ကြားလိုက်သည်။

# စာစဉ် ၂

အဖြူရောင်ဝက်ကြီးကတော့ မျက်လုံးများကို စုံမှိတ်လို့ထားကာ နည်းနည်းလေးပင် မရွေ့ပေးပေ။ ဝက်တစ်ကောင် အိပ်ချင်ယောင်ဆောင်နေသည်ကို ဘယ်သူမှ နှိုးနိုင်မှာမဟုတ်ဘူး။

သားသတ်သမားမပေါ်လာခင်အထိပေါ့။

“ဘာတွေဖြစ်နေတာလဲ?” ဆူညံသံကိုကြားလိုက်တာကြောင့် စစ်ယူနီဖောင်းအပြည့်အစုံဝတ်ထားသည့် ဆာဂျင်က ရောက်လာခဲ့ကာ သူ့နောက်တွင် ငွေလရောင်ဝံပုလွေတစ်ကောင်လဲ လိုက်ပါလာခဲ့သည်။

ဆာဂျင်က ‘အိပ်နေသည့်’ ဝက်ကိုတစ်လှည့် စိုးရိမ်သောကရောက်နေသည့်မိန်းကလေးကို တစ်လှည့်ကြည့်လိုက်ကာ အခြေအနေအကြမ်းဖျင်းကို နားလည်သွားပြီး သူ့ခေါင်းကို မခါမိဘဲမနေနိုင်တော့ပေ။ “မင်းက သားရဲလေ့ကျင့်သူတစ်ယောက်၊ ဒါကလဲ မင်းရဲ့ကိုယ်ပိုင်သားရဲလေ၊ ကိုယ့်ရဲ့ကိုယ်ပိုင်သားရဲကိုတောင် မထိန်းချုပ်နိုင်တာကို မရှက်ဘူးလား?”

## စာစဉ် ၂

ဆာဂျင်ကာ လှဲနေသည့်ဝက်ကိုကြည့်ဖို့ရန် ခေါင်းကိုငုံ့ကိုင်းလိုက်ပြီး ကြိမ်းမောင်းလိုက်သည်။ "ထစမ်း! ဒီနားလာအိပ်မနေနဲ့!"

အဖြူရောင်ဝက်ကြီးကတော့ နည်းနည်းလေးမှမလှုပ်ဘဲ သူ့နားရွက်များကိုသာ ခတ်ကာ နှုတ်ခမ်းကိုသပ်လိုက်သည်။

ဒီဝက်က အမှန်တကယ်တုံးသူတော့မဟုတ်ပေ။ မဟုတ်ရင် ကမ္ဘာပေါ်မှာ ဝက်တွေက ဉာဏ်အထက်ဆုံးတိရိစ္ဆာန်တွေထဲ ဘယ်ပါ,ပါတော့မလဲ။ သူတို့က တမင်ကို တုံးအမိုက်မဲသလိုပုံနှင့် လူတွေကို အရူးလုပ်နေခြင်းသာဖြစ်သည်။

"မင်းငါပြောတာ နားလည်တယ်မလား?" ဆာဂျင်မှာ ဒေါသသံဖြင့် ရယ်မောလိုက်သည်။

သူနောက်ပြန်ဆုတ်လိုက်သည်နှင့် သူ့နောက်မှ ငွေလရောင်ဝံပုလွေကလဲ ရှေ့သို့တက်လာခဲ့သည်။ ငွေလရောင်ဝံပုလွေ၏

## စာစဉ် ၂

အေးစက်ဝံ့ကြွားနေသည့်မျက်လုံးများက လှဲနေသည့်ဝက်ကိုစိုက်ကြည့်နေကာ အံကြိတ်နေတော့သည်။

သူက အဖြူရောင်ဝက်အနားကို တစ်ဖြည်းဖြည်းတိုးကပ်လာခဲ့သည်။ ဒါက သာမာန်မြေပြန့်တစ်နေရာသာဖြစ်ပေမည့် ငွေလရောင်ဝံပုလွေ၏ချဉ်းကပ်လာပုံမှ တောကြီးမျက်မည်းထဲရှိ လရောင်အောက်တွင် သူ၏သားကောင်ကို တိတ်တဆိတ်ချဉ်းကပ်နေဟန်ဖြင့် တူလှသည်။

“ဟမ်၊ ဟမ်!” ရုတ်တရက်ဆိုသလို အဖြူရောင်ဝက်ကြီးက ချက်ချင်းပင် ခုန်ထကာ လမ်းဘေးသို့ သူ့ကိုယ်လုံးကြီးကို ပစ်ရွှေ့လိုက်တော့သည်။

စာစဉ် ၂

“ကြည့်စမ်း၊ မင်းငါတို့စကားကိုနားလည်သားပဲ၊ ငါက မင်းနားမလည်ဘူးလို့ထင်လိုက်တာ။” ဆာဂျင်က အေးစက်စက်ပြောလိုက်သည်။

အဖြူရောင်ဝက်ကြီးက မကျေမနပ်ဖြင့် အော်ဟစ်က လူသားများအနားမှ ထွက်ခွာပြီး ကြမ်းကြုတ်သည့်ခွေးတစ်ကောင်အနားသို့သွားလိုက်သည်။ ငါအေးအေးဆေးဆေးတစ်ရေးတစ်မောလောက် အိပ်လို့တောင်မရဘူးလား?

ကိုယ်ပိုင်သားရဲအားလုံးကို ကစားကွင်းထဲတွင်ထားကာ အုပ်စုများဖွဲ့ထားသည်။ ထိုထဲမှ နှစ်မီတာခွဲလောက်ရှည်လျားသည့် တာ့ဇီကတော့ လူအများအာရုံစိုက်စရာဖြစ်နေသည်။

# စာစဉ် ၂

မနက်ပိုင်းတွင် ကျောင်းသားများသည် သူတို့အတန်းချိန်များတွင် စာသင်ယူကြရပြီး နေ့လည်ခနာရီတွင်တော့ ကျောင်းကစားကွင်းထဲတွင် တန်းစီစုဝေးကြရသည်။

ဆောက်လက်စရင်ပြင်ကြီးမှာ အခုတော့ လုံးဝပြီးစီးလို့နေပေပြီ။ ရင်ပြင်တစ်ခုလုံးကို ကွန်ကရစ်နှင့်ပြုလုပ်ထားကာ ကေပေါင်းထောင်ကျော်ကျယ်ဝန်းသည်။ ရင်ပြင်ကျယ်ကြီးကို ကျောက်တုံးပလက်ဖောင်းများ၊ စတီးချောင်းများဖြင့်သာ ရိုးရိုးရှင်းရှင်းဆောက်လုပ်ထားခြင်းဖြစ်သည်။

မကြာခင်တွင်ပဲ ဆာဂျင်များ(တပ်ကြပ်ကြီးများ)ရောက်လာကာ သူတို့အဖွဲ့များကိုစစ်ဆေးပြီးနောက် လေ့ကျင့်မှုကိုတန်းစတင်လိုက်တော့သည်။

စောစောက ‘လမ်းပိတ်နေခဲ့သည့်’အဖြူရောင်ဝက်ကြီးမှာ သူနှင့်တစ်ဖွဲ့တည်းဖြစ်သည့် အဖွဲ့၁၇တွင်ရှိနေကြောင်း

## စာစဉ် ၂

အံ့အားသင့်ဖွယ်ကောင်းစွာ ကောင်းဖန်တွေ့လိုက်ရသည်။ ၎င်းက သူတစ်ကောင်တည်းနှင့် သားရဲနှစ်ကောင်စာတောင် နေရာယူထားသည်။ ဘယ်လိုတောင် ကိုယ့်ကိုကိုယ်ဟုတ်လှပြီထင်နေတဲ့သားရဲလဲ။

“သားရဲအမျိုးအစားတွေကမတူတာကြောင့် လေ့ကျင့်မှုနည်းလမ်းတွေကလဲ ကွဲပြားတယ်။ သားရဲတွေရဲ့လုပ်ဆောင်ချက်တွေက တစ်ကောင်နဲ့တစ်ကောင် မတူကြဘူး။ ရန်လိုတာ၊ ခုခံကာကွယ်တာ၊ အကူပေးတာ၊ ကုစားတာနဲ့ နယ်မြေထိန်းချုပ်တာဆိုပြီး သူတို့လုပ်ဆောင်နိုင်တဲ့ အရည်အချင်းတွေက အများကြီးကွဲပြားကြတယ်။ ဥပမာအနေနဲ့ အစိမ်းရောင်နတ်ဆိုးစပျစ်ပင်ဆိုရင် ခံစစ်ကော အကာအကွယ်လုပ်တာကော နှစ်မျိုးလုံးရတယ်။ ပြီးတော့ တချို့အထူးစွမ်းရည်လေ့ကျင့်နိုင်စွမ်းကနေပြီး ရန်လိုမှုအပြည့်နဲ့တိုက်ခိုက်နိုင်အောင်လဲ လေ့ကျင့်ပေးလို့ရနိုင်တယ်။”

## စာစဉ် ၂

ဆာဂျင်မှ ဆက်ပြောလာသည်။ “ဒါက လေ့ကျင့်ရေးနည်းလမ်းတွေရယ် အာရုံစိုက်တာတွေရဘ်နဲ့ အများကြီးသက်ဆိုင်တယ်။”

“ မင်းတို့သားရဲရဲ့ခုခံကာကွယ်မှုစွမ်းအားကို တိုးတက်စေချင်ကြတယ်မလား၊ မင်း သူ့ရဲ့စိတ်ရှည်မှုနဲ့ သည်းခံမှု စသည်ဖြင့်ရှေ့ဆက်ပြီး မြင့်တင်ပေးဖို့ကို သေချာအာရုံစိုက်ဖို့လိုတယ်။” ဆာဂျင်(တပ်ကြပ်ကြီး)ကပြောသည် “ ဟုတ်ပါတယ်,ဒါတွေက မင်းတို့အတွက် စောလွန်းတယ်၊ မင်းတို့နဲ့ပတ်သတ်ပြီး ငါသတိပေးချင်တာတစ်ခုရှိတယ်, ငါတို့က အစပိုင်း အဆင့်ကို အခုလေ့ကျင့်မှာ,ဒါပေမယ့် ငါတို့ထုတ်ပယ်တဲ့စမ်းသပ်မှုမှာ လူ၁၂၀၀ရွေးပြီးတဲ့နောက် ငါတို့အဖွဲ့တွေပြန်လုပ်မယ်၊ အဲ့ဒီနောက် မင်းတို့စိတ်ဝင်စားမှုပေါ်အခြေခံပြီး မင်းတို့ကိုကွဲပြားတဲ့ အဖွဲ့ငါးခုဖြစ်တဲ့, တိုက်ခိုက်သူ၊ ပံ့ပိုးသူ၊ ခုခံကာကွယ်သူ၊ ကုစားသူ၊ ကြီးကြပ်သူ ဆိုတဲ့အထဲကိုခွဲထည့်မယ်။ ငါတို့ လက်အောက်မှာအဖွဲ့တစ်ခုစီကိုပြန်ဖွဲ့မယ်”

“မင်းတို့တွေက များပြားတဲ့သားရဲတွေနဲ့ စာချုပ်ချုပ်ချင်ပြီး မင်းတို့ကိုယ်တိုင်အဖွဲ့ဖွဲ့ချင်တာလည်းငါသိတယ်။ ဒါပေမယ့်

## စာစဉ် ၂

ငါမင်းတို့ကိုပြောမှာက ဒါကခုဖြစ်လာမှာမဟုတ်ဘူးဆိုတာဘဲ! တီဗွီရှိုးတွေမှာပြောတဲ့ သားရဲတွေကမင်းတို့ရဲ့ စိတ်ဝိညာဉ်သန်မာမှုတွေကို ထင်ဟပ်ပြီး အားပြန်ဖြည့်တယ်, အဲ့ပေါ်မှာမူတည်ပြီး ပိုများတဲ့သားရဲတွေနဲ့ စာချုပ်ချုပ်နိုင် လိမ့်မယ်ဆိုတာမှန်တယ်၊ ဒါပေမယ့် သူတို့ကမင်းတို့ဘယ်အခြေအနေတွေကို လိုက်နာဖို့လိုတဲ့ကြောင်းကိုတော့ မပြောခဲ့ဘူး။ စိတ်ဝိညာဉ်သန်မာခြင်း၏ ထင်ဟပ်မှုက မင်းတို့ရဲ့သားရဲတိုးမြှင့်မှု အပေါ်မှာအခြေခံတယ်၊ သွေးစာချုပ်ချုပ်ပြီးနောက် မင်းတို့သားရဲကပိုပြီးကြီးထွားသန်မာလာရင် ပိုများတဲ့ထင်ဟပ်မှုဖြစ်လာမယ်။ ဒါကသွေးစာချုပ်ထဲက တစ်စိတ်တစ်ပိုင်းဖြစ် တယ်၊ ဒီလိုမှမဟုတ်ရင်မင်းတို့ကို ဘယ်သူက စိတ်ဝိညာဉ်အလကားပေးမှာလဲ? သူတို့က တုံးအနေတဲ့သားရဲတွေမဟုတ်ဘူး”

ထိုစကားကိုကြားပြီးတဲ့နောက် လူအများရဲ့မျက်နှာတွေက မကြည်မလင်ဖြစ်လာသည်၊ သူတို့က အစကအတိုင်းလုပ်ဖို့စီစဉ်ထားကြတာ, စာချုပ်ချုပ်ထားတဲ့ သားရဲအနည်းစုနဲ့; တက်ကြွထက်သန်တာအပါအဝင်, ခုခံကာကွယ်မှု,

## စာစဉ် ၂

အကူအညီပေးမှု, ကုစားမှု, အဖွံ့ကြီးကြပ်မှုပုံစံမျိုးဖြစ်သည်၊ ဒါကအေးဆေးဖြစ်လိမ့်မယ်။

ထို့နောက်နည်းပြက သူ့နောက်မှအနက်ရောင်သေတ္တာထဲက အဖြူရောင်ရော်ဘာ ဘောလုံး, ၃၈လုံးကိုနှိုက်ထုတ်လိုက်ပြီး အကုန်လုံးရဲ့လက်ထဲကိုထည့်ပေးလိုက်တယ်။ "ဒီနေ့မင်းတို့အားလုံးရဲ့ အမိန့်ပေးနိုင်စွမ်းနဲ့စတင်မယ်၊ ဒါကလေ့ကျင့်ခန်းအတွက် မဖြစ်မနေလိုအပ်တဲ့ အစိတ်အပိုင်းဘဲ၊ မင်းတို့သားရဲက ဘယ်လောက်ဘဲသန်မာနေပါစေ အကယ်၍မင်းတို့ရဲ့ အမိန့်ကိုမနာခံရင် ဘာမှမဟုတ်ဘူး၊" နည်းပြကအဖြူရောင်အင်္ကျီ နဲ့မိန်းကလေးနှင့်သူမဘေးကကြီးမားတဲ့အဖြူရောင်ဝက်ဘက်ကိုကြည့်လိုက်တယ်၊ ဒါကကို လွဲမှားနေတဲ့ဥပမာတစ်ခုဘဲ။

ကြီးမားတဲ့ဝက်က စိတ်ညစ်စရာကောင်းစွာ တအစ်အစ်ညည်းနေပြီး မိန်းကလေးကို သူ့ရဲ့ ခေါင်းနှင့်ပွတ်သတ်နေကာ နည်းပြကိုဆန့်ကျင်ဆန္ဒပြနေသည်။

နည်းပြဆရာရဲ့ဘေးမှာရပ်နေတဲ့ ငွေလရောင်ဝံပုလွေက နှာမှုတ်ကာ ထိုဝက်ကို အေးစက် စွာစိုက်ကြည့်နေသည်၊

## စာစဉ် ၂

အဖြူရောင်ဝက်က ထိုဝံပုလွေကိုလှမ်းကြည့်လိုက်တဲ့အခါ ကြောက်ရွံ့သွားတော့သည်၊ ထိုနောက် ၎င်းကတခြားပျော်ရွှင်စရာကောင်းတဲ့အရာတစ်ခုကို စဉ်းစားမိသည်ထင်, ၎င်းကပြုံးကာ သူရဲ့ပိုင်ရှင်ကို ပျော်ရွှင်စွာပွတ်သတ်နေတော့သည်။

“ မင်းတို့ရဲ့သားရဲကိုလေ့ကျင့်ဖို့ သူတို့ရဲ့ အလေ့အကျင့်နဲ့ ဝါသနာတွေကိုသိရမယ်၊ နောက်ပြီး မင်းတို့ကြားမှာကောင်းမွန်စွာ ညွှန်ကြားနိုင်တဲ့ ဆက်ဆံရေးကိုတည်ဆောက်ရ မယ်၊ ငါ့ရဲ့ ငွေလရောင်ဝံပုလွေကိုကြည့်၊ သူက အထက်စီးဆန်တယ်, စကားပြောတာ, ထိတာ မလိုလားဘူး,ဒါကြောင့် ငါအနက်ရောင် သံမဏိဝက်ကို သူ့အတွက် အထူးဝယ် ခဲ့ပြီး အကုန်လုံးကို ငါကိုယ်တိုင်သူ့ကိုကျွေးခဲ့တယ်။ ငါအားတဲ့အချိန်တိုင်း သူနဲ့ကစားပေး တယ်, အိပ်ပေးတယ်၊ တစ်လကြာပြီးတော့,သူကငါ့အပေါ်ကိုပိုပြီး စိတ်ချလာတယ်၊ ပြီးတော့ ငါ့ညွှန်ကြားချက်တွေကို လိုက်နာဖို့ အသင့်ရှိခဲ့တယ်၊” သူဒါကိုပြောပြီးနောက် ကျန့်ရန်ပိုင်က ငွေလရောင်ဝံပုလွေရဲ့ခေါင်းကို ပုတ်လိုက်တယ်၊ ဝံပုလွေက သူ့ကိုပြန်ပြီး မျက်လုံးကိုစောင်းကာကြည့်လိုက်တယ်။

ဒါကိုတွေ့တော့ အဖြူရောင်ဝက်ကရယ်ကာ, နှာမှုတ်လိုက်သည်။

## စာစဉ် ၂

“မင်းတို့ဘာနည်းလမ်းဘဲသုံးသုံး ငါဂရုမစိုက်ဘူး, မင်းတို့ဒီနေ့လည်မှာ ကိုယ်တိုင်ကြိုးစား ပြီးတော့ သင့်တော်တဲ့နည်းလမ်းရှာရမယ်။ ဒါကစကားပြောတာထက် ပိုပြီးလေ့ကျင့် ဖြစ်တယ်။ မင်းတို့ကိုယ်တိုင်ဒါကို တွက်ချက်ကြည့်ရမယ်၊” နည်းပြကပြောလိုက်သည်၊ “ငါတစ်နာရီလောက်ကြာရင် မင်းတို့ရဲ့အခြေအနေတိုးတက်မှုကို လာစစ်ဆေးမယ်၊ မင်းတို့ရဲ့ကိုယ်ပိုင်သားရဲတွေက သူတို့သဘောအလျောက် အဖြူရောင်ဘောလုံးကိုရွေးရင် အကဲဖြတ်မှုကို အောင်တယ်။ ဒီလိုမှမဟုတ်ရင် မင်းတို့မအောင်မချင်း နေပြီးလေ့ကျင့်နေခဲ့ ရမယ်၊ အခုမင်းတို့ စလို့ရပြီ။”

လူအုပ်ကြီးက ပတ်ပတ်လည်ကို ဖြန့်ကျက်လိုက်သည်၊

ကောင်းဖန်သူ့ရဲ့ခေါင်းကို နိမ့်လိုက်ပြီး တဲ့ဇီကိုကြည့်စဉ် တဲ့ဇီကလည်းသူ့ကိုကြည့်နေ သည်၊

“မြေပြင်ပေါ်မှာ လှိမ့်လိုက်။”

တုံ့ဆိုင်းမှုမရှိဘဲ တဲ့ဇီက အဆက်မပြတ်လှိမ့်ပြီး သန်မာတဲ့သံချပ်ကျောနဲ့ ခြေချောင်းတွေက  မြေပြင်ပေါ်တွင် တရှမ်းရှမ်းမြည်နေသည်။

## စာစဉ် ၂

ဘာမှမခက်ခဲ။ တာ့ဇီက တစ်ချိန်လုံးသူ့အပေါ်မှာ အမြဲနာခံသည်၊ ဒီစစ်ဆေးမှုက ကိတ်မုန့်တစ်ပိုင်းစားရသလိုပါပဲ။

***

စာစဉ် ၂

## *အခန်း ၃၁ အထူးလေ့ကျင့်ရေး*

အချိန်တစ်နာရီမှာ မြန်မြန်ဆန်ဆန်ပဲကုန်ဆုံးသွားခဲ့သည်။ ကျောင်းသားအများစုသည်တော့ အခြေခံအဆင့်စီမံနိုင်မှုကို အောင်မြင်နိုင်ခဲ့ကြသည်။ လက်တစ်စုပ်စာလောက်သော ကျောင်းသားများသည်တော့ သူတို့၏ကိုယ်ပိုင်သားရဲများနှင့် ခါးသီးစွာရုန်းကန်နေကြရတုန်းပင်။

ဘေးအဖွဲ့မှ ပုပုကုန်းကုန်းနှင့်ကောင်လေး၏ ကိုယ်ပိုင်သားရဲမှာ ဟက်စကီးခွေးမျိုးရိုးဗီဇမှပြောင်းလဲလာသည့် ရွှေရောင်ဟက်စကီးခွေး အထူးအဆင့်သို့တောင်ရောက်နေပြီဖြစ်သည်။

သို့ပေမည့် ထိုသို့အထူးအဆင့်သို့ရောက်နေခြင်းကပဲ ကောင်လေးအတွက် ပို၍ဝန်ပိလာစေသည်။ သူ့အနားတစ်ဝိုက်မှ ကျောင်းသားအများစုမှာ အမိန့်ပေးဖို့ အောင်မြင်သွားခဲ့ကြပြီဖြစ်ပြီး

## စာစဉ် ၂

သူတို့၏ကိုယ်ပိုင်သားရဲများကိုတောင် ပွေ့ဖက်နေကြပေပြီ။ တစ်ဖက်တွင်တော့ သူ၏ကိုယ်ပိုင်သားရဲမှာ အရမ်းတွေလွတ်လပ်ပျော်မြူးနေကာ ကွင်းတစ်လျှောက် မနားတမ်းပြေးလွှားနေခဲ့သည်။ "အူး~အူး~အူး~...ဝုဖ်!"

ဘာကိုမှဂရုမစိုက်ဘဲ ပြေးလွှားနေကာ သူ၏လွတ်လပ်စွာ ပြေးလွှားနေသည့် ခြေထောက်များနှင့် လွတ်လပ်ချင်နေသည့်ဆန္ဒကို ဘယ်သူကမှလဲ တားမြစ်နိုင်မည်မဟုတ်ပေ။

"ပြန်လာခဲ့စမ်း! အခုချက်ချင်းပြလာခဲ့!" ခပ်ကုန်းကုန်းနှင့်ကောင်လေးက သူ့အဆုတ်ပေါက်ထွက်မတတ်ကို အော်ဟစ်နေရသည်။

ရှေ့ရောင်ဟက်စကီးခွေးသည်တော့ သူ့သခင်ကို လှည့်ကြည့်ကာ သူ့မျက်နှာမှာတော့ အလွန်ပျော်ရွှင်မြူးထူးနေသည့်ပုံစံဖြစ်နေပြီး ပိုလို့တောင်မှ မြန်မြန်ပြေးလိုက်သေးသည်။

## စာစဉ် ၂

တခြားကျောင်းသားတွေလဲ ထိုကောင်လေးကို စတင်သနားမိလာကြကာ အချို့ဆိုလျှင် ကောင်လေး၏ပုခုံးကို ပုတ်ကာအားပေးဖို့တောင် သွားကြသေးသည်။

“ဟော့ကောင်၊ ဒါကတော့ မင်းက ရွှေရောင်ဟက်စကီးခွေးကို မွေးဖို့ရည်ရွယ်တာရဲ့ အကျိုးဆက်ပဲ။ ဒီသားရဲတွေက တစ်ခါတလေ သခင်ကိုအနိုင်ကျင့်ဖို့တောင် ရန်ဘက်သားရဲတွေဘက်ပါသွားတတ်ကြသေးတာ။”

ရုတ်တရက် ရွှေရောင်ဟက်စကီးခွေးက ပြေးလွှားနေရာမှ ရပ်တန့်လိုက်သည်။ သူ့မျက်ခုံးများကို ပင့်လိုက်ကာ ရှေ့ကိုဆက်မသွားပဲ သူ့ရှေ့တွင်ရှိနေသည့် မိုက်မိုက်ကန်းကန်းပုံစံဖြင့် ငွေလရောင်ဝံပုလွေကြီးကို ငေးကြည့်နေခဲ့သည်။

၎င်း၏ငွေရောင်အမွေးအမျှင်များမှာ အရည်လဲ့နေကာ သူ့အကြည့်များက တစ်ဖက်သူကို

စာစဉ် ၂

ကျောရိုးထဲအထိအေးစိမ့်သွားစေနိုင်သည်။ ငွေလရောင်ဝံပုလွေက မြေပြင်ကိုကုတ်ခြစ်ကာ ဟိန်းဟောက်လိုက်သည်။

“ဝုဖ်၊ ဝုဖ်၊....ဝုဖ်, အူး?” ရွှေရောင်ဟက်စကီးခွေးကလဲ ရန်သူပုံစံအတိုင်းတုပရန် ကြိုးစားလို့နေသည်။ ငွေလရောင်ဝံပုလွေက ရှေ့သို့ဖြည်းဖြည်းချင်းဆက်လက်တိုးလာကာ သူ့လက်သည်းများကို ပင့်မြှောက်လိုက်သည်။ သူ့လက်ကိုပြန်ချလိုက်ချိန်တွင်တော့ ဘာကြောင်းကြောင့်ရယ်မသိ ရွှေရောင်ဟက်စကီးခွေး၏ခေါင်းပေါ်သို့ ကြီးမားသည့် ဖိအားကြီးရောက်လာကာ မြေပြင်ပေါ်သို့ ခေါင်းစိုက်သွားရတော့သည်။

ရွှေရောင်ဟက်စကီးခွေးကလဲ ပြန်လည်တွန်းလှန်ရန်ကြိုးစားခြင်းမပြုဘဲ သနားစရာကောင်းသည့်အကြည့်များဖြင့် မြေပြင်ထက်တွင်လဲလျောင်းလို့နေလိုက်တော့သည်။

## စာစဉ် ၂

ယခုလေ့ကျင့်ရေး၌ အဖွဲ့၁၀တွင် လူ၃ယောက်သာ ကျရှုံးခဲ့သည်။ ထိုသုံးယောက်မှာ နည်းပြများ၏တစ်ဦးချင်းလေ့ကျင့်မှုကို ခံယူရန်အတွက် ဘေးဘက်သို့ခေါ်ဆောင်သွားခြင်းခံလိုက်ရသည်။ ကျန်သည့်၃၅ယောက်သည်တော့ ဒုတိယအဆင့်လေ့ကျင့်ရေးသို့ ဆက်လက်တက်လှမ်းလို့သွားသည်။

လေ့ကျင့်မှုမစတင်မီ နည်းပြကျန့်ရန်ပိုင်က အုတ်နီတစ်ခဲကိုယူကာ ကျောက်တုံးပလက်ဖောင်းပေါ်သို့ တင်လိုက်သည်။

ထို့နောက် သူက သူ့ကိုယ်ပိုင်ငွေလရောင်ဝံပုလွေကို ထိုကျောက်ခဲအားထုခွဲတိုက်ခိုက်ရန် စတင်ညွှန်ကြားလိုက်သည်။

ငွေလရောင်ဝံပုလွေက နည်းပြကိုတစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် ခြေလှမ်းအနည်းငယ်နောက်ဆုတ်လိုက်သည်။ ထို့နောက် သူ့ခန္ဓာကိုယ်ကို အရှိန်ယူပြင်ဆင်သည့် သဘောဖြင့် ဝပ်လိုက်ကာ ရုတ်တရက်ဆိုသလို

## စာစဉ် ၂

အားသုံးပြီးပြေးတက်လိုက်ပုံက ငွေရောင်ပုံရိပ်လေးတစ်ခုကိုတောင် ကျန်ရစ်သွားခဲ့စေသလိုပင်။

သူက ကျောက်တုံးပလက်ဖောင်းနားမရောက်ခင်မှာပဲ ရုတ်တရက်လေထဲသို့ ခုန်ပျံတက်ကာ ခန္ဓာကိုယ်ကို အားပြင်းပြင်းဖြင့်လှည့်လိုက်သည်။ ထို့နောက် သူ၏ငွေဖြူရောင်အမြီးက သတ္တုနှင်တံတစ်ချောင်းပမာ ရုတ်တရက် ခုတ်ချလိုက်သည်က အားပြင်းလွန်း၍ လေကိုဖြတ်တောက်သည့် အသံပင်ထွက်ပေါ်လို့လာခဲ့သည်။

ဝုစ်!!

အမြီးသည် ချက်ချင်းဆိုသလိုပင် အုတ်ခဲကိုရိုက်မိသွားကာ ကျယ်လောင်သည့်အသံတစ်သံနှင့်အတူ အုတ်ခဲသည်လဲ အစိတ်စိတ်အမွှာမွှာကွဲကြေသွားတော့သည်။

## စာစဉ် ၂

ထိုအုတ်ခဲအကျိုးအပဲ့စများသည် မြေပေါ်သို့ပြန်မကျခင် ၁၀မီတာမကသော အကွာအဝေးအထိကိုလွင့်စင်လို့သွားသေးသည်။ ငွေလရောင်ဝံပုလွေသည် အရှိန်အဟုန်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်တာကြောင့် မြေပြင်ပေါ်သို့ တည်တည်ငြိမ်ငြိမ်ပြန်ရပ်ဖို့ရန် မီတာအနည်းငယ်အထိ ရှေ့သို့ရောက်သွားခဲ့သည်။ သူ၏ထက်ရှသည့်လက်သည်းများက ကွန်ကရစ်ကြမ်းပြင်ပေါ်တွင် အဖြူရောင်အဆင်းကြောင်းရှည်ကြီးများ ကျန်ရစ်လို့သွားစေသည်။

“သေချာလေ့ကျင့်ထားတဲ့ အထူးတပ်ဖွဲ့ဝင်စစ်သားတစ်ယောက်က လက်နက်မဲ့နေတဲ့အခြေအနေမှာတောင် လေ့ကျင့်ထားခြင်းမရှိတဲ့အရွယ်ရောက်ပြီးတဲ့ လူအများကြီးကို အလွယ်လေးတိုက်ခိုက်အနိုင်ယူနိုင်တယ်။ မြေအနေအထားပေါ် အားသာချက်ယူပြီးတစ်ဖက်က တိုက်ခိုက်လာရင်တောင်

## စာစဉ် ၂

စစ်သားတစ်ယောက်က မလေ့ကျင့်ထားဖူးတဲ့ လူကြီး၁ဝယောက်ကို သတ်ပစ်နိုင်တယ်။ သားရဲတွေကလဲ အတူတူပဲ! အထူးလေ့ကျင့်ခြင်းခံထားရတဲ့သားရဲနဲ့ မလေ့ကျင့်ထားတဲ့သားရဲတွေကြားက ကွာခြားချက်က အရမ်းကိုကြီးမားတယ်။"

"အစပိုင်း ဒီငွေလရောင်ဝံပုလွေကို ငါစခေါ်လာတုန်းကလဲ သူက သာမာန်ခွေးပေါက်လေးလိုပဲ။" ကျန့်ရန်ပိုင်က စကားပြောနေရင်း ငွေလရောင်ဝံပုလွေ၏ခေါင်းကို ပုတ်ပေးလိုက်ကာ မျက်လုံးများကလဲ ပျော်ရွှင်ကြည်နူးမှုများဖြင့် ကွေးညွတ်လို့သွားသည်။ "ငွေလရောင်ဝံပုလွေရဲ့ခွန်အားက သူ့အမျိုးပေါ်မူတည်တာမဟုတ်ဘူး။ ဒါပေမယ့် လပေါင်းများစွာလေ့ကျင့်မှုပြီးတဲ့နောက်မှာတော့ သူ့အမျိုးကလဲ သန်မာလာတယ်။ သူ့အမျိုးရဲ့လှုပ်ရှားနိုင်မှုတွေက ပိုမြန်ဆန်ပြီး ပြင်းထန်လာတယ်။ ဒါကပဲ သူ့သွားနဲ့လက်သည်းကို သုံးတာထက်

## စာစဉ် ၂

နောက်ထပ်နည်းလမ်းတစ်ခု တိုးသွားစေတာပေါ့။

ငါ့ရဲ့လေ့ကျင့်မှုနည်းလမ်းကတော့ ပိုမိုကွဲပြားတဲ့နည်းလမ်းတွေနဲ့

တိုက်ခိုက်နိုင်တဲ့နည်းလမ်းတွေ တိုးပွားစေဖို့ပဲ။ တခြားထက်

သားရဲရဲ့ခွန်အားကို မြှင့်တင်စေနိုင်တဲ့နည်းလမ်းလဲ ရှိတယ်။”

ဒါကိုပြောပြီးတဲ့နောက် ကျန့်ရန်ပိုင်ကအနီးနားကအဖွဲ့ရဲ့ နည်းပြဘက်ကိုလှည့်လိုက်ပြီး ပြုံးဖြဲဖြဲလုပ်ကာ ပြောလိုက်သည်, “ လီ, မင်းရဲ့ငွေလရောင်ဝံပုလွေနဲ့ သူတို့ကို တခြားနည်းလမ်းလေးတွေပြပေးပါလား?”

ထိုနေရာတွင် တခြားကျစ်လစ်ပြီး အသားညိုတဲ့စစ်သားတစ်ယောက်ရှိတယ်။ သူကကိုယ်ပိုင်သားရဲကို ကြည့်လိုက်ပြီး ကျန့်ရန်ပိုင်ကိုကြည့်လိုက်ကာ ရိုးရိုးတန်းတန်းနဲ့ခေါင်းကိုညိတ်ပြလိုက်သည်။ သူကမှောင်ဆန်ဆန်ပဲ နေရာအနှံ့မှကျောက်အပိုင်းအစများကို လေထဲသို့ မြှင့်အောင်ပစ်တင်လိုက်သည်၊

## စာစဉ် ၂

ငွေလရောင်ဝံပုလွေက သူ့နောက်တွင်ပျင်းရိစွာနှင့် သူ့မျက်လုံးများကို သူ့ခေါင်းပေါ်က ထိုကျောက်တုံးများ အပေါ်တွင်သာထားကာကြည့်နေသည်၊ ၎င်းက သွယ်လျသောသူ့ရဲ့ ခြေထောက်များကို ကွေးကာလေထဲသို့ခုန်လိုက်သည်၊

ခေါင်းကို လွှဲယမ်းလိုက်ကာ မေးရိုးကိုဆတ်ခနဲလှုပ်ရှားလိုက်၍ ကြည်လင်ပြတ်သားသည့် သွားကြိတ်သံတကျွတ်ကျွတ်က လေထဲတွင်ပျံ့နှံ့သွားသည်၊ သူက မြေပေါ်ကိုဆင်းသက် ရင်းပါးစပ်ကိုဟလိုက်သည်၊ ကြေမွနေသော ကျောက်အပိုင်းအစများနှင့် အကျိုးအပဲ့အစ အနများသည် မြေပြင်ပေါ်သို့ပြုတ်ကျလာသည်၊

ဘယ်လောက်တောင်
ကြောက်ဖို့ကောင်းပြီးသန်မာတဲ့ကိုက်ချက်ကြီးလဲ!

ကောင်းဖန်ရဲ့ သူငယ်အိမ်များက ကျုံ့သွားသည်၊ ဒါကလမ်းခင်းတဲ့ကျောက်ခဲဖြစ်ပြီး တခြား သာမန်ကျောက်ခဲတွေနှင့်မတူပေ၊ လမ်းခင်းကျောက်တွေက လွယ်ကူစွာဖျက်စီး နိုင်တဲ့သာမန်ကျောက်မဟုတ်ဘဲ ပိုခက်ခဲသည်၊ ဒါကို

## စာစဉ် ၂

လွယ်လွယ်ကူကူချိုးဖဲ့နိုင်ခြင်းက ဒီဝံပုလွေရဲ့ကိုက်ချက်တစ်ချက်က လူနှစ်ယောက်လောက်ကို အလွယ်တကူပင်ကိုက် ဖြတ်နိုင်သည်၊

ဒီလိုကြောက်ဖို့ကောင်းပြီး သန်မာတဲ့ကိုက်ချက်ကြီးက အံ့ဩစရာကောင်းလောက်အောင် ပင်သန်မာသည်။

“ဒါက ငါတို့အတွက် လက်တွေ့သရုပ်ပြခြင်းဘဲ၊ ဘာကမင်းတို့ရဲ့ ကိုယ်ပိုင်လေ့ကျင့်မှုဖြစ်လာနိုင်မလဲ၊” ကျန့်ရန်ပိုင်စကားပြန်စလိုက်တယ်, “ ဒါပေမယ့် မင်းတို့မစခင်မှာ လွယ်ကူတဲ့ပစ္စည်းတွေကိုသုံးဖို့ အကြံပြုချင်တယ်၊ အဲ့ဒီအစား သန်မာတဲ့ကိုက်ချက်အတွက်လေ့ကျင့်ချင်ရင် အစွမ်းသတ္တိကို တဖြည်းဖြည်းတိုးမြှင့်ခြင်းမလုပ်ခင်မှာ သစ်သားဘုတ်တွေကိုရွေးချယ်ပြီး လုပ်သင့်တယ်၊ မင်းတို့ အစားအစာပမာဏအများအပြားနဲ့ဆေးကုစားမှုတွေကိုပါ လေ့ကျင့်မှုရဲ့ထိရောက်မှုအရမ်းမြင့်တဲ့အချိန်အတွက် ပြင်ဆင်ထားသင့်တယ်။”

စကားပြောပြီးတဲ့နောက် ကျန့်ရန်ပိုင်ကထရပ်ကားထဲက ပြောက်ကျားကုတ်ကို ညွှန်ပြလိုက်သည်၊ ထရပ်ကားပေါ်မှာ

## စာစဉ် ၂

စစ်သားတွေက ကိုယ်ပိုင်သားရဲတွေကို ချိတ်ပိတ်ထားတဲ့ သစ်သားသေတ္တာများကိုယူလာရန် အမိန့်ပေးလိုက်သည်။

သစ်သားသေတ္တာများကိုသယ်ဆောင်သူများသည် နီညိုရောင်အမွေးရှိသောမျောက်ကဲ့သို့ သားရဲများပင်ဖြစ်သည်၊ သူတို့၏ခေါင်းပေါ်မှ အမွေးများသည် အနီရောင်တောက်ပနေပြီး ရုပ်ထွေးသောပုံစံကွက်များသည် သူတို့မျက်နှာပေါ်တွင်ဖြတ်ထားသည်။ ထိုမျောက်များသည် ငါးပေပတ်လည်ရှည်လျားပြီး မယုံနိုင်လောက်အောင်သန်မာသည်။ သစ်သားသေတ္တာများကိုအလွယ်တကူသယ်ဆောင်လာကြသည်။

“ဒီသစ်သားသေတ္တာတွေက မင်းတို့ရဲ့လေ့ကျင့်ရေးပစ္စည်းတွေဘဲ။ ငါအဖွဲ့၁၀ထဲက အဖွဲ့ဝင်တချို့ကို ငါတို့ရဲ့လေ့ကျင့်ရေးပစ္စည်းတွေကို လာယူစေချင်တယ်။”

ကောင်လေးအချို့က စိတ်အားထက်သန်စွာဖြင့် သူတို့ရဲ့လက်တွေကို မြှောက်လိုက်ကြပြီး ဒါကသူတို့တာဝန်ထမ်းဆောင်နိုင်ရန် ဂုဏ်အရှိဆုံးအလုပ်ဖြစ်သည်။

## စာစဉ် ၂

ကောင်းဖန်သည် ပြောင်ပြောင်တင်းတင်းနှင့်ပင် ပြောက်ကြားကုတ်ဖြင့်ဖုံးကွယ်ထားသော ထရပ်ကားပေါ်မှ သစ်သားသေတ္တာသယ်ဆောင်နေသော သားရဲများပေါ်တွင်သာ အာရုံ စိုက်ထားသည်။ သေတ္တာများကိုသယ်ဆောင်ပြီးနောက် စစ်သားအနည်းငယ်သည်မျောက်များကိုဆုချရန် နတ်ဆိုးငရုတ်သီးအနည်းငယ်ကို ယူဆောင်လာကြသည်၊ မျောက်များက နတ်ဆိုးငရုတ်သီးများကို စိတ်လှုပ်ရှားစွာနှင့်ယူကာ စတင်ကာပြင်းပြင်းထန်ထန်ကိုက်ဝါး ကြတော့သည်။

ကပ်ဆိုးကြီးပြီးနောက်ပေါ်လာသော နတ်ဆိုးငရုတ်သီးများသည် မျှော်လင့်ထားသည့် အတိုင်းမျောက်များ၏မျက်နှာသည် မီးလောင်သကဲ့သို့နီရဲလာပြီး သူတို့၏အောက်ခြေမှ စကာနီရဲလာသည်။ သူတို့ရဲ့ပါးစပ်တွေကိုကျယ်ကျယ်ဟထားပြီး သူတို့ခေါင်းပေါ်ရှိ အနီရောင်တောက်ပနေသော အမွေးများသည် ထိုနေရာတွင်အဆုံးသတ်သည်။ သူတို့ ခေါင်းပေါ်ရှိ တောက်ပနေသောမီးတောက်က သူတို့ခေါင်းပေါ်တွင်ရှိနေသကဲ့သို့ပင်ဖြစ် သည်။

## စာစဉ် ၂

ကောင်းဖန် တာ့ဇီကိုပြန်ကြည့်လိုက်သည်၊ တာ့ဇီရဲ့ဘယ်ဧရိယာကို သန်မာစေဖို့ လိုအပ်လဲ?

အမြန်နှုန်း? ကင်းခြေများရဲ့ အရှိန်ကအစကတည်းက နှေးကွေးတာမဟုတ်ပေ၊ သူတာ့ဇီရဲ့ အရှိန်ကိုမြှင့်တင်ရန်ရွေးချယ်ပြီး သူ့အရှိန်ကို အထူးပြုလေ့ကျင့်ပေးမည်,ဒါပေမယ့် အမြန်နှုန်းက လေ့ကျင့်ရန်အခက်ခဲဆုံးပင်ဖြစ်သည်၊

တိုက်ခိုက်ခြင်း? ဒါကတော့အလုပ် လုပ်ကောင်းလုပ်နိုင်မယ်၊ တာ့ဇီရဲ့ အစွယ်တွေက ကျားစွယ်ကဲ့သို့ပင် ချွန်ထက်ပြီး သူ့ရဲ့ကိုက်နိုင်စွမ်းကလည်းအားမနည်းပေ၊ ၎င်း၏ ပါးစပ်အတွင်းဖမ်းမိသော အကောင်များမှာ လွတ်ရန်ခက်ခဲသည်၊ ဒါမှမဟုတ် တာ့ဇီရဲ့ ခြေသည်းလက်သည်းခြေဆံလက်ဆံများ၏ ထိုးဖောက်နိုင်စွမ်းနှင့် ထိုအရာကိုအသုံးပြု၍ သေစေနိုင်လောက်အောင် တိုးမြှင့်ပေးမည်၊ ဒါပေမယ့်ဒါက မလိုအပ်တဲ့လှုပ်ရှားမှုလို့ ထင်သည်။ အဆင့်တက်ပြီးနောက်, တာ့ဇီက လျှပ်စီးစွမ်းအင်တွင် ဖွံ့ဖြိုးလာပြီဖြစ်သည်၊ အုပ်ချုပ်သူအဆင့်သားရဲ မြှင့်တင်ပြီးနောက် ၎င်းရဲ့စွမ်းအင်များကိုပြင်ပသို့ဖြန့်ကျက်နိုင်သည်၊ လျှပ်စီးမှအပ တာ့ဇီကအဆိပ်စွမ်းရည်ကိုလည်းပိုင်ဆိုင်ထားသည်၊

## စာစဉ် ၂

ၔင်းရဲ့သေစေနိုင်တဲ့အဆိပ်က ၔင်းရဲ့ခေါ်းလိုမျိုးခြေချောင်းတွေလိုမဟုတ်, ကတ်ကြေးများနှင့်တူသော အစွယ်များလိုမဟုတ်ဘဲ ၔင်းကသေစေနိုင်သောအဆိပ်ဖြစ်သည်၊ သူရဲ့ပြင်းထန်တဲ့အဆိပ်ကိုမြှင့်တင်ပေးခြင်းသည် အမှန်ပင်အကောင်းဆုံးရွေးချယ်မှုပင်ဖြစ်ပေမယ့် အဆိပ်အာနိသင်နှင့်ပတ်သတ်သည့်အရာများနှင့် ကောင်းဖန်သည်ၔင်းကိုမည်သို့တိုးမြှင့် ရန် လုပ်ဆောင်နိုင်သည်ကိုမသိပါ။

ကာကွယ်ရေး? မာသောအခွံများပိုင်ဆိုင်ခြင်းဖြင့် ခုခံကာကွယ်မှုသည်လည်း တဇ္ဇီ၏အား နည်းတဲ့အပိုင်းမဟုတ်ရပါ။ အကြေးခွံရှိသော သားရဲများမှာ ကြမ်းကြုတ်သောသားရဲကြီးများထက်ပို၍သန်မာသော ခုခံကာကွယ်မှုရှိသည်၊

ကောင်းဖန်နည်းနည်း ဒုက္ခရောက်နေသလိုပင် ခံစားလိုက်ရပြီး ဘယ်ကနေစလိုက်ရမယ် မှန်းမသိတော့ပါ။

***

စာစဉ် ၂

## *အခန်း ၃၂ ချေးထွက်များမှ သွေးထွက်နည်းမယ်*

ငါဒီလမ်းကြောင်းအတိုင်းသာ ဆက်တွေးသွားရင် ငါ့သားရဲက လုံးဝအပြစ်အနာအဆာကင်းပြီး ပြီးပြည့်စုံနိုင်လောက်တယ်။

ကောင်းဖန် အလေးအနက်တွေးတောဆင်ခြင်နေခဲ့သည်။

သနားစရာကောင်းသည်မှာ သူက တွေးရုံသာတွေးနေနိုင်ခြင်းဖြစ်သည်။ သူ တာ့ဇီ၏ချို့ယွင်းချက်များကို အလေးအနက်ထားစဉ်းစားကြည့်တဲ့အခါမှာတော့ တာ့ဇီက ပြီးပြည့်စုံနေတဲ့သူမဟုတ်မှန်း ပြန်အမှတ်ရသွားတော့သည်။

ပထမဆုံးအနေနဲ့ သူကမပြန်နိုင်သလို ကောင်းကင်လေထုထဲတွင် ထိန်းချုပ်နိုင်စွမ်းလဲ မရှိပေ။ သူ့ပြိုင်ကဘက်ကသာ ပျံသန်းသည့်စွမ်းရည် ဒါမှမဟုတ် အဝေးမှတိုက်ခိုက်သည့်စွမ်းရည်ရှိနေပါက သူကသာ ပစ်မှတ်ဖြစ်သွားပေမည်။

စာစဉ် ၂

နောက်ပြီးတော့ သူက ရေထဲမှာလဲ တိုက်ခိုက်နိုင်တဲ့သူမဟုတ်ပြန်ဘူး။ ရေထဲမှာသာဆို သူရဲ့လှုပ်ရှားနိုင်စွမ်းကော အရှိန်နှုန်းကပါ သိသိသာသာလျော့ကျသွားမည့်အပြင် ရေနစ်ပြီးတောင် သေနိုင်တယ်။

နောက်ဆုံးအချက်အနေနဲ့ကတော့ ကောင်းဖန်က သူ့သားရဲမှာ အပြစ်အနာအဆာမရှိဘူးလို့ ပြောလိုက်တာက တာ့ဇီသည် သန်မာလွန်းတယ်လိုဆိုလိုတာထက် အားမပျော့ဘူးလို့ ပြောချင်ခြင်းဖြစ်သည်။ တခြားသော သီးခြားသာလွန်သည့်စွမ်းရည်ရှိသော သားရဲများနှင့်ယှဉ်လျှင်တော့ ဒါက မပြောပလောက်တော့ပေ။

လက်ရှိတာဝန်၏အဓိကသော့ချက်ကတော့ ကာကွယ်နိုင်စွမ်းကို မြှင့်တင်ဖို့ပဲလို့ ကောင်းဖန် အတွေးများကို ပြန်ချုံ့လိုက်တယ်။

# စာစဉ် ၂

ကိုယ့်ကိုကိုယ်ကာကွယ်နိုင်စွမ်းတိုးမြှင့်ဖို့ကလဲ အရေးပါတဲ့အခန်းကဏ္ဍတစ်ခုပါပဲ။ သူတို့ချင်း သွေးစာချုပ်ချုပ်ဆိုထားပြီးမှတော့ ကောင်းဖန်ဖြစ်သမျှ ဒဏ်ရာများကို တာ့ဇီထံသို့ ကူးပြောင်းပေးလိုက်နိုင်သည်။ ကာကွယ်နိုင်စွမ်းသာမမြင့်ထားပါက သူ တာ့ဇီဆီသို့ တိုက်ခိုက်ခံရမှုတစ်ခေါက်လောက်ကို လွှဲပြောင်းလိုက်သည်နှင့် တာ့ဇီခံနိုင်ရည်ရှိတော့မည်မဟုတ်ပေ။

တာ့ဇီ၏ဦးခေါင်းပိုင်းသည် အားနည်းချက်ဖြစ်သည်။ ကောင်းဖန် တိုက်ပွဲမှတ်တမ်းအချို့ကိုပြန်လည်စမ်းစစ်ပြီးနောက် တစ်ပွဲကတော့ သူ့ကိုအထင်ကြီးသွားစေခဲ့သည်။ ၎င်းကတော့ ကင်းခြေများသားရဲနှင့် ကင်းမြီးကောက်သားရဲတို့ တိုက်ခိုက်ကြသည့်ပွဲပင်ဖြစ်သည်။

သားရဲနှစ်ကောင်လုံး၏ အဆင့်ရော အဆင့်အတန်းကပါ တူညီခဲ့ကြသည်။ တိုက်ပွဲဖြစ်နေစဉ်အချိန်မှာတော့ ကင်းခြေများက

## စာစဉ် ၂

အမျိုးမျိုးပုံစံပြောင်းနေကာ ကင်းမြီးကောက်ကို စနောက်နေပြီးကာမှ နောက်ဆုံးတိုက်ကွက်တစ်ခုဖြင့် တိုက်ခိုက်လိုက်သည်။ ထိုစက္ကန့်ပိုင်းလေးတွင်ပဲ ကင်းမြီးကောက်က သူ့လက်သည်းများကို အလင်းအလျင်တစ်မျှဝှေ့ယမ်းလိုက်ကာ ကင်းခြေများ၏ခေါင်းကို တိကျသေသပ်စွာ ပိုင်းဖြတ်လိုက်သည်။

အက်ကွဲသံတစ်သံနှင့်အတူ အဖြူရောင်ဦးဏှောက်ရည်များနှင့် နီရဲရဲသွေးများက မြေပြင်တစ်ခွင်ပျံ့ကျဲသွားကာ ခေါင်းပြတ်နေသည့် ကင်းခြေများ၏ ခန္ဓာကိုယ်မှာလဲ မြေပြင်ထက်တွင် ဆန့်ငင်ဆန့်ငင်ဖြစ်နေတော့သည်။

ဒီဗီဒီယိုက ကောင်းဖန်ကို တော်တော်လေးစွဲသွားစေသည်။ ဒါက သားရဲများ၏လျှောင်အိမ်ထဲမှတိုက်ပွဲတစ်ခုဖြစ်ကာ တစ်ကောင်မဟုတ်တစ်ကောင်မသေပါဘဲနဲ့

## စာစဉ် ၂

လွှတ်မြောက်ဖို့နည်းလမ်းမရှိပေ။ နောက်ဆုံးမှာတော့ ကင်းခြေများကသာ ပြီးပြည့်စုံသည့်အောင်နိုင်သူဖြစ်သွားခဲ့သည်။

ကင်းမြီးကောက်များတွင်လဲ မာကြောသည့်ချပ်ဝတ်လိုမျိုး အကြေးခွံများရှိသည့်အပြင် အပြင်းထန်ဆုံးသော အဆိပ်နှင့် ကိုယ်ခံစွမ်းအားကလဲ မြင့်မားသည်။ ကင်းမြီးကောက်တစ်ကောင်နှင့် ရင်ဆိုင်တိုက်ခိုက်သည့်အခါတွင်တော့ ကင်းခြေများ၏တိုက်ခိုက်မှုများမှာ သူ့အတွက် အချည်းအနှီးဖြစ်လို့သွားတော့သည်။

ဆန့်ကျင့်ဘက်အနေနဲ့ ကင်းမြီးကောက်၏လေးလံသည့်ခြေသည်းများသည် ပြိုင်ဘက်၏ခုခံကာကွယ်မှုကို အများဆုံးဖျက်ဆီးပစ်နိုင်ပေသည်။

ဒီလိုတူညီသည့်တိုက်ပွဲအချို့တွင် တခါတရံ ကင်းခြေများဘက်ကလဲ နိုင်တတ်သည်။ သို့ပေမည့် သူတို့အနိုင်ရရှိရသည့် အကြောင်းအရင်းအများစုကတော့ သူတို့ခေါင်းကို

စာစဉ် ၂

သူတို့ကာကွယ်နိုင်ခဲ့ခြင်းကြောင့်ပင်။ သူတို့ရဲ့မာကြောလှတဲ့ ခန္ဓာကိုယ်ကို ဘယ်လောက်ပဲ တိုက်ခိုက်ခံနေရပါစေ သူတို့ခေါင်းကို သေချာကာကွယ်ထားနိုင်နေသ၍ ကင်းခြေများတို့၏ အဓိကတိုက်ခိုက်နိုင်စွမ်းက ကျန်ရှိနေစဲဖြစ်သည်။

ဒါပေမယ့်... ခုခံကာကွယ်နိုင်စွမ်းကို ငါဘယ်လိုတိုးတက်အောင်လုပ်ရမလဲ? ကောင်းဖန် ထိုအကြောင်းကိုသာ ထပ်ခါထပ်ခါတွေးနေမိသည်။

အမွေးအမျှင်မရှိသည့် သန္ဓေပြောင်းမျောက်ဝံဖြစ်သည့် ဘောက်ဇင်းမျောက်ဝံဟုခေါ်သော သားရဲအကြောင်းကို ကောင်းဖန် ရုတ်တရက်သတိရသွားသည်။ ထိုမျောက်ဝံက အလွန်ရန်လိုတတ်သည့်အမျိုးအစားဖြစ်သည်။

ဒါပေမယ့်လဲ သူ့ရဲ့ပါးလွှာသည့်အမွေးအမျှင်တို့က သူ့ကိုယ်သူကာကွယ်နိုင်စွမ်းအများကြီးမဖြစ်ပေးနိုင်ပေ။ ဒါကြောင့်ပဲ

## စာစဉ် ၂

သူမွေးပြီးမကြာခင်တွင်ပဲ ဘောက်ဇင်းဝက်ဝံသည် သူ့ခန္ဓာကိုယ်ကို သစ်ပင်နှင့်ဆက်တိုက် ဝင်တိုက်ခိုင်းသည့် ပြင်းထန်သည့်လေ့ကျင့်မှုမျိုး သူ့မိဘများ၏လေ့ကျင့်ပေးမှုကိုခံကြရသည်။ အစပိုင်းတွင်တော့ သူ့ရဲ့ချောမွေ့သည့်အရေပြားက ဒဏ်ရာများကြောင့်ကွဲပြဲကုန်ကြသော်လည်း ထိုမျောက်ဝံက သူ့ဒဏ်ရာများပြန်ကျက်သွားအောင် အစားအစာများစွာစားသောက်ကြသည်။

ဒဏ်ရာများပြန်ပျောက်သွားသည့် အသားအရေမှာ ပိုလို့မာကြောလာခဲ့ပြီး ဘောက်ဇင်းမျောက်ဝံကလဲ ထိုသို့အပြုအမူမျိုးကိုသာ ထပ်ခါထပ်ခါ ဆက်လက်ပြုလုပ်သည်။ သစ်ပင်နှင့်ဝင်တိုက်ခြင်းက သူတို့ကို သိပ်မနာကျင်စေတော့သည့်အချိန်တွင်တော့ ကျောက်တုံးတို့ ကမ်းပါးတို့နှင့်ဝင်တိုက်ကြသည်။

## စာစဉ် ၂

ဘောက်ဇင်းမျောက်ဝံကြီးပြင်းလာချိန်တွင်တော့ သူ့ရဲ့ကြီးမားထူထဲသည့်ကြွက်သွားနှင့်အမာရွတ်များက ဒိုင်းတစ်ခုလိုဖြစ်တည်သွားတော့သည်။ ထို့နောက်တွင်တော့ သူတို့အနေနှင့် ကမ်းပါးနှင့်ဝင်ဆောင့်လျှင်တောင်မှ ဒဏ်ရာမရနိုင်ကြတော့ပေ။

ဒါကြောင့် သူတို့က အားကောင်းသန်ကာ သန်မာသည့် ရန်သူများ သို့မဟုတ် သားကောင်များကို အမဲလိုက်ရင်း သူတို့ကိုယ်သူတို့ ပိုလို့သန်မာအောင် ပြုလုပ်ကြသည်။

ရှေးဟောင်းသစ်တော သုတေသီအဖွဲ့တစ်ဖွဲ့သည် ဘောက်ဇင်းမျောက်ဝံနှင့် အုပ်ချုပ်သူအဆင့်သားရဲတို့ ရင်ဆိုင်တိုက်ခိုက်နေသည်ကို မျက်မြင်တွေ့ဖူးခဲ့ကြသည်။ ဘောက်ဇင်းမျောက်ဝံသည် ဖမီတာကျော်မြင့်မားကာ သူ၏မွေးအမျှင်တွေကတော့ မီးခိုးရောင်မျိုးဖြစ်သည်။ ၎င်းက

## စာစဉ် ၂

အုပ်ချုပ်သူအဆင့်သားရဲကို အသားတုံးတစ်ခုလိုမျိုး ဆွဲဖြဲပစ်ခဲ့သည်။ ဘောက်ဇင်းမျောက်ဝံက သုတေသီအဖွဲ့ကို သတိပြုမိခဲ့သော်လည်း လူသားများမှာ အားနည်းကြတာကြောင့် လျစ်လျူရှုသွားခဲ့သည်။ ထိုသတင်းသည် ထွက်လာသည့်အချိန်က ကောင်းဖန်ကိုလဲ အံ့အားသင့်သွားစေခဲ့သည်။

သားရဲ၏ ပြန်လည်ကုစားမှုနှုန်းမြင့်မားခြင်းဆိုသည်မှာ ခက်ခဲသောလေ့ကျင့်မှုအတွင်း သူတို့ကိုယ်တိုင်လျင်မြန်စွာ ကုသပြီး သူတို့သန်မာလာအောင် လှုံ့ဆော်ပေးနိုင်ခြင်းဖြစ်သည်။

ပိုင်ရှင်၏အကြည့်များကြောင့် တဒ္ဓဇီက တစ်ခုခုမှားနေမှန်းခံစားမိလိုက်ကာ ချက်ချင်းဘေးသို့ရွှေ့သွားသည်။

“ငြိမ်ငြိမ်နေ” ကောင်းဖန် သက်ပြင်းချလိုက်ပြီး, တဒ္ဓဇီရဲ့ခေါင်းကိုပုတ်လိုက်သည်၊ “ငါက မင်းအတွက်လုပ်ပေးနေတာပါ၊ မိနစ်ပိုင်းလောက် ဒုက္ခခံလိုက်တာက တစ်ဘဝစာလုံး ဒုက္ခခံနေရမှာထက်တော့ သာပါတယ်။”

## စာစဉ် ၂

“အခုချိန် ချွေးထွက်များထားမှာ နောင်တစ်ချိန်ကျရင် သွေးမထွက်တော့မှာ။” ကောင်းဖန်ဖျောင်းဖျလိုက်သည်။

တာ့ဇီက သူ့ခေါင်းကိုမြှင့်လိုက်သည်၊ ထိုစကားလုံးတွေက သူ့အတွက်အလွန်ရှုပ်ထွေးလွန်းသည်၊ သွေးနှင့်ချွေးတို့သည် ၎င်း၏စကားအချက်အလက်များထဲတွင်မရှိပါချေ။

၎င်းက ဗလာမျက်လုံးများနဲ့သူ့ရဲ့ပိုင်ရှင်ကိုကြည့်နေသည်၊ သူ့နှဖူးပေါ်ကဦးမျှင်နှစ်ခုက လွဲယမ်းနေသည်။

သစ်သားသေတ္တာထဲတွင် သစ်သားတုတစ်ချောင်းရှိနေသည်၊ ကောင်းဖန် တုကိုကိုင်လိုက်ပြီး သူ့လက် ထဲတွင်အလေးချိန်, ချိန်ကြည့်လိုက်ပြီးနောက် တာ့ဇီရဲ့ကျောခွံကို ရိုက်ကြည့်ရန် ကြိုးစားလိုက်သည်၊

သူတို့ ဂလောင် ဆိုသောအသံကိုကြားလိုက်ရသည်၊

ထိုသစ်သားတုက ပြန်ကန်ထွက်လာသည်၊ တာ့ဇီကနိုးနိုးကြားကြားနှင့် သူ့ခေါင်းကိုမြှင့် လိုက်သည်။

ကောင်းဖန်ဖျစ်ညစ်ကာ ပြုံးပြလိုက်သည်၊ “ လိမ္မာတဲ့ကောင်လေး, ငါနူးနူးညံ့ညံ့လေး လုပ်ပါမယ်၊”

## စာစဉ် ၂

ဘမ်း, နောက်ထပ်တူနှင့်ထုလိုက်သည်၊

တဲ့ဇီ ရုတ်တရက်သူ့နောက်ကျောကို ကွေးလိုက်ပြီး စိတ်ပျက်လက်ပျက်နှင့် အဝေးကို ထွက်ပြေးတော့သည်။

ပိုင်ရှင်က သူ့ကိုဒီနေ့မကြည်ဘူးလားမသိဘူး, သူတစ်ခုခုများမှားစားမိထားတာလား?

"မလှုပ်နဲ့"

တဲ့ဇီ ခါးသီးနေသောမျက်နှာဖြင့် မြေပြင်ပေါ်တွင်လှဲလိုက်သည်၊

"ဟင်း", ကောင်းဖန်ရှည်လျားစွာအသက်ရှူလိုက်သည်၊ ဒါကတော်တော်ပင်ပန်းတာပဲ၊ ငါ့လက်မောင်းတွေတောင် အဆစ်လွဲကုန်တော့မယ်။ ဒါ ငါ့သားရဲကိုလေ့ကျင့်ပေးနေတာလား ငါ့ကိုယ်ငါပြန်ပြီး လေ့ကျင့်နေတာလား?

တစ်လလောက် ဒီအတိုင်းဆက်လေ့ကျင့်ပြီးရင်တော့ တဲ့ဇီပိုပြီးသန်မာလာသလား သန်မာမလာဘူးလားဆိုတာသေချာမသိပေမယ့် သူကတော့ သံကီရင်း (နဂါးခေါင်း,သမင်ကိုယ် , ခြသေ့်အမြီးရှိအကောင်) ရဲ့လက်မောင်းလိုမျိုးသန်မာလာနိုင်တာတော့ အာမခံနိုင်တယ်။

# စာစဉ် ၂

နေ့ခင်းတစ်ချိန်လုံး တူထုပြီးတဲ့နောက်, တဲ့ဗီက အတော်အတန် မူးဝေနေပြီဖြစ်သည်, သူကလမ်းတောင် ဖြောင့်အောင်မလျှောက်နိုင်တော့ပေ၊ ကောင်းဖန်ရဲ့လက်တွေကလည်းထုံနေပြီး ခွန်အားမဲ့နေသည်။

သူအိမ်ကိုပြန်လာပြီးနောက် ကောင်းဖန်တစ်ယောက် ဒမ်ဘီအဆင့်တစ်ဆင့်တက်သွားတာကို အံ့ဩဖွယ်ရာတွေ့လိုက်ရပြီး ယခုဆိုရင် အဆင့်၁၂သို့ရောက်နေပြီဖြစ်သည်၊ သစ်ကတိုးယင်ဓာတ်ပင်များကို အချိန်ကြာမြင့်စွာသုံးခဲ့ခြင်းကြောင့် အဆင့်တက်လာသည်, ဒါက အံ့ဩစရာကောင်းတာပဲ။

အမှန်မှာတော့ ဒါကသူ့ရဲ့ကျဉ်းမြောင်းတဲ့အမြင်ဖြစ်သည်၊ အဆင့်က သားရဲရဲ့ဆင့်ကဲ ဖြစ်စဉ် အခြေအနေတွင်ခြိမ်းခြောက်နိုင်ခြင်းသာဖြစ်သည်၊ သားရဲသည်သာမန်အခြေခံ အားဖြင့် သန်မာလာလျှင် ၎င်း၏အဆင့်သည်လည်းသဘာဝအလျောက်တိုးတက်လာမည်။

ဝံပုလွေတစ်ကောင်ကအဆင့်၁မှစသည်ဆိုလျှင် သူကဆက်၍ကြီးထွားပြီးနောက်

## စာစဉ် ၂

နောက်ဆုံးတွင်အဆင့်၂၀အထိပြောင်းလဲသွားမည်ဖြစ်ပြီး အရွယ်ရောက်သော ဝံပုလွေ ဖြစ်လာသည်၊ ဒါက သဘာဝအရဖြစ်စဉ်တစ်ခုဖြစ်ပြီး အာဟာပြည့်ဝသောအစာများကို စားခြင်းသည် သူ့ရဲ့ကြီးထွားမှု အချိန်တိုစေပြီး နစ်နာစေသည်။

ဆင့်ကဲဖြစ်စဉ်ကိုချိုးဖောက်သည့်အနေနှင့် ၎င်းသည်အဆင့်၂၀အရွယ်ရာက်ဝံပုလွေ သည် အဆင့်၂၁ကလေး ဒိုင်နိုဆောအရွယ်အဖြစ်သို့ပြောင်းလဲသွားပြီး အဆင့်၄၀ ဒိုင်နို ဆောအရွယ်အထိကြီးထွားလာသည်။

၎င်းက ဥပမာတစ်ခုသာဖြစ်သော်လည်း အခြေအနေများမှာတူညီကြသည်။

နာကျင်နေသောလက်မောင်းနဲ့အတူ အိမ်သို့ပြန်လာပြီး သူ့ကိုယ်သူအိပ်ယာထဲသို့ တိုးပစ်လိုက်ပြီး ချက်ချင်းပင်အိပ်ပျော်သွားသည်။

....

မျက်စိတစ်မှိတ်အတွင်းမှာတွင် တစ်ပတ်ကုန်လွန်သွားပြီး မကြာခင်မှာအားလပ်ရက် ရောက်တော့မည်၊

## စာစဉ် ၂

လေ့ကျင့်ရေးနေ့များမှာ သိသာထင်ရှားသည့်ပြောင်းလဲမှုမျိုးကိုမမြင်ရသော်လည်း တဘ့ဇီသည် နေ့တိုင်း “နှိပ်စက်ခြင်း” ခံရပြီးသူ့ရဲ့စားချင်စိတ်များတိုးပွားလာသည်။ နေ့စဉ်လေ့ကျင့်ပေးမှုက သူ့ရဲ့အစာခြေနိုင်စွမ်းကို နှိုးဆွပေးနေပုံပင်။

အစာစားချင်စိတ်တိုးပွားလာသည်နှင့်အမျှ တဘ့ဇီ၏အရွယ်အစားသည်ကြီးလာပြီး အရင်ကထက် ၁၀စင်တီမီတာကြီးလာသည်။

သူ့အဆင့်ကတစ်ဆင့်တိုးလာပြီး အခုသူကအဆင့်၁၀သို့ရောက်ပြီဖြစ်ကာ သာမန်အဆင့်ရဲ့ထိပ်ဆုံးသို့ရောက်နေပြီဖြစ်သည်။ နောက်ထပ်တစ်ဆင့်ရောက်လျှင် ထိပ်တန်းအဆင့်သို့ရောက်ပြီဖြစ်သည်။

***

စာစဉ် ၂ ပြီး၏။